
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

ထောင့်မှုန်




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
နတ်ရွာမိုး
ထောင့်မှန် / နတ်ရွာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၁။
၁၄၀ - စာ၊ ၁၃.၅ × ၂၁စင်တီ။
(၁) နတ်ရွာမိုး



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၄၅၁၁၁၁၁၊
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၀၄၀၆၁၁၊

ထုတ်ဝေသူ
ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။


ဖြန့်ချိရေး
အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်သာလေလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊ ၅၅၂၀၀၃၊ ၅၅၂၀၀၄။
ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ (အောက်တိုဘာလ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်။

တည့်တည့်ကျလာသော
ထောင့်မှန်များ...
ငါ..ရေပြင်ညီ
ကိုးဆယ်ဒီဂရီလက်ခံသည်။
ချော်ချက်ကျလာတာတွေကတော့..
လားရာအတိုင်းပြန်ပေါ့..
ကြာနီကန်လို
မှန်စွာ..မသွေ..
ပြန်ပါလေတော့..
ပြန်..ကြ..လေ..ကုန်..သ..တည်း။
(ဟာ..ငါ့ကဗျာဟန်က
ဓမ္မမော်ဒန်ကြီး။ အဟီး)။ ။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁)

ခပ်ဆန်းဆန်း လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင် သူတို့ရပ်ကွက်ထိပ်တွင် ရှိသည်။ လမ်းမကြီးနှင့် သူတို့လမ်း၏ထောင့်ကွက်ဘေးက ကန့်ထရိုက်တိုက်တွေကြားတွင် ပြားပြားဝပ်ဝပ်ကလေး ဖွင့်ထားခြင်းဖြစ်သည်။ ပေ(၆၀)ပတ်လည် ထောင့်ကွက်ဖြစ်သဖြင့်.. အခန်းပေးအခန်းယူ တိုက်မြင့်ကြီး ဆောက်လုပ်ရန် ကန်ထရိုက်တွေ မျက်စိကျနေသောမြေကွက်ဖြစ်သည်။ မြေကွက်ပိုင်ရှင်(ဆိုင်ပိုင်ရှင်)က "မည်သည့်ကန်ထရိုက်မှ ဆွေးနွေးခွင့်မပြု" ဟု စတန်းပြူးပြူးကြီး ချိတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေကွက်တစ်ဝက်ခန့်ကို သမံတလင်းခင်း မြေစိုက်အိမ်နှင့် ဆိုင်တည်ဆောက်ထားပြီး ကျန်တစ်ဝက်ကို စားပွဲပု ခုံပုလေးတွေ စီစီညီညီ ခင်းထားသည်။ လိုအပ်သလို သစ်ပင်နှင့် ထီးကျားကြီးများနှင့် အရိပ်ရစေသည်။

ခပ်ဆန်းဆန်းဟု ဆိုရခြင်းမှာ ဆိုင်နာမည် အတည်တကျ မရှိခြင်းပင်ဖြစ်သည်။ မည်းနက်အောင် သဘော်ဆေး သုတ်ထားသော သစ်သားဘလက်ဘုတ်ကြီးက လှမြင်ကွင်း(ဆိုင်နံရံ)တွင် ကပ်ထားသည်။

မြေဖြူရောင်စုံဖြင့် ဆိုင်နာမည်အမျိုးမျိုးကို ထိုဘလက်ဘုတ်ပေါ်တွင် အခါအားလျော်စွာ တွေ့မြင်ရတတ်သည်။ မြေဖြူရောင်စုံဖြင့် ရေးခြယ်သော ပန်းချီဆန်ဆန် လက်ရေးဒီဇိုင်းလှလှကို တွေ့မြင်နိုင်သလို ကလေးလက်ရေး ကြောက်ချေးကုတ်လက်ရေးနှင့် သတ်ပုံအမှားအမှားအယွင်းယွင်းကိုလည်း မကြာခဏ တွေ့မြင်နိုင်သည်။

ဆိုင်နာမည်ပေးပုံကလည်း အလွန်ထူးခြားသည်။ ကဗျာဆန်သည်။ အတွေးအခေါ် ပါသည်။ ဟာသရသ မြောက်ချင်မြောက်နေတတ်သည်။

ဥပမာ. . . အာကာဖီး ညာကာဖီး. . တီးစင်တာ တီးတင်းကုတ် ဘာညာ လက်ဖက်ရည်ဆိုင် လုံးဝမပါ။ ကွန်မျူတာလို အဝိုင်းလက်ရေးနှင့် "အချစ်ရပ်ဝန်းဒေသ" တဲ့။ ဒါပဲ ရေးထားသည်၊ ရောင်စုံဒီဇိုင်းနှင့်။

ဘတ်စ်ကားဂိတ်၊ ဆိုက်ကားဂိတ်လည်းဖြစ်၍ မြင်သူတိုင်း





စိတ်ဝင်တစား ဖြိုးသွားကြသည်။ မမြင်သူကို လက်ညှိုးထိုး၍ လက်တို့၍ပင် ပြကြသည်အထိ ဖြစ်သည်။ သို့သော် ထိုအမည် သုံးလေးရက်သာ။ နောက်နေ့. . . "လူအုန်းခွံ" ဟူ မူလတန်းကလေးလက်ရေး မြေဖြူတစ်ကြောင်းဆွဲနှင့် ဖြစ်နေပြန်၏။

ထိုအမည် ကြာလာသောအခါ. .

"လွတ်လပ်လဟာ ကဖေး" ဖြစ်သွားပြန်သည်။

ထို့နောက်. . .

"အတ္တပြုတ်ကြော်" တဲ့။

"ပေးဆပ်ခြင်း" တဲ့။

"အကြိုထဲမှာ" တဲ့။

"အပေါ်ယံအရေပြား" တဲ့။

"ကောင်းကင်အောက်နိုက်" တဲ့။ ဌလည်း မဟုတ်။

"လျှာခင်နှင့်ဝါယော" တဲ့။

"သိသူကျော်သွား" တဲ့။

(ကဲ. . . ဆိုင်ပိုင်ရှင်နဲ့ သူ့အိုင်ဒီယာကို စိတ်မဝင်စားဘူးလား မိတ်ဆွေ)

ပိုင်ရှင်က စစ်ပြန်ကြီးတစ်ဦးဖြစ်သည်။ ခြေတစ်ဖက် ဒူးဆစ်အထက်မှ ဖြတ်ထားခံရသူဖြစ်သည်။ (သူ့ အင်မတန် ဂုဏ်ယူသော ပေးဆပ်မှုဖြစ်သည်။) စစ်စွပ်ကျယ် စစ်အကျီအဟောင်းများ (တံဆိပ်မပါ)ကိုသာ လုံချည်တိုတိုနှင့် ဝတ်တတ်သည်။ ဆေးပြင်းလိပ် မီးသေ ငုတ်တိုကို အမြဲခဲထားလေ့ရှိသော သူ့မျက်နှာပေါ်၌ ဘာခံစားနေလဲ ဆိုတာကို ဘယ်သူမှ ခွဲခြားနိုင်စွမ်း မရှိခဲ့။ ပြုံးခဲ ရယ်ခဲသည်။ ဒေါ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဟု ပြောရအောင်လည်း စားပွဲထိုး အသုံးမကျ၍ လက်ထဲ ရှိသမျှ ဇာစ်ပြုတာမ ကျကွဲတာတောင် အအော်အငေါက် မရှိ။

"ခြည့်သည်တွေ ရှမယ်၊ ပြောင်အောင်သိမ်း" (ပုံမှန်မျက်နှာနှင့် . . . ) ဒါပဲပြောသည်။ သူ့ညိုညစ်ညစ် အဆီပြန် ပွယောင်းယောင်း မျက်နှာပေါ်တွင် တစ်ခုခုများ နာကြည်းနေသလားဟု ရှာဖွေကြည့်သူများ ရှိသည်။ ဘာတစ်ခုမှ မတွေ့။ အရှင်းဆုံးပြောရလျှင် မတော်တဆ ချိုင်းထောက်နှင့် မီးဖိုနား ကပ်ရင်း မီးခဲတက်နင်းမိတာတောင် မျက်နှာပေါ်တွင် ဘာခံစားမှုမှမပြ။

စကားပြောလျှင် အနိမ့်အမြင့် သံနေသံထား အနည်းဆုံးနှင့် စကားလုံး လိုတိုရှင်းပင် ပြောသည်။ ဒဲ့ပင် ပြောသည်။ နှုတ်ခမ်းထူထူထဲက သာမန်ထက် ပိုရှည်၍ ဖွေးလက်နေသော သူ့သွားညီညီတွေကိုတော့ မြင်ဖူးသူ ရှားသည်။

(ရင်းနှီးလွန်းသော "အုပ်ထွေး" နှင့် သူတို့အုပ်စုကတော့ ထိုသွားတွေကို မြင်ဖူးကြသည်။)

ဆိုင်ရှင်နာမည်ကို "စောရန်နိုင်" ဟု သိသူများကလည်း သူတို့ အုပ်စုပင်ဖြစ်သည်။ သို့သော် အားလုံးနှုတ်ကျိုးနေသည်က "ရဲဘော်ကြီး" နှင့် "ရဲဘော်ကြီးဆိုင်" ဟူ၍သာဖြစ်သည်။ ရဲဘော်ကြီးဆိုင်တွင် သီချင်းမဖွင့်၊ တီဗွီစလောင်း မရှိ။ ဆန်းဖွာပဲ ရှိသည်။

"လန်ဒန်တစ်ပွဲ"

"ဆေးလိပ်မရောင်းဘူး . . . ဟိုမယ် ကွမ်းယာဆိုင်"

"ဘာလို့ မရောင်းတာလဲ!"

"ဆေးလိပ်သောက်ခြင်းဟာ ကျန်းမာရေးကို ဆိုးရွားစွာ





ထိခိုက်နိုင်လို့"

"ရဲဘော်ကြီးကျတော့ ဘာလို့ ဆေးပြင်းလိပ်ကြီး ခဲထားလဲ!"

"ငါမီးညှိဖွာတာ မင်းတွေ့ဖူးလား!"

မှန်သည်။ ခဲခြင်းကို စွဲနေသူသာ။ ဟုတ်ကဲ့။ လက်ဖက်ရည်ဆိုင်ဖြစ်ပြီး ဘာဆေးလိပ်မှ(စီးကရက်၊ ဖက်ကြမ်း)မရောင်းသောဆိုင် မြန်မာပြည်တွင် ဤဆိုင်သာ ရှိမည်။ သေချာသည်။ တစ်ခုရှိသေးသည်။ အဖျော်ဆရာလည်း သူပဲမို့ သောက်နေကျဖောက်သည် ဝင်လာကတည်းက ချိုဆိမ့်၊ ကျဆိမ့်၊ ချိုပေါ့၊ ကျပေါ့၊ ဂိတ်ဆုံးအကုန် သူက သိသည်။ ဖျော်နေပြီး မှာမနေရ . . . ရောက်လာမည်။

ချိုဆိမ့်သောက်နေကျလူက ပေါ့ကျပြောင်းသောက်လျှင် နောက်နေ့ ဆိုင်ပြောင်းသောက်နိုင်ကြောင်း စားပွဲထိုးလေး(ထိုသူထံ) ခပ်တိုးတိုး သတင်းပို့ပါလိမ့်မည်။ လက်ဖက်ရည်အပေါ် သစ္စာမဲ့သူဟု ရဲဘော်ကြီးက ယူဆသည်ဟု ခင်လာသောအခါ ပြောပြဖူးသည်။ သူက လူတွေကို ပေါ့ကျ . . ကျဆိမ့် . . ချိုဆိမ့်နှင့်သာ တွဲမှတ်ထားသူဖြစ်သတဲ့။ မခင်လျှင် အကြောင်းအပေါင်း မသင့်လျှင် သူ နာမည်မသိခွင့် ရှိသည်တဲ့။

"ဦးနှောက်ဆိုတာ မေ့ပစ်ရတဲ့အလုပ်ကိုလည်း လုပ်တယ်၊ မလိုအပ်တာတွေ အကုန်လျှောက်မှတ်ထားရင် ရူးသွားမှာပေါ့" ဟု ပြောဖူးသည်။ ရဲဘော်ကြီးသည် တစ်ကိုယ်ရည် တစ်ကာယသာ ဖြစ်သည်။ သူ့ဆိုင်ဝန်ထမ်းများသာ သူ့မိသားစုဖြစ်သတဲ့။ သူ့နောက်ကြောင်းကို မသိရ "အတိတ်ကကိစ္စ ထားခဲ့လိုက်၊ အနာဂတ်၊ နက်ဖြန် . . မတွေးနဲ့ မလာသေး၊ ကြိုတွေးပူပင်မနေနဲ့၊ ဒီနေ့ အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးနေ၊ အကောင်းဆုံး အိပ်ရာဝင်။ ပစ္စုပ္ပန်မှာ တစ်နေ့စာပဲ” နေထိုင်ပါသတဲ့။

“ပစ္စုပ္ပန်မှာ တစ်နေ့စာ” ဟူသောစကားလုံးကို ဘလက်ဘုတ်တွင် ရောင်စုံမြေဖြူနှင့် အုပ်ထွေးကို ရေးခိုင်းသောညဥ့်က ရဲဘော်ကြီး၏ဩဝါဒနှင့် သူ့ခံယူချက်ကို တစ်စွန်းတစ ကြားရခြင်းဖြစ်ပါသည်။ (ထိုညဥ့်မှစ၍ ဘလက်ဘုတ်ပေါ်တွင် အုပ်ထွေးသည် စာလုံးရေး ပန်းချီဆရာ စတင်ဖြစ်ခဲ့သည်ကို လူသိနည်း၏)

၅ ၅ ၅ ၅





သည်မနက် စောစောစီးစီးပင် သူ အိမ်ကထွက်လာသည်။ အပြာရောင် မစို့မပို့ သန်းနေသော နှင်းမြူတွေကြားမှ အုပ်ထွေး ရဲဘော်ကြီးဆိုင်ကို လှမ်းမြင်လာရပေပြီ။

“ဒီညဥ့်တော့ ငှါးဟာငါပဲ ရေးလိုက်တော့မယ်၊ ခုထိခေါင်းစဉ် မရသေးဘူး အုပ်ထွေးရေ့” ဟု နောက်ဆုံး ဗီစကီကို နှစ်ယောက်သား ကွန်ဘိုင်းအော်ရစ်း ညဥ့်လယ်ကျော်ကျော်တွင် ရဲဘော်ကြီးကို နှုတ်ဆက်အိမ်ပြန်ခဲ့သည်။ ယနေ့ ဘာများရေးထားမလဲဟု သူ အလွန်သိချင်နေခဲ့သည်။ ဟား. . မိုက်တယ်ဟု စိတ်ထဲက အမှတ်ပေးလိုက်မိ၏။

ဘလက်ဘုတ်ပေါ်တွင် အဖြူရောင်နှင့် ကလေးလက်ရေးကို လှမ်းမြင်ရ၏။ “ဆောင်းထဲမှာရှန်း” တဲ့။ ဝေလီဝေလင်း နှင်းတောထဲ အလုပ်သွားသူတွေ၊ ဆိုက်ကားတွေ၊ ဘတ်စကားစပယ်ယာ၏ သူ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံတွေ၊ ပန်းသည်၊ ထီသည်တွေ. . စကားလုံးလေးလုံးထဲ တန်း ပေါ်လာသည်။ ညနေက သူရေးသည့် သီချင်းခေါင်းစဉ်တောင် ပေး၍ ရနေသောစကားလုံးတွေ ဖြစ်သည်။ ဆောင်းထဲမှာရှုန်း. . တဲ့။

ဒီပုဂ္ဂိုလ်ကြီးခေါင်းထဲက ဒီလိုစာလုံးတွေ ဘယ်လိုများ ထွက် နေပါလိမ့်။

သူတို့အုပ်စု ရာသက်ပန် ဝယ်ထားသလို ဖြစ်နေသော ထိုင် နေကျ ခရေပျိုပင်အောက်က စားပွဲတွင် အောင်တင့် ဂျာနယ်ဖတ်နေ ၏။ သူဝင်ထိုင်ချင်းပင်. . .

"ဟောသမှာ အုပ်ထွေးရေ. . . နေမဝင် အင်ပါယာရဲ့ ရှားရှားပါးပါးဓါတ်ပုံနဲ့ အံ့ဖွယ်သတင်းပဲ"

အောင်တင့် ပြောသာပြောသည်။ သူ့ကို မပြသေး။ ဆောင်း ပါးကို ဆက်ဖတ်နေပုံရသည်။ သူ့အတွက် ကော်ဖီလာချသည်။ သူ က ဖောက်မွှေရင်း. . .

"ဘာသတင်းလဲကွ. . . ဗြိတိန်ဘုရင်မကြီးနဲ့ သူ့ကြင်ယာ တော် ဖိလစ်မင်းသားကြီး ခေါင်မိုးပေါ် အားပွားပေးနေတဲ့ ဓါတ်ပုံ သတင်းလား!"

"နာဇီခေတ် (၁၉၃၈)က သတင်းကို ဖွက်ထားကြတာလေ၊ ခုမှ ပေါ်လာတယ်. . . ရှက်ဖွယ်လီလီပဲ"

"ဘာမို့လဲ. . . ပြပါဦးကွ"

"အင်္ဂလန်ဘောလုံးအသင်း ဂျာမနီမှာ ဟိုင်း ဟစ်တလာ ‌အော်ပြီး နာဇီကို လက်ဆန့်အလေးပြုနေရတာလေ. . . ကမ္ဘာ့ အလယ် လူပုံအလယ်မှာ တစ်သင်းလုံး၊ ရော့. . ကြည့်စမ်းပါဦးကွာ၊





လဲသေပစ်ဖို့ကောင်းတယ်"

မှန်သည်။ လူပရိသတ် တစ်သိန်းကျော်ရှေ့တွင်. . . ဟိုင်း ဟစ်တလာ လုပ်နေသော အင်္ဂလန်ဘောလုံးအသင်း သံအမတ်ကြီး ဟက်ဒါဆန်က အဝတ်လဲခန်းထဲ ဝင်၍ တောင်းတောင်းပန်ပန် လုပ် ခိုင်းခြင်းတဲ့။ နိုင်ငံရေး စစ်ရေးအခြေအနေ တင်းမာနေချိန်မို့တဲ့။ အင်္ဂလန်အသင်းသမိုင်း အမည်းစက်တဲ့။

"ငါသာ အသင်းခေါင်းဆောင် ဟက်ပဂွတ်နေရာမှာဆို မကန်ဘူးကွာ၊ အဲ့လိုအလေးပြုရမယ်ဆိုရင်. . ."

"ကာလံ၊ ဒေသံ၊ အဂ္ဂံ၊ ခန့်ပေ့ါကွာ"

"ဘာဖြစ်ဖြစ်ကွာ. . . လူမျိုးကြီးပဲ၊ အင်္ဂလိပ်ဆိုတာ ကြက်ဖ ပဲ၊ သူများရွာရောက်မှ ကြက်ဖတန်မဲ့ ကတော်ကတော် အော်နေရ တယ်လို့"

ထိုစဉ် တိုက်ဆိုင်စွာပင် သူတို့အားလုံးက "ကဒေါ်" ဟု ခေါ်ကြသော ထွန်းစန်း ဖတ်သီဖတ်သီနှင့် သူတို့ဆီ အမောတကော ဇင်လာနေသည်။ ကျော်ပိုးအိတ် ထိုင်ခုံပေါ် ပစ်ချရင်း လှည့်ထွက် ဟန် လုပ်နေ၍ သူက ဖတ်ခနဲ လက်ဆွဲရင်း(ခပ်တင်းတင်း ဆုပ်ထား ရင်း. . .)

"ဘာဖြစ်လာတာလဲ ကဒေါ်. . !"

အောင်တင့်ကပါ ကဒေါ်၏ပုဆိုးစကို ဖမ်းဆွဲထားသည်။

"မှန်မှန်ပြောစမ်း. . . ဘာဖြစ်လာတာလဲ၊ နင် ဘတ်စ်ကား ပေါ်က ဆင်းပြေးလာတာ ငါလှမ်းမြင်လိုက်တယ်"

"ကံကောင်းလို့ပေ့ါကွာ. . အဲ့ဒီဘတ်စ်ကားပေါ်မှာ ကော



www.burmeseclassic.com

www.burmeseclassic.com



မလေး ငါးယောက် ငါ့ကို ဝိုင်းထားပြီး ရှေ့မှတ်တိုင်ကျ အတင်းဆွဲချပြီး ကားတင်ပြေးမလို့တဲ့၊ ဘန်းစကားနဲ့ တိုင်ပင်နေကြတယ်လေ၊ ငါ ရောတိမ်နစ်တော့မလို့ အတင်းဆင်းပြေးလာခဲ့ရတာ၊ ဟူး. . . အဲ့ဒီ ငါးယောက်ထဲက ရုပ်အဆိုးဆုံးကောင်မလေးက မိုးပောကို့လို ရုပ်မျိုး၊ ကဲ့. . . ကျေနပ်တော့၊ လွှတ်ပါ. . . မရတော့ဘူး၊ ပော့ကောင်တွေ တော်တော့ကွာ၊ ငါအော်လိုက်မှာနော်၊ ဟောဒီမှာ. . ရဲဘော်ကြီး. . သူ. . . များ. . ကို. . "

လွှတ်ပေးလိုက်မှ နောက်ဖေးအိမ်သာဆီ ဒရောသောပါး ပြေးတော့၏။ ဒီကောင် ဘယ်ကလာလာ အိမ်သာဆီ ပြေးနေကျဖြစ်သည်။ အလွန်ဆီးရွှင်သူမှန်း သိနေကြ၍ တမင် မကြာ့ကြာအောင် ဆွဲထားခြင်းဖြစ်၏။ ကဒေါ် ထွန်းစန်းကလည်း တွေ့တွေ့ချင်း ဟာသ ဖောက်ရမှ ကျေနပ်သူ။

တစ်ခါက ရဲဘော်ကြီးရှေ့ ထွက်ကျဖူး၍ သမ်တလင်း ရေဆေးရဖူးသည်။ "ရောဂါရတတ်တယ်ကွ. . ယောက်ျားဆီး. . မိန်းမ မီးတဲ့၊ အနောက်မသန်နဲ့" ဟု ပြောဖူးသည်။ ဒါကြောင့် အော်လိုက်မယ်ဟု လုပ်ခြင်းဖြစ်၏။

လူအုပ်စုံသောနေ့ သူက ကမ္ဘာ့အချောဆုံး သွေးဆောင်မှုအရှိဆုံး ယောက်ျားဆယ်ယောက်အကြောင်း စကားစပ်မိ၍ ပြောနေစဉ် အောင်တင့်က. . .

"အဲ့ဒီဆယ်ယောက်ရွေးတဲ့ မဂ္ဂဇင်းတွေ မီဒီယာသမားတွေ မြန်မာပြည် လာပြီး ထွန်းစန်းကို မမြင်ဖူးကြလို့ပါကွာ၊ မြင်ဖူးရင် သူတို့ ရွေးချယ်တဲ့စာရင်းအပြေ ပြောင်းသွားနိုင်တယ်၊ တကယ်ကွာ





ထွန်းစန်းရုပ်က. . "

အောင်တင့်က စကားရပ်ထားသည်။ အားလုံးက ထွန်းစန်းကို ဝိုင်းကြည့်နေကြစဉ် သူက ဆက်ပြောလိုက်သည်။

"ဟုတ်ပ့ါ. . . ထွန်းစန်းရုပ်က တကယ့်ကတော်ရုပ်"

"ဝါး. . ဟား. . ဟား. . ဟား. . ဟား"

ထိုအချိန်မှစ၍ ထွန်းစန်းနာမည်ပျောက်၍ ကဒေါ် ရောက်လာရခြင်းဖြစ်၏။ ဝီးကြက် ထပ်ရောက်လာ၏။ ဝသောကြောင့် ဝက်ကြီး ဝီးကြက် တွင်သူဖြစ်သည်။ သူက. . .

"စောစောစီးစီး အားကစားဝတ်စုံနဲ့ မင်းက ဘယ်က လာတာလဲ ဝီးကြက်"

"ထုံးစံအတိုင်း အားကစား လိုက်စားတယ်၊ ဘုရားအနေကဇာတင်နဲ့ ဘုံကထိန် လိုက်စားတယ်၊ အင်းယားကန်ပေါင်မှာ စောစောစီးစီး ဖွန်လေးကွေ့ လိုက်စားတယ်၊ ကျန်းမာရေးနဲ့ ညီညွတ်တယ်၊ လှည်းတန်းကနေ ကားစီးပြန်လာတယ်၊ ဒါ ကဒေါ့် ကျောပိုးအိတ် မဟုတ်လား၊ ဒီကောင်နဲ့ငါနဲ့ တစ်ကားတည်း စီးလာတာကွ၊ ဒီကောင် ငါ့ကို မမြင်ဘူး"

သူ့အတွက် လက်ဖက်ရည်ခွက် ကျလာ၍ ဇွန်းနှင့် မွှေရင်း ဝီးကြက် စကားစ ပြတ်နေစဉ် ကဒေါ် လာဝင်ထိုင်သည်။ အောင်တင့်က. .

"ဝီးကြက်. . . ကဒေါ်က ဘတ်စ်ကားပေါ်မှာ ကောင်မလေးတွေ ငါးယောက်တောင် သူ့ကို ဝိုင်းထားပြီး ဘလက်ကာယလုပ်မလို့ တိုင်ပင်နေသတဲ့၊ ရုပ်အဆိုးဆုံးကောင်မလေးက မိုးပောကို့



www.burmeseclassic.com

www.burmeseclassic.com



ရုပ်မျိုးတဲ့၊ သူ မနည်းကိုယ်လွတ်ရုန်းလာရသတဲ့ . . . ဟုတ်လား"

"ဪ . . ဟဲဟဲလို့တောင် ငါက ရယ်လိုက်ချင်သေး၊ အဲ့ဒီကား ပေါ် ငါပါတယ်ဟ ကဒေါ်ရေ၊ မင်း နောက်က ကြည့်ရင် တင်ကားနေတဲ့ မမကြီးတစ်ပွေနောက်မှာ ရပ်ပြီး မဟုတ်ကဟုတ်က ကြံစည်နေတာလေ၊ ကျောပိုးအိတ် ပွေ့သလိုလိုနဲ့ တင်ပါးကြီးကို လက်ဖမိုးနဲ့ သွားသွားပွတ်နေလိုက်တာ"

"ဟော့ကောင် ဝီးကြက် . . . မင်းနော် မဟုတ်ကဟုတ်က တွေ၊ ဒါကြောင့် မင်းစကားကို လူမလေး ခွေးမခန့်တာ"

"အောင်မာ . . . ငါ့မျက်စေ့နဲ့ မြင်တာကို ပြောနေတာကွ၊ ဒီကောင် လက်ဖမိုးနဲ့ ပွတ်ရာကနေ ဟိုက ငြိမ်နေတော့ အတင့်ရဲလာတယ်၊ လက်ဝါးနဲ့ သွားကိုင်တယ်၊ ငါ သူ့နောက်ရောက်အောင် တိုးသွားတယ်၊ သူ မသိဘူး၊ တင်ပါးကိုပဲ မဲနေတာ၊ စပယ်ယာက မှတ်တိုင်ပါလားတဲ့၊ ငါက လက်ထောင်ပြလိုက်တယ်၊ အံမယ် . . . ဒီကောင်ဆင်းရမှာတောင် မဆင်းဘူး၊ လိုက်သွားမယ့်ပုံပဲ၊ ကားအရှိန် လျှော့မှ သူ့ရှေ့ကဟာကြီးက သူ့ဘက် လှည့်လာပြီး . . .

"တကယ်ကြိုက်တာလားဟင် သူများကို" တဲ့၊ ဟားဟား အသံက ပြာတာတာ၊ လည်ပင်းမှာ ဇလုတ်ကြီးက ငေါ်ထွက်နေတယ်"

"ဝါး ဟား ဟားဟားဟား"

"ဟိုက် . ."

ဆိုပြီး ဒီကောင် ငါ့ရှေ့က တစ်ချိုးတည်း ဆင်းပြေးတော့တာလေ၊ မှတ်ဖူးလား ကဒေါ်၊ မင်းဝန်ခံ ဟော့ကောင်"





"ဟဲဟဲ . . . လူပျိုရည်ပျက်ကိန်း ရှိတယ်လို့ ဟောတဲ့ စာကလေးဗေဒင် မှန်မမှန် စမ်းကြည့်တာပါကွာ . . . ဟဲဟဲ"

"ခွေးကောင် . . . ခုနက မိုးဟောကို . . ဆို"

ထိုစဉ် . . .

"တရားမျှတ . . လွတ်လပ်ခြင်းနှင့်မသွေ
တို့ပြည် . . တို့မြေ . ."

အားလုံး ညီညီညာညာပင် ဝုန်းခနဲ မတ်တတ်ရပ်လိုက်ကြသည်။ သတိပုံစံဆွဲ၍ ငြိမ်သက်နေလိုက်ကြသည်။

ဟ! . . ဟ! . . ဘာလဲဟ!။ ဓာတ်သိတွေက ဘာမှမဖြစ်သော်လည်း ဆိုင်ထဲရှိ ဓာတ်မသိသူနှင့် ဖြတ်သွားဖြတ်လာတချို့က ခပ်ငူငူ ငေးကြည့်ငေးကြောင် ဖြစ်နေကြသည်။

သူတို့ထိုင်နေသောစားပွဲအနီးက ရဲဘော်ကြီးအိပ်ခန်းထဲရှိ ရေဒီယိုမှ ကမ္ဘာမကျေသီချင်း လာခြင်းဖြစ်ပါသည်။ ခုနစ်နာရီအတိတွင် ရဲဘော်ကြီးက ဖွင့်နေကျဖြစ်သည်။ ထိုအသံကြားကြားချင်းနေ့ကပင် သူက တစ်ယောက်တည်း မတ်တတ်ထရပ်နေခဲ့ဖူးသည်လေ။ ဒါကို ပြတင်းပေါက်ကနေ ရဲဘော်ကြီးက မြင်သွားသည်။ ထိုနေ့က သူစားသောက်သမျှ ဂုဏ်ပြုမနက်စာအဖြစ် ရဲဘော်ကြီးက သတ်မှတ်ပြီး အခမဲ့ ကျွေးသည်။

"နိုင်ငံကြီးသား ပီသသူတိုင်းဟာ နိုင်ငံတော်သီချင်းသံ ကြားရင် ရောက်တဲ့နေရာက ရပ်ပြီး အရိုအသေပြုရတာကွ၊ မင်းကို ငါ လေးစားသွားပြီ၊ ခုခေတ်ကလေးတွေ ရုပ်ရှင်ရုံထဲက အလံတော်ကိုတောင် မတ်တတ်ရပ် အလေးမပြုကြဘူး . . ရိုင်းတယ်၊ မင်းကတော့



www.burmeseclassic.com

www.burmeseclassic.com

ရှားပါးပဲ"

ရဲဘော်ကြီးနှင့်သူ စတင်ခင်မင်သိကျွမ်းပုံဖြစ်ပါသည်။

ခုလည်း စောစောစီးစီး သူတို့ ဂုဏ်ပြုခံရပေဦးတော့မည်။

"ပဲပလာတာ နှစ်ပွဲ"

သီချင်းပြီး၍ ထိုင်ထိုင်ချင်း ဝီးကြက်က ထအော်ခြင်းဖြစ်ပါသည်။ အားလုံးထိုင်လိုက်ချိန်၌ သူက မထိုင်ဖြစ်သေး။ လေထဲ လှပစွာ ပျံဝဲလာနေသော လက်ခေါက်စက္ကူလေယာဉ်ပျံလေးကို ငေးကြည့်နေမိသောကြောင့်ဖြစ်ပါသည်။ ညင်ညင်သာသာလေး နှင်းမှုန်တွေကို တွန်းရွှေ့နေသော ဆောင်းလေပြည်ထဲ အဖြူရောင် လေယာဉ်လေး ဝဲပျံနေပုံက အရမ်းငြိမ့်သည်။ စက္ကူခေါက်သူ၏ကျွမ်းကျင်မှုကြောင့်ဖြစ်မည်။ အလေးချိန် ဘယ်ညာညီမျှ အချိုးကျနေပုံလည်းရသည်။ စက္ကန့်အတော်များများ ဝဲလှည့်ပျံသန်းရင်း နိမ့်ဆင်းလာနေသည်။ သူမော့ကြည့်ရာသို့ ကျန်သူ့ကောင်တွေပါ လိုက်မော့ကြည့်လာသည်။

"ဟာ. . . မိုက်တယ်ဟ"

"အလို. . . တို့ကို ဗုံးများ ကြဲမလို့လား!"

"ဟုတ်တယ်ဟ. . . တို့ခေါင်းပေါ်မှာ နှစ်ပတ်တောင် ရှိနေပြီ"

ဖြည်းဖြည်းငြိမ့်ငြိမ့် ဝဲနေရာမှ လေထဲ တန့်တော့မလိုလို ငြိမ်လိုက်ဝဲလိုက်. .

ဒုတ်!!. .

မထင်မှတ်စွာ ဓါတ်ကြိုးနှင့်ဦးခေါင်း ဝင်တိုက်ပြီး တည့်တည့်





ကြီးပင် ထောင့်မှန်စိုက်ဆင်းလာသည်။ ဖြန့်ထားသော သူ့လက်ထဲတွင် ကွက်တိကျလာ၍ သူ ဖျတ်ခနဲ ဖမ်းလိုက်သည်။ စွန်ကြိုးပြတ်ကို ဖမ်းမိသော ကလေးငယ်တစ်ယောက်လို သူ အရမ်းကို ပျော်သွားသည်။

ဘေးဘီရှိ တိုက်မြင့်ဝရန်တာပေါ် သူလှည့်ပတ်ကြည့်လိုက်မိသည်။ တစ်ခုသောဝရန်တာမှ လက်ခနဲ (မှန်ရောင်ဟု ထင်ရသော) အလင်းပြန်တစ်ခုနှင့် ဝင်းခနဲ မျက်နှာဝါဝါလေး နောက်ဆုတ် ပျောက်ကွယ်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

လက်ထဲက စက္ကူလေယာဉ်ကလေးနှင့် မည်သို့ ပတ်သက်သနည်း။ တိုက်ဆိုင်ခြင်းလည်း ဖြစ်နိုင်သည်။ စနစ်တကျ သပ်ရပ်စွာခေါက်ထားသော လေယာဉ်ပျံလေး၏ထိပ်ချွန်လေးက ဓါတ်ကြိုးနှင့်ခိုက်မိ၍ အနည်းငယ် တွန့်နေသည်။ သူထိုင်ရင်း ပြန်ဆွဲဆန့်ပေးနေမိသည်။ လိုချင်သော ကစားစရာရသည့် ကလေးတစ်ယောက်လို လေယာဉ်လေးကို ကြည့်ရင်း ပြုံးလိုက်သည်။ ပြီးတော့ နှုတ်ခမ်းနှင့် ရွတ်ခနဲ နမ်းလိုက်မိသည်။

ဤ. . သည်. . ပင်. .

ဤ. . သည်. . ပင်. . လျှင်. . . ။



www.burmeseclassic.com

www.burmeseclassic.com

"အောင်တင့်...မင်းအဖေ အခြေအနေကောင်းလား"
"STILL RING THE BELLS...ဘဲလ်လျှောက်နှိပ်နေတယ်လေ"
"ဘာဖြစ်တယ်...ကွ"
"နေကောင်းလို့ အိမ်ပေါက်စေ့ လျှောက်လည်နေတာကို ပြောတာ တော့်ရဲ့"
"ပိကင်းဘဲ"







## အခန်း(၂)

"ကရင်. . ရင်. . ရင်. . ရင်"

ဟိုက်!. . . စောစောစီးစီး ဘယ်သူပါလိမ့်။ ညည့်သည်မဖြစ်နိုင်ဘူး။ ဖေဖေ တစ်ခုခု မေ့ကျန်ခဲ့တာဖြစ်မည်။

"ကရင်. . ရင်. . ရင်. . ရင်"

ဖေဖေ့ကားကို ဝရန်တာမှ ပြေးကြည့်ရန် မီးဖိုခန်းမှ အပြေးထွက်လာပြီးမှ. . အင်း. . သတိဆိုတာ ပိုတယ်မရှိဘူးဟု တွေးမိပြီး ညည့်ခန်းထဲမှ သူမ၏ဗိုးလ်ချဲယားပေါ် ပစ်ထိုင်ချလိုက်ပြီး ဝရန်တာဆီ ခပ်တည်တည် တွန်းထွက်လာခဲ့သည်။ ငုံ့ကြည့်လိုက်တော့ တိုက်ခန်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့လမ်းဘေးတွင် ဖေဖေ့ကား မရှိ။ ဝှီးလ်ချဲယားကို နောက်ဆုတ်သည်။

"ကရင် ကရင် ရင် ရင် ရင်"

ဒီအချိန်မျိုး ငါ့ဆီ လာလည်တတ်တာ ကေန္တ အိမ်ရှေ့ခန်းက ဆုကီ ဖြစ်မည်။ ဟင်. . . ဆုကီက တံခါးပဲ ခေါက်လေ့ရှိသည်။ သူ့အရပ်က ဘဲလ်နှိပ်ဖို့အထိ မမြင့်သေး။ ဆုကီက လေးနှစ်ကျော်ကျော်ပဲ ရှိသေးသည်။

သူမ ဝှီးချဲလ်ယား တံခါးမရှေ့ ရောက်လာသည်။ Peeping Hole က ဝှီးလ်ချဲယားပေါ် ထိုင်လျက်သားနှင့် အပြင်က ဘယ်သူဆိုတာကို ချောင်း၍မရ။ အသာအယာ ဝှီးလ်ချဲယားပေါ်က ဆင်း၍ မတ်တတ်ရပ်သည်။ လှမ်းချောင်းသည်။

ဟင်!. . . တံခါးရှေ့၌ ဘယ်သူမှ မရှိ။ ဘာလဲဟ၊ တစ်ယောက်ယောက် လက်ကမြင်း၍ ဆင်းပြေးခြင်းဖြစ်မည်။ သူမ ဝှီးချဲယားကို ဆောင့်ကန်၍ အိမ်ထဲ ပြန်အလှည့်. . .

"က ရင် ရင် ရင် ရင် ရင်"

ဝှီးချဲယားကို ပြန်ဆွဲယူ၍ တက်ထိုင်ရင်း တံခါးဆီ လှိမ့်လာသည်။ သံကြိုးအတိုလေး ချိတ်၍ တံခါးကို ဝှီးလ်ချဲယားပေါ်မှ ဂျလက်ခနဲ ဖွင့်၍ ဟကြည့်သည်။

"ဟင်. . . ဘယ်သူလဲဟ!"

"ရိတ်!. . . မမရည်မွန်"

"ခွေးကလေး. . . ခွေးကောင်လေး"

လက်ထဲ၌ ကြက်မွေးတံမြက်စည်းကို ပြောင်းပြန်ကိုင်ရင်း





စပ်ဖြဲဖြဲ လုပ်နေသော ဆုကီ ခေါ် မြတ်ဘုန်းကျော်။ သူမ ထရပ်၍ သံကြိုးဖြုတ်ရင်း. . .

"နင်နော်. . . ငါရိုက်ချင်အောင် လုပ်ပြန်ပြီ၊ လာလေ. . . ဝင်"

ဆုကီက မဝင်သေးဘဲ ကြက်မွေးတံမြက်စည်းအရိုးနှင့် ဘဲလ်ကို လှမ်းထိုးလိုက်သေးသည်။ ဘဲလ်က ရင်သားပုံလေးဖြစ်သည်။

"ကရင် ရင်. . ရင်. . ရင်"

"ဆုကီနော်. . . ငါတကယ်တီးမှာ မျောက်လောင်းလေး၊ မဝင်ရင် တံခါးပိတ်လိုက်မှာနော်"

တဟားဟား ရယ်၍ ဆုကီ ဝင်လာမှ တံခါးကိုပိတ် Lock ချလိုက်သည်။ သူမနှာခေါင်းထဲ မျှစ်ချဉ်ဟင်းနံ့က စူးခနဲ ဝင်လာ၏။

"ဆုကီ. . . လာ. . နောက်ဖေးလိုက်ခဲ့"

"မမက ဝှီးပေါ် ထိုင်လေ၊ သား တွန်းမယ်လေ"

"ဟိုမယ်. . . မျှစ်ချဉ်အိုး တူးတော့မယ်၊ ခိုးချက်ပြီး ခိုးစားနေရတဲ့အထဲ မမယဉ် လာလို့ အနံ့မိသွားရင် ဖေဖေ့ကို ပြန်တိုင်မှာ ဟဲ့"

အပြေးတစ်ပိုင်း နောက်ဖေး ပြေးဝင်ရင်း မီးဖိုပေါ်က ဟင်းပါင်းအိုးကို ချရသည်။

ဖရက်ရှာကွက်ကာကို လေပူအကုန်ထုတ်ရင်း နောက်ဖေးက လေထုတ်ပန်ကာဖွင့်၍ အပြင်သို့ ဟင်းနံ့တွေ စုပ်ထုတ်ရသည်။ ဆုကီက ထုံးစံအတိုင်း ရေခဲသေတ္တာ ဖွင့်၍ ပဲနို့ဘူးကို စုပ်တံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုးဖောက်နေသည်။

"မမရည်မွန်. . . ကွတ်ကီးပေးဦး၊ သားသား ဗိုက်ဆာနေပြီ"

"သြ. . . ကိုယ်တော်လေးက ဘရိတ်(ခ်)ဖတ်(စ်) လာဘုဉ်းပေးတာကိုး. . . စောစောစီးစီးတော်၊ ဆုကီမေမေက ဘာမှမကျွေးဘူးလား"

"မေမေက ဖေဖေနဲ့ ဈေးသွားပြီ၊ မိနော်က သားသားကော်ဖီနဲ့ သောက်ဖို့တဲ့၊ ကြက်ဥပေါင်မုန့်ကြော်လေလယ်၊ သားသားက ကြက်ဥပေါင်မုန့် မကြိုက်ဘူး၊ ကွတ်ကီပဲ ကြိုက်တာ"

"မှန်ပါ့ဘုရား. . . စိတ်ကြိုက်ဘုဉ်းပေးတော်မူပါ"

ပုံးလိုက် ချပေးထားလိုက်သည်။ ထမင်းစား စားပွဲပေါ်ကိုလည်း ဆုကီအား မ,တင်ပေးလိုက်သည်။ အိမ်ရှေ့ခန်းထဲက ဟင်းနံ့တွေ ကုန်အောင် အဲကွန်းနှင့် အနံ့ပျောက်ဆေး ရောလွှတ်ရပြန်သည်။

မမယဉ်က ရှစ်နာရီ မထိုးခင် ရောက်လာတတ်သည်။ ခုနစ်နာရီ ထိုးတော့မည်။ မီးဖိုထဲ ပြန်ဝင်လာပြီး ဝက်နံရိုးနှင့်မျှစ်ချဉ်ကို ပေါင်းအိုးအဖုံး ဖွင့်၍ တစ်ပန်းကန်ကြီး ထည့်သည်။ ထမင်းကို ပန်းကန်လုံးလေးနှင့် ခူးသည်။ ထမင်းဟင်းတွေ ဆုကီဘေး ချရင်း သူမ တရှူးရှူးရှဲရှဲ ပလုတ်ပလောင်း ဆွဲတော့သည်။

"ရှီး. . . ကောင်းလိုက်တာ၊ ဟိုက်. . . ဟင်းအိုးဖွက်ဦးမှ"

ဟင်းပေါင်းအိုးကို မမယဉ် မမြင်အောင် ဘယ်နား ဖွက်ရမည်မသိဖြစ်နေသည်။ ရေခဲသေတ္တာ၊ ကြောင်အိမ်၊ နံရံကပ်ဗီရိုတွေ





ထဲဆို အချိန်မရွေး တွေ့သွားနိုင်သည်။ စားလျက်တန်းလန်းနှင့် ဟင်းအိုးကြီး မ,ယူ၍ သူမအိပ်ခန်းထဲ ဝင်ခဲ့သည်။

အဝတ်ဗီရို။ မဖြစ်သေး ဟင်းနံ့တွေ အဝတ်ကို စွဲကုန်နိုင်သည်။ မှန်တင်ခုံအောက် မဆန့်။ ထူးပါဘူး၊ ခုတင်အောက်ကြမ်းပေါ်ပဲ ပစ်ချ၍ အထဲသို့ တွန်းထည့်ထားလိုက်သည်။ အနံ့ထွက်မည်စိုး၍ အမွှေးစပရေး ရှူးရှူးလျှောက်ဖြန်းခဲ့ရသေးသည်။

ဧည့်ခန်းထဲ ဟင်းနံ့ရှူကြည့်သည်။ အိုကေ. . . ပျောက်သွားပြီ။ ထမင်းစားခန်းထဲ ပြန်ဝင်ခဲ့သည်။ ထမင်းဟင်းလက်ကျန်ကို ဖြတ်နေစဉ်. . .

"မမရည်မွန်. . . ဘာလို့ ဘဘသော်တို့ အန်တီယဉ်တို့ရှေ့မှ ပိုးစီးတာလဲဟင်!"

"ဟဲ့. . . မမမွန်က အောက်ပိုင်းသေနေတာလေ"

"ဟင်. . . ခုတော့ ရှင်နေသားနဲ့"

"အေး. . . ဘာမှမသေဘူး မောင်လေးရဲ့၊ အကြောင်းရှိလို့ အောက်ပိုင်းသေချင်ယောင် ဆောင်နေတာ"

"ဘာအကြောင်းလဲဟင်!"

"အဲဒါက သားသားအလုပ် မဟုတ်ဘူး၊ ဒါပဲနော်. . . မမ ဒီလိုလျှောက်သွားနေတာ ဘယ်သူမှ မပြောရဘူးနော်၊ ပြောရင် ပဲမှို့ မတိုက်တော့ဘူး၊ ကွတ်ကီလည်း မကျွေးတော့ဘူး"

"မပြောပါဘူး. . . မြန်မြန်စားဗျာ၊ သားသား ကစားချင်ပြီ"

သူမ လက်စသတ် ဝက်နံရိုးကို ကိုက်ရင်း. . .

"တီဗွီဂိမ်း ကစားမှာလား ဆုကီ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း. . . တကယ့်လေယာဉ်ပျံ လွှတ်မယ်၊ ဟိုးတစ်ခါ မမလုပ်ပေးတာမျိုးလေ"

ပြောပြောဆိုဆို ဆုကီက မုန့်ပုံးဆွဲယူ၍ ကုလားထိုင်ပေါ်က လျှောဆင်းပြီး အိမ်ရှေ့ထွက်သွားသည်။ ထမင်းဟင်းခွက်တွေကို လက်စလက်န မကျန်အောင် ဆေးကြော၍ သူမ ဝိုးခဲ့ယားလက်နှင့် တွန်းရွှေ့ရင်း ဧည့်ခန်းက ဆုကီနား ဝင်ထိုင်သည်။ ဆုကီက ဗလာစာအုပ်ဖြန့်နေ၏။

"ဟယ်. . . ဆုကီ၊ စာရွက်အကောင်းတွေဟဲ့၊ မမ စာရေးထားတာတွေ ပါတယ်"

"ရပါတယ်. . . အဲ့ဒါနဲ့ပဲ လုပ်ပေး"

သူမက နေရင်းထိုင်ရင်း ဆုကီကို ကြောက်နေရသူဖြစ်သည့်အပြင် လပေါင်းများစွာ အခန်းအောင်းနေရ၍ ဆုကီသာ သူမ၏အဖော်ဖြစ်သည်မို့ အလိုလိုက် အကြိုက်ဆောင်ထားရသည်။ သူငယ်ချင်း မစိမ့်သူနှင့်ဆုကီသာ သူမ အောက်ပိုင်းပြန်ကောင်းနေသည်ကို သိကြသေးသည်။ စိမ့်သူက အလုပ်အားမှ လာလည်ရင်း သူမကို အဖော်ပြုပေးလေ့ရှိသည်။

သူမ စက္ကူလေယာဉ်နှစ်စင်း ခေါက်လိုက်သည်။ တစ်ခုကို စက္ကူစတွေ ဖြဲပြီး ဗုံးကြဲလေယာဉ် လုပ်ပေးလိုက်သဖြင့် ဧည့်ခန်းကျယ်ထဲမှာပင် ဆုကီက ပစ်လွှတ်၍ မွစာကြဲအောင် ဗုံးကြဲဆော့နေသည်။ ဧည့်ခန်းထဲ ရှုံးအီလာသောအခါ ဆုကီက ဗုံးစက္ကူတွေ အပြည့်တင်၍ ဝရန်တာကနေ ထွက်၍ပစ်တင်သည်။ သူမပါ ဝိုးခဲ့ယားနှင့် လိုက်ထိုင်ရင်း ဖေဖေ့မှန်ပြောင်းနှင့် ဟိုသည် အပျင်းပြေ





ချောင်းနေကျ လိုက်ချောင်းနေမိသည်။ ဗုံးကြဲလေယာဉ်လေးက လှုလှုပပ ဗုံးကြဲလေယာဉ် ဝဲပျံရင်း နောက်ဖေးလမ်းကြားသို့ ထိုးဆင်းသွားသည်။

"ဒါက မမရည်မွန်ရဲ့ကင်းထောက်လေယာဉ်ကွ၊ မင်း လေယာဉ်ကို လိုက်ရှာပေးရမှာ၊ မမ လွှတ်တင်မယ်နော်"

"စစ်သားတွေပါ ပြန်ရှာပေး၊ လေထီးနဲ့ ဆင်းသွားတာ"

"အေးပါဟယ်. . နင်လေးက သိကိုသိတတ်တယ် ကိုလျှာရှည်လေး၊ ကဲ. . . လာလေရော့"

သူမ စက္ကူလေယာဉ်လေးကို ကလေးလိုပင် အားပါးတရ ပစ်တင်လိုက်သည်။ ဝဲပျံ၍ ငြိမ့်ငြိမ့်လေး ဆင်းသက်သွားသည်။ ခါတိုင်းလေယာဉ်တွေနှင့် မတူဘဲ ဝဲလည့်ပျံသန်းနေပုံ လှပလွန်းသည်။ လေတိုက်နေပုံ ညင်သာ၍လည်း ဖြစ်မည်။ သူမ၏အချိုးကျသော ခေါက်ပုံကြောင့်လည်းဖြစ်မည်။

ကြည့်နေရင်းက သူမ ပြန်လိုချင်စိတ်။ ဖြစ်နိုင်က ပြန်ကောက်၍ လွှတ်လပ်လဟာပြင်တွင် အကြိမ်ကြိမ် ပစ်လွှတ်ချင်စိတ် ဝင်လာသည်။ နှမြောသလို ဖြစ်လာ၍ မှန်ပြောင်းနှင့် လိုက်ကြည့်စဉ် ခေါက်ကြီးနှင့်တိုက်၍ ဦးစိုက်ဆင်းသွားသည်။ ဟိုးအောက်က ပြားပြားဝပ်နေသည့် လက်ဖက်ရည်ဆိုင်ထဲ မတ်တတ်ထရပ်နေသော လူတစ်ယောက်လက်ထဲ တန်းခနဲ ကျသွားသည်။ တယ်လီကို FOCUS ကြည်အောင် သူမ ချိန်ညှိရင်း ထိုသူကို ကြည့်လိုက်မိသည်၊ မော့ကြည့်လာသောမျက်နှာက သူမဆီ လှည့် မော့လာသည်။

ဟယ်. . ကပိုကရို ဆံပင်တွေကြားက နုဖတ်သောမျက်နှ



www.burmeseclassic.com

www.burmeseclassic.com



လေး အနီးကပ် ပေါ်လာသည်။ စူးလက်သောမျက်လုံးက သူမကို စိုက်ကြည့်သည်။ သူမ ယောင်ယမ်း၍ မှန်ဘီလူးမှ ခွာလိုက်မိပြီး နောက်ဆုတ်၍. . . အင်း. . . အဝေးကြီးပါ၊ သူ ငါ့ကို ရိုးရိုးမျက်လုံးနဲ့ မမြင်နိုင်ပါဘူးဟု သတိရ၍ ပြန်ကြည့်မိပြန်သည်။ ရှေ့တိုးကြည့်ရင်း အနီးကပ် မြင်ရပြန်သည်။ ကိုယ်တော်ချောက ထိုင်၍ သူမလေယာဉ်ဦးပိုင်းကို ပြင်ဆင်ရင်း ပြုံးပြီး ရှုတ်ခနဲ နှုတ်ခမ်းနှင့် နမ်းလိုက်သည်။

သူမရင်ထဲ လှိုက်ခနဲဖြစ်သွားသည်။ ယောင်၍ သူမနှုတ်ခမ်းကို ကိုင်လိုက်မိ။

ယောက်ျားငယ်တစ်ယောက် သန့်စင်သောအပြုံးကိုလည်း ပထမဆုံး တိတ်တိတ်ကလေး မြင်ဖူးခြင်းလည်း ဖြစ်ပါ၏လေ။

"ကရင်. . ရင်. . ရင်"

"ဟယ်. . . မမယဉ် ဖြစ်လိမ့်မယ်၊ လာပြီ မမယဉ်"

သူမက ဝိုးခဲ့ယားနှင့် ပြေး၏။ ဆုကီက သူ့ဝိုးခဲ့ယားရှေ့မှ ပြေး၍ ဦးအောင် တံခါးဖွင့်ပေးသည်။ အန်တီယဉ်ကိုလည်း ဆုကီ ချစ်သည်လေ။

"ဟယ်. . . စောစောစီးစီး မိမွန်ဆီ ဧည့်သည်ရောက်နေတာကိုး၊ လာစမ်းပါဦး ဆုကီလေးရယ်. . ကဲ. . ကဲ. ."

"ရွှတ်. . . ရွှတ်"

မမယဉ်က ဆုကီပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် နမ်းလိုက်ပြီး. . .

"ဟင်. . . ဆုကီဆီက မွှစ်ချဉ်ဟင်းစော်နံလိုက်တာ"





"ဟုတ်တယ် အန်တီယဉ်၊ သားသားက စားလို့မဝသေးဘူး၊ မမရည်မွန်က ဟင်းအိုးကို အိပ်ခန်းထဲ သွားဖွက်ထားတယ်၊ တားတားဟောဒီညက်စိနဲ့ ညင်တာ"

"ဟင်. . . မိမွန်"

သေပြီဟဲ့. . . ခွေးလေး ဆုကီရဲ့။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်နှစ်ခုနှစ်က
အမေရိကတိုက်ကို
ကိုလံဘတ်(စ်) ရှာတွေ့သလဲ?"

"အဲ့ဒါ အရေးမကြီးပါဘူးခင်ဗျာ
ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိတဲ့ ခရီးကို
သဘော်စီးဖို့...သူ့သင်္ဘောသားတွေကို သူ ဘယ်လို
စည်းရုံးခဲ့သလဲဆိုတာက ပိုအရေးကြီးပါတယ်"

"အေးပေါ့ကွာ...
လေယာဉ်ပျံ တီထွင်သူထက် လေထီး တီထွင်သူက
ပိုအရေးပါတာမျိုးပေါ့"







# အခန်း(၃)

"မင်းမလဲ. . . ဒီစက္ကူလေယာဉ်လေးပဲ တသသ လုပ်နေတယ်၊ မျောက်အုန်းသီးရပဲ ငါကြားဖူးပါတယ်၊ မြောက်လေယာဉ်ပျံ ရတယ်လို့ ကြားဖူးပေါင်"

ဂီတအခပိုက်ရင်း စက္ကူလေယာဉ်လေးကို ဘယ်ပြန်ညာပြန်ကြည့်နေသော သူ့ကို အိမ်ပေါ် တက်လာသော အောင်တင့်က မြင်မြင်ချင်း ဘက်ဟိုးနှင့် လှမ်းထွင်းလိုက်ခြင်းဖြစ်သည်။

"သံစဉ်က ရနေပြီကွ၊ စာသားရှာနေတာ၊ မင်းက ဘယ်က လာတာလဲ!"

"မင်း ဒေါင်ကို နှစ်ရက်ရှိပြီ ထွက်မလာလို့ လေးလုံးမှ



www.burmeseclassic.com

www.burmeseclassic.com



ကိုက်နေပလားလို့ လာကြည့်တာ၊ မင်းအံ့သြသွားမယ်. . . သိလား၊ ကလေးလေးတစ်ယောက် လာမေးတယ်တဲ့၊ စက္ကူလေယာဉ်လေး ဒီဆိုင်ထဲက ဟိုအစ်ကိုတစ်ယောက် ကောက်ယူသွားတယ်တဲ့၊ ရဲဘော်ကြီးကို အဲ့ဒီညနေက လာမေးတာ၊ ဘယ်အစ်ကိုလဲလို့ ရဲဘော်ကြီးက မေးတော့ ဆံပင်အရှည်အဝါနဲ့ နားကပ်ပန်ထားတဲ့ ခပ်ချော ချော အစ်ကိုလေးတဲ့၊ လေယာဉ်က သားလေးလေယာဉ်လား ဆို တော့ မှုတ်ဖူးတဲ့၊ မမရည်မွန်လေယာဉ်တဲ့၊ ကင်းထောက်ရင်း ပျက် ကျတာတဲ့၊ အဲ့ဒါနဲ့ ရဲဘော်ကြီးက သားသားက ဘယ်မှာ နေတာလဲ ဆိုတော့ ကွန်ဒိုလေးထပ်ကို လက်ညှိုးထိုးပြတယ်တဲ့၊ အခု ဒေါင် နာမည်က "စက္ကူကင်းထောက်" တဲ့ အုပ်ထွေးရေ"

"ကွန်ဒိုလေးထပ်ဆို. . . ဟိုနေ့က လက်ခနဲ မျက်နှာလေး"

သူက သူ့ဟာသူ ခပ်တိုးတိုး ရေရွတ်ရင်း ဘာရယ်မဟုတ် ဘဲ လေယာဉ်ခေါက်ရိုးလေးတွေကို ဖြန့်နေမိသည်။ ဖြန့်သွားသော အခါ. . .

"ဟာ. . . ဒီမှာ စာသားလေးတွေကွ"

အချစ်တစ်ခုထဲနဲ့
ကမ္ဘာတည်ဆောက်ကြမယ်
ရင်ခွင်ကို မှီတွယ်ရင်း ပြောခဲ့ဖူးသူရေ..
ဒီလူကို ခွန်အားရှိစေခဲ့..
ညင်သာစွာ အနမ်းမိုးများ ရွာလို့
ဤကမ္ဘာမြေ ပန်းတို့ ပွင့်ခဲ့တယ်
ဒီဇင်ဘာဆောင်းည လွမ်းပုံပြင်...တဲ့





"ဟ. . . သံစဉ်ထည့်ရင် သီချင်းဖြစ်နိုင်တယ်"

"အေးကွ. . . ပြစမ်း အုပ်ထွေး၊ ဟ. . လက်ရေးက မိန်းက လေး လက်ရေးပဲ၊ အဲ့ဒီ ရည်မွန်ဆိုတဲ့ကောင်မလေးပဲ ဖြစ်လိမ့်မယ်"

သူက ဂီတာနှင့် ခုနက ရထားသောသံစဉ်ကို နည်းနည်းပြင် ၍ ထည့်ကြည့်သည်။ ကော့(ဒ်)တွေပါ ချရေးလိုက်သည်။ ဆိုကြည့် တီးကြည့်သည်။

"ကောင်းတယ် အုပ်ထွေး၊ ငြိမ့်ငြိမ့်လေးပဲ ဆလိုးရှော့(ဒ်)နဲ့ ဆို ပိုမိုက်တယ်၊ ကောရပ်(စ်) ထပ်ထည့်ရင် အကောင်းဆုံး သီချင်း တစ်ပုဒ် ဖြစ်လာမှာ သေချာတယ်"

"ငါလုပ်ကြည့်ပါ့မယ်. . . ဒါပေမယ့် စာသားပိုင်ရှင်ဆီက ခွင့်ပြုချက်တော့ သွားတောင်းရမယ်"

"ဒါပေါ့ကွ. . . တောင်းရမှာပေါ့၊ ရည်မွန်ဆိုတာ မွန်မွန် ရည်ရည် ချောချောလှလှလေး ဖြစ်နေရင် ဇာတ်လမ်းတစ်ပုဒ်တော့ ဖြစ်လာဦးမှာပဲ"

"စာသားပိုင်ရှင်ကို ကြိုတင်မပြစ်မှားသင့်ပါဘူးကွာ၊ သိန်း ထောင်ဂဏန်းနီးပါး တန်တဲ့ ကွန်ဒိုတိုက်ခန်းမှာ နေတာဆိုတော့ မာနကြီးကြီးလေးလည်း ဖြစ်နေနိုင်တာပဲ"

"မင်းက ကြိုတင်အားလျော့နေပြန်ပါပြီ၊ မင်းလည်း တစ်နေ့ အောင်မြင်တဲ့ တေးရေးတေးဆို ဖြစ်လာနိုင်တဲ့ကောင်ပဲကွ၊ ဘာအား ငယ်စရာရှိလို့လဲ"

"ကြိုးစားရမှာပေါ့ကွာ. . . ဒါပေမယ့် ဘဝတက်လမ်း ရှာ နေချိန်မှာ အချစ်ဟာ ဆူးညှောင့်ဖြစ်နိုင်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ. . . စိုင်းခမ်းလိတ် ပြောဖူးတယ်လေ၊ နွဲ့တင်ကို ကျေးဇူးတင်ပါတယ်တဲ့၊ သူ့ကြောင့် သီချင်းတွေ အများကြီး ဖြစ်တည်ခဲ့ရတာပါတဲ့"

"အလွမ်းသီချင်းက နားထောင်လို့ပဲ ကောင်းတာကွ၊ ရေးတဲ့ သူက ရင်နဲ့ တစ်လုံး. . ."

"ကဲ. . . နောက်မှ ဆက်ရေးကွာ၊ ဒေါင်သွားရအောင် ဗိုက် နည်းနည်းဆာလာပြီ"

"အေး. . . ကောင်းတယ်"

ထမင်းချက်နေသော အန်တီမွန်ကို လှမ်းပြောရသည်။

"အန်တီမွန် ဧည့်သည်လာရင် ရဲဘော်ကြီးဆိုင်မှာ သွား ရှိတယ်လို့"

"အေး. . အေး. . အပြန် နို့စိမ်းတစ်ဘူးဝယ်ခဲ့ သား"

"ဟုတ်"

ဋ ဋ ဋ ဋ





ဝရန်တာမှ စိမ့်သူ၏တယ်လီမြင်ကွင်းထဲ. . စက္ကူကင်း ထောက် ဆိုသော မြေဖြူစာလုံးကြီး ဝင်လာသည်။

"အေးဟဲ့. . . အဲ့ဒီဆိုင်က အဆန်းပဲ၊ ဟိုတစ်ခါက အချစ် ရပ်ဝန်းဒေသတဲ့၊ ခုဟာက စက္ကူကင်းထောက်တဲ့၊ ဘာအဓိပ္ပာယ်လဲ မသိဘူးနော် ရည်မွန်"

"နင်မရယ်နဲ့နော်. . . ဟိုးတစ်နေ့က ဆုကီ ဂျိကျူလို့ ငါတို့ စက္ကူလေးယာဉ် လွှတ်ကြတယ်၊ အဲ့ဒီဆိုင်ထဲကို ငါ့ကင်းထောက် လေယာဉ်က ကျသွားတယ်၊ လေယာဉ်ကို ရသွားတဲ့ကောင်လေးက ဆံပင်ရှည်အဝါနဲ့ အသားလေးက ဖွေးဥနုဖတ်နေတာပဲ၊ နားကပ် လေးနဲ့ တော်တော်ချောတယ်ဟ၊ မှန်ပြောင်းထဲကနေ ငါ့ကို လှမ်း ကြည့်တယ်၊ ငါ့ရင်ကို ဒိတ်ခနဲ လာမှန်တာပေါ့. . . ဟာဟ၊ ပြီးတော့ ငါ့လေယာဉ်ကို နှုတ်ခမ်းနဲ့ ရွှတ်ခနဲ နမ်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရည်မွန်က ပိုးချဲ့ယား လက်ရန်းသံကို လက်ညှိုးထိပ်ကလေး ဟိုဒီလျှောက်ရေးရင်း စကားထိုးရပ်နေသဖြင့်. . .

"နောက်တော့ကော"

"အဲ့ဒါပဲလေ"

"ရည်မွန်ရယ်. . . နင့်ဟာကလည်း ဟပ်ကော့ကြီး၊ နောက်နေ့တွေ သူ လာမထိုင်ဘူးလား!"

"ငါ တယ်လီနဲ့ နှစ်ရက်ရှိပြီ လှမ်းချောင်းတာ. . . မလာဘူးဟာ"

"နင့်ဘက်က ဘာမှ မကြိုးစားတော့ဘူးလား ရည်မွန်ရ"

"ငါ အဲ့ဒီညနေက ဆုကီ လွှတ်လိုက်တယ်၊ လေယာဉ် ပြန်လိုချင်ကြောင်းပေါ့၊ ဆိုင်ပိုင်ရှင်နဲ့ပဲ တွေ့လာတယ်၊ ဆံပင်အရှည်အဝါနဲ့က သုံးလေးယောက်ရှိတယ်တဲ့၊ ဘယ်သူမှန်း ဆိုင်ရှင်က မသိဘူးတဲ့၊ လာရင် မေးပေးမယ်တဲ့"

"ဒါကြောင့် စက္ကူကင်းထောက်လို့ ရေးထားတာကိုး၊ ဟယ် ဟိုမှာ ဝင်ထိုင်တာ ဆံပင်ဝါနဲ့ တစ်ယောက်တော့"

"ပေးစမ်း. . ပေးစမ်း. . စိမ့်သူ"

သူမ မှန်ပြောင်းလှမ်းယူ၍ ကြည့်လိုက်သည်။

"ဟယ်. . . ဟုတ်တယ်တော့. . သူပဲ. . သူပဲ၊ အယ်. . . ဒီကို လှမ်းကြည့်နေပြီ၊ လာ. . လာ. . စိမ့်သူ အထဲဝင်မယ်၊ အထဲက နေ ချောင်းလည်း ရတယ်"

နှစ်ယောက်သား ဧည့်ခန်းထဲ ပြန်ဝင်ပြေးကြသည်။ မှန်နား ကပ်ချောင်းကြသည်။





"ကြည့်. . ကြည့်. . စိမ့်သူ၊ ချောတယ်. . တွေ့လား!"

လပေါင်းများစွာ အထီးကျန်၍ တိုက်ခန်းထဲ ပိတ်မိနေသော(သူ့ကိုယ်သူ အကျဉ်းချထားသည့်. . )လူမှုရေးအကျဉ်းသား သူငယ်ချင်းကို စိမ့်သူ စာနာသနားစွာ ပြုံး၍ကြည့်နေမိသည်။ အင်း. . . ရည်မွန် စိတ်ရဲ့ထွက်ပေါက်လေးတစ်ခု တွေ့တာပေါ့ဟု တွေးသည်။

"ဟယ်. . ဟယ်. . ဆိုင်ရှင်ဖြစ်ပုံရတဲ့ဦးကြီးနဲ့ စကားပြောနေတယ်တော့၊ ဦးလေးကြီးက ဒီအထပ်ကို လက်ညှိုးထိုးပြနေတယ်၊ သူလည်း ဒီကိုလှမ်းကြည့်နေတယ်၊ သူ့ဘေးက တစ်ယောက်လည်း ညိုချောလေးပဲဟ. . . ဟာဟ၊ ငါဖို့နော်. . . ရည်မွန်"

"ငါ့အဝါလေး မထိရင်ပြီးရော. . ကြိုက်တာယူစေ"

"ဟုတ်တယ်ဟ ရည်မွန်၊ နင့်အဝါလေးက BUZZER BEAT ထဲက ဘောလီဘောပုတ်တဲ့ မင်းသားရုပ်မျိုးလေး၊ မိုက်တယ်. . . ဟိဟိ၊ ငါတောင် ခိုက်ချင်ချင်ပဲ"

"ကောင်မစုတ်နော်. . . ဆွမ်းတော်မတင်ခင် ကျီးကန်းဝင်မထိုးနဲ့၊ ပေးဦး မှန်ပြောင်း"

မှန်ပြောင်းချောင်းရင်း ရည်မွန် ပြုံးလိုက်ရယ်လိုက် ဖြစ်နေသည်ကို စိမ့်သူ ကြည့်ရင်း လှပချောမွတ်သော ရည်မွန်၏မေးလေးကို လှမ်းကိုင်သည်။

"ဘာလဲဟဲ့ စိမ့်သူရဲ့"

"သွားရည်တွေ ကျလာလို့ သုတ်ပေးတာ"

"နင်နော်. . ဟယ်. . ပိုက်ဆံရှင်းနေပြီ၊ ပြန်တော့မယ် ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဟုတ်တယ်တော့. . . လမ်းကူးပြီး နှစ်ယောက်သားရှေ့က စတိုးဆိုင်ထဲ ဝင်သွားပြီ၊ ကောင်တာဝက အရောင်းစာရေးမက ပျာနေတာပဲဟယ်၊ အင်း. . . ပဲကြီးပဲ၊ ပါးစပ်က နားရွက်တက်ချိတ်တော့မယ်၊ ဟယ်. . . နှင့်အညိုကောင်က ဘာသွားပြောလဲ မသိဘူး၊ လက်မောင်းကို ကောင်မက ထုတယ်တော့"

"ရတယ်. . . ငါသွားကြားထိုးတံ သွားဝယ်ရင်း နောက်တာနော်ဆိုပြီး အဲ့ဒီမိန်းမကို တကယ်ပြန်ထုပစ်လိုက်မယ် ရည်မွန်ရေ၊ ငါဗိုက်ဆာလာပြီဟာ. . . ဘာချက်လဲ!"

မွန်ပြောင်းချရင်း. . .

"မျှစ်ချဉ်နဲ့ဝက်သား. . . ဟိုနေ့ မဝလို့ ထပ်ချက်တာ၊ အဲ. . ပြောရဦးမယ်၊ အဲ့ဒီနေ့က ဆုကီ လုပ်လို့ မျှစ်ချဉ်အိုး အန်တီယဉ် မိသွားတယ်. . . ဆူလိုက်တာလေ"

"အေးလေ. . အန်တီယဉ်နဲ့ နင့်ဖားသားကြီးက ပိုလွန်းတာ အရိုးအကြောပါရဂူနဲ့ ပြထားတဲ့ကြားက တိုင်းရင်းဗိုဒ္ဓါဆရာပါ ခေါ်ပြတော့ ဟိုဟာမစားရ ဒီဟာမစားရ ဖြစ်တော့တာပေါ့. . အကျဉ်းကျနေရတဲ့အထဲ အငတ်ဘေးပါ ကြုံနေရတဲ့ ငါ့ သူငယ်ချင်းလေးကို ငါသနားပါတယ်ဟာ၊ ဒါနဲ့ နင်က ဘယ်တော့လောက် ပြန်ကောင်းပြမယ် စိတ်ကူးလဲ"

"အဲ့ဒီမိန်းမနဲ့ဖေဖေနဲ့ သေချာပြတ်တဲ့နေ့"

စိမ့်သူ ပင့်သက်ရှိုက်ရင်း ခေါင်းကို မသိမသာ ယမ်းသည်။

"ဒီနေ့တော့ ဝက်သားနဲ့မျှစ်ချဉ် အဝတုတ်မယ်၊ အန်တီယဉ် တစ်ညအိပ် ပဲခူးပြန်သွားတယ်၊ ဖေဖေလည်း ဂေါက်ကွင်းက မိုးချုပ်မှ





ပြန်လာမှာ၊ လာ. . . စိမ့်သူ၊ ဒီည နင်အိပ်မယ် ပြောထားတယ်နော်"

"အိပ်ပါ့မယ်ဟာ. . . နက်ဖြန်လည်း အတူနေပေးပါ့မယ်၊ နင်သာ ထယောင်ပြီး အဝါလေး အဝါလေးဆိုပြီး ငါ့ပေါ် ကုတ်မတက်နဲ့"

"တက်မှာ. . တက်မှာ၊ ဟောသလို ဟောသလို. . တက်ဦးမှာ"

"ဟဲ့. . . ရည်မွန်၊ ရင်ဘတ်ကို အောင့်သွားတာပဲ"

"ပြ. . . ဘယ်နေရာလဲ၊ ဥုံဖွလုပ်ပေးမယ်"

"ကောင်မနော်. . . ဟေး"



www.burmeseclassic.com

www.burmeseclassic.com



မယ်..နေတဲ့အိမ်ရာ
တစ်နေ့တစ်ခါ
လည်မလာနဲ့

ဟိုချောင်ကချောင်း
ဒီချောင်ကကြည့်
လာမငြိနဲ့။

စကားပျူငှာ
ကြင်နာမျက်လုံး
(လုံးဝ၊ လုံးဝ)
လာမသုံးနဲ့...
မယ်မမုန်းဘဲ
ချစ်မိမယ်....။ ။







## အခန်း(၄)

နောက်တစ်နေ့ဖြစ်သည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

ဧည့်ခန်းထဲ ရုပ်ရှင်ထိုင်ကြည့်နေသော ရည်မွန်နှင့်စိမ့်သူ ခပ်ပါးပါး တံခါးခေါက်သံကို ပြိုင်တူကြားသည်။ ရည်မွန်က စွေ့ခနဲ ငိုးချွဲယားပေါ် တက်ထိုင်သည်။ စိမ့်သူက pause ဖမ်းနှိပ်ပြီး တံခါးဆီ ထသွားပြီး ချောင်းကြည့်သည်။ ချာခနဲ ပြန်လှည့်၍ ရည်မွန့်ဆီ ပြန်ပြေးလာရင်း. .

"ရည်မွန်. . နင်. . နင့်အဝါလေးတော့၊ ငါ့အညိုလေး လည်း ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . ဘာလာလုပ်တာပါလိမ့်၊ ဘုရား. . . ဘုရား၊ ငါ ကြောက်လိုက်တာ"

"ကြောက်တာလား ရင်တုန်တာလား ရင်ခုန်တာလား!"

"ဟဲ့. . . ကြားသွားပါ့မယ်"

ပြောပြောဆိုဆို ဗိုးပေါ်မှ ဆင်း၍ သွားပြေးချောင်းသည်။ စိမ့်သူက ကပ်ပါလာ၏။

"ဟုတ်တယ်တော့"

"သွား. . သွား. . နင် ဗိုးချဲယားပေါ် ပြန်ထိုင်နေ၊ သူ့စိတ်ရင်းကို သိရအောင်"

"အေး. . . ကောင်းတယ်"

"ဒေါက်. . ဒေါက်. . ဒေါက်"

ရည်မွန် နေသားကျမှ စိမ့်သူက တံခါးဖွင့်၍. . .

"ဘာကိစ္စရှိလို့ပါလဲရှင်"

အောင်တင့်က. . .

"ကျွန်တော်တို့ ရပ်ကွက်ခမ္မာရုံ ဆွမ်းသိမ်းပွဲမှာ"

"အောက်မှာ စာကပ်ထားတယ်လေ၊ အလှူခံ လုံးဝမဝင်ရ လို့"

"အာ. . . ကျွန်တော်တို့ အလှူခံ မဟုတ်ပါဘူးခင်ဗျ၊ ဆွမ်းသိမ်းပွဲမှာ စတိတ်ရှိုးလေး လုပ်မလို့"

"အလှူခံ မဟုတ်ရင် ရန်ပုံငွေ လိုက်ကောက်တာလား!"

"နေပါဦးဗျာ. . . စကားလည်း ဆုံးအောင် ပြောပါရစေဦး"

"ဖယ်ပါကွာ. . အောင်တင့်. . ငါပြောပါ့မယ်၊ ဒီ. . ဒီ. .





လေယာဉ်ပျံလေးကိစ္စပါခင်ဗျာ၊ မရည်မွန်ဆိုတာ. . ."

"ကျွန်မ မဟုတ်ဘူးရှင့်"

"ဒါဆို မရည်မွန်နဲ့ ခဏလောက် စကားပြောခွင့်ပြုပါလား ခင်ဗျာ"

အောင်တင့်က. . .

"ကျွန်တော်တို့ ဓါးပြတွေ မဟုတ်ပါဘူးခင်ဗျာ၊ ခဏလောက် ဝင်ခွင့်ပြုပါလား"

"ကျွန်မလည်း အိမ်ရှင်မဟုတ်ဘူးရှင့်၊ ရည်မွန်ရေ. . . ဒီမှာ ကင်းထောက်လေယာဉ်ကိစ္စတဲ့"

"ဝင်ပါစေ"

"ဂျလက်. . . ကျွီ"

ဗိုးချဲယားပေါ်က ရည်မွန်ကို အုပ်ထွေး ခဏတာ ကြောင်ငေးကြည့်နေမိသည်။ လက်ထဲက ပြန်ခေါက်ထားသော လေယာဉ်ပျံလေးကိုတော့ ရည်မွန်က လှမ်းကြည့်နေသည်။

"ထိုင်ပါရှင်"

ဆိုဖာရှည်ပေါ် အတူတူ ထိုင်လိုက်ကြပြီး. . .

"ကျွန်တော့်နာမည် အုပ်ထွေးပါ။ သီချင်းရေးပါတယ်၊ သူက ကျွန်တော့်သူငယ်ချင်းအောင်တင့်ပါ။ ကိစ္စက ဒီလေယာဉ်ပျံလေးကို ဟိုးတစ်နေ့က ရဲဘော်ကြီးဆိုင်က လှလှပပ ကောက်ရခဲ့ပါတယ်၊ ခေါက်ပုံခေါက်နည်းလေး ဖြန့်ကြည့်ရင်း. . .

ဒီထဲက စာသားလေးတွေကို တွေ့ပါတယ်၊ ဒါ မရည်မွန် ရေးထားတာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရေးထားမိပါလိမ့်!"

အုပ်ထွေး လှမ်းပေးသော လေယာဉ်လေးကို ဖြန့်ကြည့်သည်။

"ဟုတ်ပါတယ်. . ကျွန်မ အကြမ်းရေးထားတာပါ၊ အချော ရေးပြီးသားလည်းရှိတယ် ဘာလုပ်မလို့လဲဟင်!"

"ကျွန်တော် သံစဉ်ထည့်ကြည့်တော့ အဆင်ပြေနေတယ်၊ သီချင်းကောင်းလေးတစ်ပုဒ် ဖြစ်နိုင်လို့၊ အဲ့ဒါ ခွင့်ပြုချက် လာတောင်းတာပါ"

"ရပါတယ်. . . ကျွန်မလည်း ဝါသနာပါလို့သာ စာသားတွေ ချချရေးထားမိတာ၊ သံစဉ်ကို သိပ်မနိုင်ဘူး"

"ဒါဆိုရင် စာသားအပြည့်အစုံ ရေးထားတာ ရှိတယ်ဆိုပါတော့ မမရည်မွန်၊ ဟုတ်ပါတယ်နော် ဒီနာမည်"

"ဟုတ်ပါတယ်. . . ရည်မွန်ကောင်းသော်ပါရှင်၊ သူက ကျွန်မသူငယ်ချင်း စိမ့်သူပါ"

အောင်တင့်က သူ့နားက စိမ့်သူကို လက်ကမ်းပေးရင်း. .

"မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်ခင်ဗျာ. . . ရှိတ်ခ်ဟင်း"

"ကာယကံရှင်တွေတောင် ရှိတ်ခ်ဟင်းမလုပ်သေးဘူး. . . သူက"

"ဟဲ. . ဟဲ. . နူးညံ့သိမ်မွေ့မှု သိပ်သည်းဆ ဘယ်လောက်ရှိလဲ သိချင်လို့ပါ"

"အလျှုံ့ လက်ကြီးနဲ့"





"အလျှုံ့ မဟုတ်ပါဘူးဆိုနေဗျာ"

"ခုန ဆွမ်းသိမ်းပွဲဆို"

"ဆွမ်းသိမ်းပွဲမှာ စတိတ်ရှိုး လုပ်မယ်၊ အဲ့ဒီမှာ ဒီကောင်က တေးရေးကြေညာပြီး သူကိုယ်တိုင် ဆိုမလို့၊ အဲ့ဒါပြောမလို့၊ ခင်ဗျားက သာလိကာနှင့် စပ်ဖောက်ထားလား၊ ဘယ်နှစ်ဥမြောက် ပေါက်တာလဲ!"

"ဟယ်တော့. . . ညှော့သည်တလည်း မိန်းမကြီးကျနေတာပဲ. . . စွာလိုက်တာ၊ နှုတ်သီးက နှစ်တောင်လောက်နဲ့"

"အမိလေးက ကျုပ်တို့ design ကို ကျုပ်တို့ဥပမိကို အလျှုံ့လို့ စခွပ်ထားတာလေ"

သူရော သူမပါ ရယ်ရင်း နှုတ်လှန်ထိုးပွဲကို ကြည့်နေရာမှ သူက. . .

"တော်ပါတော့ သူငယ်ချင်းရာ၊ လာရင်းကိစ္စလေး မပြတ်သေးလို့ပါ၊ ကဲ. . . စာသားခွင့်ပြုရင် ရေးပြီးသားပေးလေ"

သူမက ဗီးခဲ့ယား တွန်း၍ အိပ်ခန်းထဲ ဝင်သွားသည်။ သူက စိမ့်သူအား. . .

"သူ. . သူက ဘာဖြစ်လို့လဲဟင်!"

"ကားကို တမင်မှောက်အောင် မောင်းပစ်လိုက်တာလေ၊ သူ့အဖေနဲ့ စိတ်ဆိုးလို့"

"မသေကောင်း မပျောက်ကောင်းဗျာ. . . ချောချောလှလှလေး"

"သူက သူ့ကိုယ်သူ အသေလုပ်တာ၊ အရမ်းစိတ်ကြီးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သနားတာလည်း မကြိုက်ဘူး၊ သူ ဗိုးနဲ့ နေရတာကို သတိရအောင် သွားမလုပ်မိဖို့ အရေးကြီးတယ်နော်. . . သူနဲ့ ခင်ချင်ရင်၊ ရှူး. . ဟိုမယ် လာနေပြီ"

ဗိုးချဲယားပေါ်က ကမ်းပေးသော စာရွက်ကလေးကို သူက တရိုတသေ ယူ၍ ဖတ်ကြည့်သည်။

"စာသားလေးတွေ ကောင်းတယ်ဗျာ၊ ဒါပေမယ့် နည်းနည်း ဝေဖန်ရမလား!"

"ဝေဖန်ပါရပါတယ်"

"ယောက်ျားလေးတစ်ယောက်က နာကျင်ခံစား လွမ်းဆွတ်နေသလိုမျိုး ဖြစ်နေမလားလို့. . .

ဥပမာ- ကျမ်းစူးစေ စကားသစ္စာထားခဲ့သူရေ လွမ်းမူးမပြေ ဘဝညစ်မှာ နစ်ခဲ့ပြီလေ ဆိုတာမျိုးပေါ့"

"ဟုတ်တယ်. . . ကျွန်မ ယောက်ျားလေးတစ်ယောက် နေရာက သစ္စာမဲ့သွားတဲ့ မိန်းကလေးတစ်ယောက်အပေါ်ကို ခံစားပြီး ရေးထားတာ"

"သိပ်တော်တယ်ဗျာ. . . ကျွန်တော့်မိတ်ဆွေ ဗိုကယ်လ် အသစ်တစ်ယောက်က အဲ့လိုသီချင်းမျိုး ရေးပေးဖို့ ပြောထားတယ်၊ ဒီညပဲ ကျွန်တော် သံစဉ်ထည့်လိုက်မယ်"

"သံစဉ်ထည့်ပြီးပြီးချင်း ကျွန်မ နားထောင်ချင်လိုက်တာ"

"အောက်က လမ်းမပေါ် လာဆိုရင်. . . ကြားရပါ့မလား၊ ရည်မွန်က လေးလွှာဆိုတော့. . ."

အောင်တင့်က. . .





"ကျွန်တော့်သူငယ်ချင်း Pile ဖြစ်သွားပါ့မယ်ဗျာ၊ မရည်မွန် ဟင်းဆက်နဲ့ နားထောင်ပေါ့၊ အုပ်ထွေးကလည်း ငါ့ဝင်းဆက်ထဲ တီးရင်း ဆိုထည့်ပေါ့၊ ရက်ဆီဗာ ကောင်းရင် ကြည်ပါတယ်"

အောင်တင့် ပညာပါပါ ဖုံးနံပါတ် တောင်းလိုက်ခြင်းဖြစ်သည်။

"အဲ့ဒီအစီအစဉ်ကောင်းတယ်၊ ညကိုးနာရီကျော်မှ ဆက်လိုက်နော်၊ ဟောဒီမယ်. . . ကျွန်မဖုန်းနံပါတ်"

"ကျေးဇူးပဲဗျာ. . ကဲ. . . ခွင့်ပြုပါဦး၊ ကျွန်တော် မော်သားကပ်နေတုန်းလေး သံစဉ်ထည့်လိုက်ချင်လို့"

"ဟုတ်ကဲ့ရှင်"

"မသာလိကာ ပြန်ဦးမယ်နော်"

"ကန်တော့ဆွမ်းပါရှင်. . . ကြွကြွ"

ဓါတ်လှေကားထဲ၌ အောင်တင့်က. . .

"ဟော့ကောင်. . ရှိုးကေ့စ်ပေါ် တင်ထားတဲ့မှန်ပြောင်း တွေ့လား၊ အဲ့ဒါနဲ့ မင်းကို ချောင်းထားဖူးတယ်၊ ဒါကြောင့် ကလေးလေးက မင်းပုံသဏ္ဍာန်ကို ပြောနိုင်တာ၊ ဇာတ်လမ်းပဲ ငါ့ကောင်ရေ"

"အေးကွာ. . တော်တော်လှတယ်. . . ဒါပေမယ့်. . "

"ဂျိတ်. . "

ဓါတ်လှေခါး မြေညီထပ် ရောက်၍ ပွင့်သွား၏။

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



"သူ နင့်ကို စတွေ့တွေ့ချင်း အရမ်းသနားသွားပုံလေးနဲ့ တွေပြီး ရပ်ကြည့်နေတယ်၊ ဟတ်ကို တန်းထိသွားတယ် ထင်တယ်၊ အနီးကပ် ကြည့်တော့ ပိုချောတယ်နော်. . . နူးညံ့သိမ်မွေ့နေတာပဲ"

"ကောင်မ. . . ငါ့ခြီးမွမ်းဖို့လည်း ထားပါဦး၊ ဟဲ့. . . နေပါဦး၊ နင်တို့က တွေ့တွေ့ချင်း ဘယ့်နှယ်ကြောင့် ဒီလောက် ရန်ထောင်နေကြတာလဲ၊ လည်ပင်းဖက် ပေါင်းလာတဲ့သူတွေကျနေတာပဲ"

"ငါကလည်း ငါပဲဟဲ့၊ သူတို့ဥပမိတွေကို အလျှိုခံလို့ သွားပြောပစ်လိုက်တာကိုး၊ ဟိုကလည်း ဆတ်ဆတ်ထိမခံဘူး၊ သူများအိမ်ခြံသည်လာလုပ်ရပေမယ့် ကြက်ဖဖြစ်ကြောင်းကတော့ ပြသွားတာပဲ၊ အဲ့လိုမျိုးမှ ငါက သဘောကျတာ၊ မိန်းကလေးလှလှရှေ့မှာ ကျွတ်ကျက်ပြီး ရှိမနေဘူး၊ မိုက်တယ် ငါ့အညီလေး"

"အေး. . . ဟိုက ကြက်ဖဆိုတော့ နင်က ဘာဖြစ်သွားပလဲ ဟင်!"





"ဟုတ်ပ့ါ. . . ကြက်မ၊ ငါက ကြက်မ ဖလန်းဖလန်း နေတဲ့ ဖလပ်ဖလပ် မဒန်းမလှလှလေး. . ဟေဟေ့. . ဟောသလို ဟောသလိုလေး. . ကတော်. . ကတော်"

စိမ့်သူက အတောင်ခပ်ဟန်လုပ်၍ ဧည့်ခန်းထဲ ပတ်ပြေးနေပုံက ဟာသမြောက်လှ၏။ သူမ ဦးပေါ် ထိုင်ရင်းကပင် လွတ်လပ်စွာ ရယ်မောလိုက်မိ၏။ အလိုလို. . . အူက ဘာလို့ မြူးနေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



**အ**ချစ်တစ်ခုတည်းနဲ့..ကမ္ဘာတည်ဆောက်ကြမယ် ရင်ခွင်ကို မှီတွယ်ရင်း..ပြောခဲ့ဖူးသူရေ..ဒီလူကို ခွန်အားပြည့်စေခဲ့... ညင်သာစွာ အနမ်းမိုးများ ရွာလို့ ဤကမ္ဘာမြေ ပန်းတို့ ပွင့်ခဲ့တယ် ဒီဇင်ဘာ ဆောင်းညလွမ်းပုံပြင်

..............................

..............................

ကျမ်းစူးစေ စကားသစ္စာ ထားခဲ့သူရေ လွမ်းမှုးမပြေ ဘဝသစ်မှာ နစ်ခဲ့ပြီလေ...ဒီဇင်ဘာ ဆောင်းနှင်းဝေရင် ရင်ခွင်နာ ကျွမ်းမြေလွှန်းလို့ မြေကမ္ဘာပေါ် နှင်းတို့ မီးလောင်နေ ရင်မြေပေါ် ပန်းတို့ မီးလောင်သေ...

လက်ခုပ်သံ ခပ်အုပ်အုပ်လေး ထွက်ပေါ်လာ၏။

"Mood အပြည့်ပဲကွာ. . . သိပ်ကောင်းတယ်၊ သူ အရမ်း





တော်တာပဲ"

"ကျေးဇူးတင်ပါတယ် ရည်မွန်"

"သူ. . တို့နဲ့ ဖုန်းပြောပြီးရင် ဘာလုပ်မလဲဟင်!"

"လေ့ကျင့်ခန်း လုပ်မယ်၊ ရေချိုးမယ်. . . ထမင်းစားမယ်"

"ဟယ်. . . ဒီအချိန်ထိ သူ ထမင်းမစားရသေးဘူး"

"အင်းလေ. . . သီချင်းနားထောင်ချင်တယ်ဆိုလို့ အဲ့ဒီက ပြန်လာကတည်းက ထိုင်ပြီး သံစဉ်ထည့်နေတာလေ"

"ဟယ်. ."

ခဏကြာနေသည်။

"ရည်မွန် ဘာလို့ ငြိမ်သွားတာလဲ!"

"အချိန်တွက်ကြည့်နေတာ သူတို့ (၁၁)လောက်က ပြန်သွားတာ၊ အခု (၉)နာရီခွဲဆိုတော့ သူ ဆယ်နာရီလုံးလုံး အလုပ်ထိုင်လုပ်နေခဲ့တယ်လား!"

"အဲ့လောက်ကြာသွားလား. . . သတိတောင် မထားမိဘူး"

"အဲ့လိုဆို ကြာရင် ကျန်းမာရေး ထိခိုက်မှာပေါ့၊ အဲ့ဒီလောက် မထိုင်နဲ့လေ"

"ကိုယ်က အချိန်မရွေး ထလို့ရပါတယ် ရည်မွန်ရယ်"

သူ ကြင်ကြင်နာနာ ညည်းသံလေးနှင့် ပြောလိုက်မိခြင်းဖြစ်သည်။

ပြီးမှ စိမ့်သူ ပြောစကားကို ပြန်သတိရသည်။ သူ ဗိုးနဲ့နေရတာကို သတိရအောင် သွားမလုပ်မိဖို့ အရေးကြီးတယ်တဲ့။

"ရည်မွန်ကော ထမင်းစားပြီးပြီလားဟင်!"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ကြီး ပြီးပြီပေါ့၊ သူသာ မစားသေးတာများ၊ သူနော် ဂက်စတစ်တွေ ဘာတွေဖြစ်နေဦးမယ်၊ အခုန ပြောတာ ရေချိုးဦးမယ်တဲ့၊ ဒီလောက်အေးနေတာကြီးကို"

"ခွေးစို့လာအောင် လေ့ကျင့်ခန်း လုပ်ပြီးမှ ချိုးမှာပါ ရည်မွန်ရဲ့"

"ရေနွေးနဲ့ ချိုးပေါ့"

"မီးပျက်နေတယ်ဗျ. . . ရေနွေးတည်ဖို့ မီးသွေးမွှေးနေရဦးမယ်"

"စပ်စုတာနော်. . . သူက ဘယ်သူနဲ့ နေတာလဲဟင်!"

"အဒေါ်တစ်ယောက်နဲ့ နေတာ၊ ကိုယ့်မှာ ဆွေမျိုးဆိုလို့ အဲ့ဒီအဒေါ်ပဲ ရှိတော့တာ"

"မိဘတွေက. . ."

"နာဂစ်မုန်တိုင်းမှာ ဆုံးခဲ့ကြပြီ"

"အို. . စိတ်မကောင်းလိုက်တာ၊ ဆောရီးနော်. . ဝမ်းနည်းစရာတွေ ပြန်အစဖော်သလို ဖြစ်သွားလို့"

"ကိုယ် ခံနိုင်ရည် ရှိပါတယ်၊ သင်္ခါရသဘောတွေပါပဲ၊ ဒါနဲ့ ရည်မွန်က ဗုဒ္ဓဘာသာပဲနော်"

"အစစ်ပေါ့ရှင်. . . အိမ်လာတာ ဘုရားခန်း မတွေ့ခဲ့ဘူးလား!"

"ကိုယ် ရည်မွန်ကိုပဲ ကြည့်နေမိခဲ့တယ် ထင်တာပဲ"

"သူက ဘယ်မှာ နေတာလဲဟင်!"

"တစ်ရပ်ကွက်တည်းပါပဲ. . . ဒါပေမယ့် ကိုယ်တို့က သာမန် ဆင်းရဲသားရပ်ကွက်ပေါ့"





"ရည်မွန်တို့လည်း သူဌေးမဟုတ်ပါဘူး၊ ဖေဖေ့ကုမ္ပဏီက ပေးထားတဲ့တိုက်ခန်းနဲ့ ကားပါ. . . အထင်ကြီးမှာစိုးလို့"

"ဘိုင်ကျရင် ပိုက်ဆံမချေးအောင် ကြိုကန့်ထားတာလား ဟင်!"

"မဟုတ်ပါဘူး. . . ချေးမှာပါ၊ အတိုးရရင်. . . ဟင်းဟင်း၊ ဟော့. . သူ ထမင်းဆာရောပေါ့၊ ဖုန်းဖြတ်တော့မယ်နော်"

"နောက်နေ့ညတွေရော သီချင်းဆိုပြရဦးမလားဟင်"

"နားထောင်ချင်ပါတယ်. . . ဒါပေမယ့် သူ ရေမိုးချိုး ထမင်းစားပြီးမှ ဆိုပြ"

"ကောင်းပါပြီ. . . ကျောင်းအစ်မရဲ့စေတနာကို နားလည်ပါတယ်၊ ဒါနဲ့ ဖုန်းပိတ်ပြီးရင် ရည်မွန် ဘာလုပ်မလဲဟင်!"

"မီးတွေ မှိတ်မယ်၊ မြူနှင်းကြားက သာနေတဲ့လကြီးကို အိပ်ရာပေါ်က လှမ်းကြည့်နေမလို့ စိတ်ကူးထားတယ်"

"ဒါဆို နောက်မိနစ် နှစ်ဆယ်ကျော်လောက်ဆို တို့လည်း လမင်းကြီးကို လှမ်းကြည့်နေမယ်နော်၊ ဒါပဲနော်. . . ဂွဒ်ည"

"အိုကေ. . . ဂွဒ်ည"

သူ မီးပိတ်လိုက်သည်။ ပြတင်းပေါက်က အပြာရောင်ညသည် နှင်းတွေကို လက်ဆင့်ကမ်း၍ လှမ်းဆင်းလာ၏။



www.burmeseclassic.com

www.burmeseclassic.com

မေး.... "မော်ဒန်ဆိုတာ ဘာလဲဗျ"
ဖြေ.... ထိုမိန်းကလေး၏အလှသည်...
သိုးငယ်လေးနှင့်တူ၏
ကျားသစ်မနှင့်တူ၏
ငါးရံ့တစ်ကောင်နှင့်တူ၏
မိုးဦးကျ မျှစ်စို့ပေါက်နှင့်တူ၏
မြစ်တစ်စင်း...လတစ်မင်းနှင့်တူ၏
(ဒါဖွဲ့နေကျ မြင်နေကျ
သိပ်စဉ်းစားစရာမလိုဘူး)
ထိုမိန်းမ၏အလှသည်
သောက်ပြီးစ
ဘီယာဘူးခွံနှင့် တူ၏...။
ဟုတ်ကဲ့...
စဉ်းစားတော့။







# အခန်း(၅)

အောင်တင့်က သစ်စက်သူဌေးသားဖြစ်သည်။ အစ်မနှင့် အစ်ကိုရှိသည်။ သူ့ထက် ဆယ်နှစ်ကျော် ကြီးသည်။ သွေးဆုံးခါနီးမှ မွေးလာသော သူ့မိခင်၏နောက်ကျသား ဖြစ်သည့်အပြင် သူမွေးပြီးမှ စီးပွားရေးက ဒီရေလို တက်လာပြီး ရောမတံခါးကြီးနှင့် ပိတ်လှောင်ခံ လိုက်ရသလို ထိုစီးပွားဒီရေက ပြန်မကျတော့ပေ။

ထို့ကြောင့် တစ်အိမ်လုံး၏အသည်းကျော်ဖြစ်သည်။ ထို့ကြောင့် ဆိုးချင်တိုင်း ဆိုးတော့သည်။ ဂစ်တာတီးလည်း အလွန်ကောင်းသည်။ ဆယ်တန်းအနီးကပ် ကျူရှင်၌ အုပ်ထွေးနှင့် ပေါင်းမိသည်။ သူ့ထက် ဂစ်တာတီးကောင်းသောကြောင့် အောင်တင့်က



www.burmeseclassic.com

www.burmeseclassic.com



တပည့်ခံ ပေါင်းခြင်းဖြစ်သည်။ ဉာဏ်တွေက ကောင်းလွန်းသဖြင့် လည်ပတ်သောက်စား ဂီတာတစ်လုံးနှင့် ပေးလားဝါးလားကြားက ပင် အုပ်ထွေးက နှစ်ဘာသာ၊ အောင်တင့်က တစ်ဘာသာဂုဏ်ထူး ဖြင့် အောင်သည်။

အင်္ဂလိပ်စာ အဓိကဖြင့် သူက ကျောင်းပြီးအောင် တက်ခဲ့ သော်လည်း အောင်တင့်က ဒုတိယနှစ်မှာပင် ကျောင်းဆက်မတက် တော့ပေ။ ယစ်မူးရီဝေသောကိစ္စမှန်သမျှ အကုန်လုပ်နေတော့သည်။ သူက ခဏခဏ ဖျောင်းဖျသဖြင့် သူ့ကိုလည်း အောင်တင့်က ခပ်ခွာ ခွာသာ ပေါင်းခဲ့သည်။ ယခု အောင်တင့် ပြန်ကောင်းနေပြီဖြစ်သည်။ အိမ်စီးပွားရေးကိုလည်း ဝိုင်းလုပ်နေသည်။ တီးဝိုင်းတစ်ခု ထူထောင် ရန် အောင်တင့် အားကြိုးမာန်တက် ကြိုးစားနေသည်။ အုပ်ထွေးကို ခေါင်းဆောင်တင်ထားသည်။ တက်ညီလက်ညီ စိတ်တူကိုယ်တူ လူရှာနေခိုက်ဖြစ်သည်။ သူလိုသော တီးဝိုင်းတစ်ဝိုင်းစာ ငွေကြေးက များလွန်းသဖြင့် သူ့အဖေကြီးက ယုံ၍ပုံမအပ်သေး။ ဒါကို ခဏခဏ အောင်တင့်က ပေါက်ကွဲတတ်သည်။

"ဒီထက်ကောင်းအောင် ဘယ်လိုနေပြရဦးမလဲဗျာ၊ ဘယ် နှစ်ဝါ ဘုန်းကြီးဝတ်ပြရဦးမှာလဲ၊ နေပါဦး. . နေပါဦးနဲ့ နေခဲ့ရတာ နှစ်ချီနေပြီ၊ ကိုယ့်နောက်က စိုင်းစိုင်းတို့ ဟိုးထိပ်ပေါ် ကျော်သွားပြီ၊ ခုထိ နေပါဦးပဲလား၊ ကျွန်တော့်အောင်မြင်မှုကို ဆွဲထားတာက ခေတ် နောက်ကျတဲ့ အိမ်ကမိသားစုပဲ"

အောင်တင့် ပေါက်ကွဲလျှင် ထိန်းသိမ်းနိုင်သူက အုပ်ထွေး တစ်ယောက်သာရှိ၏။





"လာပါဦး မောင်လေးရယ်၊ ခါတိုင်းလိုပဲ မင်းသူငယ်ချင်းကို ချော့ချက်ပြီး K.T.V ခေါ်သွားလိုက်ပါ၊ ဘီယာချည်းပဲ မူးအောင် တိုက်ပစ်လိုက်၊ ကောင်မလေးတွေဘာတွေနဲ့ သူပျော်အောင်ထား လိုက်၊ ရော့. . မောင်အုပ်ထွေး၊ ဒီမှာ ကားသော့၊ ဆီလည်း အပြည့်ပဲ၊ ကားထဲမှာ ပိုက်ဆံထည့်ထားတယ်၊ အမူးပြေမှ အားဆေးပါ သွင်းပြီး အိမ်ပြန်ခေါ်လာခဲ့"

အောင်တင့်အစ်မ မခင်စီ၏ အိမ်တွင်းသောင်းကျန်းသူ မောင်ငယ်အား အရေးယူ ဆုံးမနည်း ဖြစ်သည်တမုံ့။ အုပ်ထွေးက ဘာမှ အလွန်အကြူး လုပ်လေ့မရှိခြင်း၊ အောင်တင့်၏ရှားရှားပါးပါး ဆရာတင်ခံရခြင်း၊ အောင်တင့်မိသားစုရှေ့၌ပင် အောင်တင့်အမှား ကို ထောက်၍ (ဦးကျိုးအောင်)ဝေါက်နိုင်ခြင်းများကြောင့် အုပ်ထွေး သည် အောင်တင့်၏လူဆိုးထိန်း သက်တော်နှင့် အရှက်တော်စောင့် ဖြစ်လာ၏။

ခုလည်း ဝီစကီတစ်ပက်ကို ပါးစပ်နှင့် အကျီတွင် စွတ်၍ အိမ်တွင်သောင်းကျန်းခဲ့သည်တဲ့။ ထမင်းအတင်း ကျွေးနေသဖြင့် ဟင်းခွက်မှောက်ခဲ့သည်တဲ့။ ဤသို့ဖြင့် အောင်တင့်ကိုယ်တိုင် မောင်း ခွင့်မရတာ ကြာပြီဖြစ်သော ဝက်ဂွန်Rလေး သူ မောင်းပြီး ကားဒက်ရှ် ဘုတ်ထဲက ငွေတစ်သိန်းနှင့် နှစ်ယောက်သား လမ်းပေါ် ရောက်လာ သည်။

"ငါ့အိုက်တင်ကို မမခင်စီ တကယ်ယုံသွားတယ် အုပ်ထွေး ဟဲဟဲ၊ အစ်ကိုလှသောင်းကတော့ သူလည်း ခွက်ပုန်းဆိုတော့ နပ် တယ်၊ ခပ်ပြုံးပြုံးပဲ ငါသောင်းကျန်းတာကို ကြည့်နေတယ်၊ ငါ ဟင်



www.burmeseclassic.com

www.burmeseclassic.com



ခွက် ကိုင်ပေါက်ပြီး ကားထဲ ဝင်ကျိုးတဲ့ပုံ လုပ်နေတုန်း အစ်မက မင်းဆီ တန်းပြေးတာကို ကားထဲ ငါလှမ်းကြည့်ပြီး ပြုံးနေတုန်း ကိုလှသောင်း ငါ့နား ကပ်လာပြီး ဟော့ကောင် မင်းထွင်လုံး ငါသိတယ်၊ ကိုရဲဆိုင်မှာ ငွေငါးထောင်ထားခဲ့၊ သူ့မိန်းမလက်ထဲ မထည့်နဲ့၊ ကိုရဲကိုပဲ ပေးခဲ့တဲ့"

"ဩော့ . . ဩော့ . . ဒါကြောင့် အခုန မင်း ကိုရဲဆိုင်ရှေ့ ရပ်ခိုင်းတာကိုး"

"သူ့အကြွေးပါ ဆပ်ပေးခဲ့တယ်ကွာ၊ ဩော် . . . မောင်လှသောင်း မောင်လှသောင်း၊ ငါ့အစ်ကိုလုပ်နေပြီး ညံ့ပါကွာ . . . ဟား . . ဟား၊ ခွက်ပုန်းလုပ်ချင်ဦး၊ အဲ့ဒီမှာ ကွာတာပဲ အုပ်ထွေး၊ ခွက်ပုန်းနဲ့ခွက်ပြောင်၊ အိမ်ကို သူတော်ကောင်းယောင် ဆောင်ပြချင်တော့ အရက်သောက်တာတောင် ပုန်းသောက်နေရရှာတယ်၊ ငါကပြောင်ပဲ၊ လိုင်စင်နဲ့ကို သောက်ခွင့်ရထားတာ . . . ဟားဟားဟား"

"ဘယ်ကိုမောင်းမလဲ အောင်တင့်"

"ဟိုးရှေ့နားမှာ ခဏရပ်ကွာ"

စတိုးဆိုင်တစ်ဆိုင်ထဲ ဝင်သွားသည်။ ခဏအကြာ၌ စတိုင်ဘောင်းဘီထဲ လက်နှိုက်၍ ခပ်အေးအေးပင် ပြန်ထွက်လာသည်။

"သီရိမြိုင်ဘူတာနား မောင်းကွာ၊ ငါ့သူငယ်ချင်းဟောင်း တစ်ယောက် နိုင်ငံခြားက ပြန်ရောက်နေတယ် ကြားလို့"

ဘူတာနားက သစ်ပင်ရိပ်တွင် ကားရပ်၍ မှန်ပိတ် Lock ချသည်။ သူက ငွေထုတ်ယူသည်။ ကားဝင်၍မရသော ဘူတာနောက်က လမ်းကြားထဲ အောင်တင့်က ဦးဆောင်ဝင်ခဲ့သည်။ သစ်





သားတံတား ဝါးတံတားတွေ ဖြတ်လာရင်း . . .

"မင်းသူငယ်ချင်း နိုင်ငံခြားပြန်ကလည်း ဒီလိုရပ်ကွက်ထဲ နေသလားကွာ"

"အရင်ကတော့ ဒီအိမ်ပဲကွ၊ အခုတော့ ရှိမရှိ သိချင်လို့"

သွပ်မိုး သစ်သားအိမ်သန့်သန့်လေးရှေ့တွင် ဝင်းတံခါးကပိတ်ထား၏။

"ဘာဘူရေ . . ဘာဘူရှိလားဟေ့"

ချာတိတ်မတစ်ယောက် ပေါ်လာသည်။ ခပ်ကဲကဲ ဒီဇိုင်းလေး ဖြစ်သည်။ ဂျင်းပင်နှင့်။

"ဟာ . . . ကိုကြီးအောင်တင့်၊ မလာတာကြာပြီ၊ ဘယ်ပျောက်နေတာလဲ!"

"အွန်စော ငါ့ကို ကားတင်ပြေးလို့ဟ၊ ခုမှ ပြန်လွတ်လာတာ မီးညောင်ရဲ"

"တွေ့တာနဲ့ လုပ်ပြီ၊ လူကို မီးညောင်လို့ မခေါ်နဲ့ဆို"

နှစ်တစ်လံကျော်မတံတားမှ ဖြတ်ဝင်ရင်း ကောင်မလေးတင်ပါးကို ဖြန်းခနဲ ခပ်ဆတ်ဆတ် လှမ်းရိုက်၍ . . .

"မီးညောင် နင်အတော်ထွားလာတယ်"

"လက်ဝါးကြီးက . . . ဟိုမှာ ညည်းသည်ပါနေတဲ့ဟာကို"

"အောင်တင့်ကြီးလား . . . ဝင်ခဲ့ဟေ့"

သစ်သားဆက်တီပေါ် သူ့ကို ထိုင်ခိုင်း၍ နောက်ဖေးတန်း ဝင်သွားသည်။ ခဏအကြာ၌ အခုန ချာတိတ်မ ကော်ဖီပန်းကန်လာချ၍ ပြန်ဝင်သွားသည်။ သူက ဖွင့်ထားသော စီလင်းဒီယွန်အစ



www.burmeseclassic.com

www.burmeseclassic.com



ထဲ စိတ်က ရောက်နေသည်။ ချာတိတ်မက ဇီးယိုပန်းကန် လာထပ်ချပေးရင်း . .

"သောက်လေ ညှော့သည်၊ ဒီအခွေမကြိုက်ရင် ဟိုမယ် ခွေတွေ အစုံရှိတယ်. . . ထည့်ကြည့်"

"ဒီအခွေပဲ ကြိုက်ပါတယ်၊ အောင်တင့် ဘာလုပ်နေလဲ ကလေး"

သူမက လက်ဝါးနှစ်ဖက်ကို မျက်နှာရှေ့ ကပ်ပြသည်။ ပြီတီတီ သူ့ကို ကြည့်ပြီး လျှာတစ်လစ် လုပ်၍ ဝင်သွားသည်။ သူ စီလင်းဒီယွန်ကို ကြည့်ရင်း ဂွပ်ခနဲ ကော်ဖီမော့ချလိုက်၏။

ဟင်. . . ကော်ဖီက ဖန်ရှရှ ချိုတိုတိုနှင့် ခါးသက်သလိုလို ကြီးပါလား။ ခွက်လက်ကျန်က ကော်ဖီရောင်မဟုတ်။ လည်ချောင်းထဲ ပရုတ်နံ့ တက်၍ ပူရှရှ ဖြစ်လာသည်။ ချထားသောရေနွေးအိုးထဲက ခပ်နွေးနွေး ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်ရသည်။

အောင်တင့် ငါ့ကို နောက်ပြီထင်တယ်. . ဟု တွေးရင်း အဆိုနတ်ဘုရားမ(ဒီဗား)၏ညို့စက်ကွင်းထဲသို့ ညွတ်တွားဝင်သွားပြန်သည်။ ခဏအကြာတွင် လည်ချောင်းတွေ ခြောက်လာ၍ ရေနွေးတစ်ခွက်ပြီးတစ်ခွက်။ အလို. . . ဇီးယိုနှင့်လည်း အလွန်တရာ လိုက်ဖက်နေပါလားလေ။ အကြောအချဉ်တွေ ပြေလျော့လာသည်။ အကြားအာရုံထဲ တေးသံစဉ် တစ်လုံးချင်း၏ ဖွဲ့စည်းတည်ဆောက်ပုံက ပို၍ပီပြင်လာသည်။ စီလင်းဒီယွန်၏အဆွဲအငင် အပင့်အရှိုက်က နှလုံးသည်းပွတ်ကို လာခိုက်နေသည်။ သူ မျက်စေ့မှေး၍ note တစ်လုံးချင်း၏ စာသားအပေါ် ပံ့ပိုးမှုကို နားအရသာခံနေမိသည်။





နောက်တစ်ပုဒ်က သူအရမ်းကြိုက်သော MY HEART WILL GO ON ဖြစ်နေသည်။ note ပါ အလွတ်ရနေသောသီချင်းမို့ သူ လိုက်ညည်းနေမိသည်။ ဆောင်းဘောက်က အသံအနည်းငယ် တိုးသွားသည်။ သူ မျက်စေ့ဖွင့်ကြည့်လိုက်သောအခါ ချာတိတ်မက ရီမုဒ်နှင့် တိုးလိုက်ခြင်းဖြစ်ပြီး သူ့ကျောဘက်နံရံဆီ လျှောက်လာပြီး အကောင်းစားဂီတာကို ချိတ်မှ ဖြုတ်ယူ၍ ကမ်းပေးရင်း. .

"ကိုအောင်တင့်က ပြောတယ်၊ ဒီကအစ်ကိုက သူ့တီးဝိုင်းခေါင်းဆောင်တဲ့. . . လိုက်တီးပေးပါတဲ့၊ မီးလည်း နားထောင်ချင်လို့"

ရေငတ်တုန်း စမ်းချောင်းထဲ ပြုတ်ကျခြင်းပါပေ။ သူ ဂီတာ လှမ်းယူသည်။ စမ်းကြည့်လိုက်သည်။ အိုကေ။ Master Key ညှိပြီးသားဖြစ်နေ၏။ သူ ဈာန်ဝင်စွာ လိုက်တီးနေမိသည်။ ဂစ်တာသံက လည်း လွင်လွင်လေး ချိုရှနေ၏။

"အစ်ကိုက အရမ်းတော်တာပဲနော်"

ဝင်လာခါစက သိပ်ကြည့်မရသောကောင်မလေးပင် ကြည့်လို့ရလာသည်။ သူ၏စိတ်အဆောက်အအုံကြီးတစ်ခုလုံးက အနုပညာမှော်သားထဲ ကြည်လင်ရွှင်ပျနေ၍(အင်း. . . ဒီထက်မက သေးပါဘူး)စိတ်ရောကိုယ်ပါ ညွတ်နူးအူမြူးခြင်း Level တစ်ခုကို ရောက်ရှိနေ၍ မြင်သမျှကြားသမျှ ခံစား၍ အလွန်ကောင်းနေသည်။ စိတ်ခံတွင်းတွေ့နေသည်။ သည့်ထက်ဖွဲ့ဆိုရပါလျှင် သူသည် လူသားတစ်ယောက်အဖြစ် သံစဉ်တွေ ဝန်းပတ်ထားသောနယ်ပယ်ကြီးထဲ၌ ဂစ်တာတစ်လုံးကို တီးခတ်နေဖြစ်သော သူ၏ဖြစ်တည်မှုကို အနု



www.burmeseclassic.com

www.burmeseclassic.com



ကထက် အဆပေါင်းများစွာ ကျေနပ်လာသည်။

"ဟာ. . . မီးပျက်သွားပြီ. . . သောက်မီးနှယ်"

ချာတိတ်မ၏ပါးစပ်က အယုတ္တအနတ္တ စကားလုံးတွေ ထွက်လာ၏။ မီးပျက်ခြင်းကို မကြာခဏ အာရုံနှောက်ခဲ့ဖူးသည်။ ခုတစ်ခါ မနှောက်ဖြစ်။ ထို့ပြင် ကောင်မလေး၏စကားလုံးတွေကို လည်း အေးအေးလူလူပင် သူ့အကြားအာရုံက လက်ခံနေသည်။

"မီးပျက်တာ ကောင်းတာပေါ့ ကလေးရဲ့၊ အစ်ကို တီးချင် တာ တီးလို့ရ.ာပေါ့၊ မင်းဘာနားထောင်မလဲ!"

"ချစ်ရည်းစား ထားချင်တယ် ရလား၊ ရရင် တီးပေး. . . မီး ဆိုမယ်"

သူ ဝမ်းသာအားရ တီးပေးလိုက်သည်။ ချာတိတ်မကလည်း ကာရာအိုကေနှင့် ဘယ်လောက်ကျင့်ထားသည်မသိ။ Beat,Bar ကွက်တိဖြစ်သည့်အပြင် အသံကလည်း ကောင်းနေ၏။

"**အခြေအနေက ပေးလာတုန်းဝယ်. . .ချစ်ရည်းစား ထား ချင်တယ်. . .ချစ်ရည်းစား ထားချင်တယ်**"

"ဖြောင်း. . ဖြောင်း. . ဖြောင်း"

နောက်ဖေးက အောင်တင့်နှင့် ပရိသတ် ထွက်လာပြီး လက် ခုပ်တီးမှ သူ မျက်လုံးဖွင့်ကြည့်၍ ပစ္စက္ခလောကထဲကို ပြန်ရောက်လာ သည်။ ဝန်းရံနေသော သံစဉ်မှော်ဝန်းကြီးကို နောက်နည်းနည်းဆုတ် ၍ ခဏငြိမ်သက်ပြီး အိမ်ခန်းလေးကို ကြည့်နေသည် ထင်သည်။

"အဆိုရော အတီးရော အရမ်းကောင်းတယ်ဟေ့၊ ငါတောင် ရည်းစားထားချင်လာတယ်၊ ကဲ. . . မီးညောင်၊ ဆုချတဲ့အနေနဲ့ တို့





စားနေကျ ပက်ကင်ရေခဲမုန့် သွားဝယ်ဟာ၊ အားလုံး ဘယ်နှစ် ယောက်လဲ. . ရေ"

"ကိုးယောက်. . . ကိုကိုဘာဘူပဲ ကလေးပီပီ သွားဝယ် လိုက်ပါနော်. . နော်"

"မီး သီချင်းဆိုဦးမလို့. . . မုဒ်ဝင်တုန်းလေ"

အောင်တင့်ကို ငွေထုပ်လှမ်းပေးသည်။ ငါးရွက်ယူ၍ သူ့ကို ပြန်ပေးသည်။ ချာတိတ်မက. . .

"ဟာဟ. . . ဒီဂီတာသမားက ဘောစိပဲ. . . ထောတယ်"

သူ ပိုက်ဆံပြန်ထည့်တော့ အိတ်ထဲ ပါနေကျလေးကို စမ်းမိ သည်။ ဂီတာမှတဆင့် သံစဉ်မှော်ဝန်းကြီး အုပ်စိုးလာပြန်သည်။ သီချင်းတွေ ဆိုကြသည်။ ဘာဘူ ဝယ်လာသော ရေခဲမုန့်နှင့်အာလူး ကြော်တွေ စားကြသည်။ အောင်တင့် ကမ်းသောဆေးလိပ်ကို ရှိုက် သည်။ ဂစ်တာကလည်း တီး၍ ပိုပိုကောင်းလာသည်။ မီးပြန်လာ သည်။ D.V.D စက်ကိုပင် ဂရုစိုက်မနေအားတော့။ ဖွင့်မနေကြတော့။

အောင်တင့်က ပြတင်းပေါက်သို့ ထသွား၍ ဖုန်းထုတ်ပြီး တော်တော်ကြာအောင်ပင် ဘယ်ကိုဆက်နေသည်မသိ။ ဒါကိုတော့ တီးရင်း သူသတိထားမိသည်။ သုံးလေးပုဒ် ဆက်တီးပြီးသောအခါ အောင်တင့် နာရီကြည့်သည်။

"ကဲ. . . ပြန်ဦးမှ အုပ်ထွေး၊ ငါ မင်းမထင်မှတ်တဲ့လူနဲ့ ချိန်း လိုက်တယ်၊ မင်းအံ့သြသွားမယ်၊ ကဲ. . . အားလုံးပဲ ပြန်ပြီဟေ့"

"အစ်ကို နောက်လည်း မီးဆီ လာလည်နော်"

"ကောင်းပါပြီ ကျေးဇူးပဲ"



www.burmeseclassic.com

www.burmeseclassic.com

အလာတုန်းက မွန်းမွန်းကျပ်ကျပ် ရပ်ကွက်လေးက သူ့အတွက် ပျော်ရွှင်ဖွယ် ဘုံကလေးလို ဖြစ်နေ၏။ ဘူတာနား ရောက်လာသည်။ နေက အေးစပြုပြီ။ ဘူတာရှေ့ ပလက်ဖောင်းတွင် လူတစ်စု ဝိုင်းနေသော တစ်စုံတစ်ရာထံက အာဖရိကဗုံသံတွေလား ထွက်နေသည် ထင်သည်။ သူ့အိတ်ထဲ ပါနေကျလေးကို စမ်းမိသည်။ ဗုံရိုက်ချက်က နည်းနည်းဟာနေသလားလို့။ သူ့အာရုံက ဗုံသံဆီ စီးမျောဝင်သွားသည်။ သူ လူအုပ်ထဲ တိုးဝင်လိုက်၏။

"နောင်ကြီး. . . စိတ်တော့ မရှိနဲ့ဗျာ၊ ဗုံကို ဒီလိုလေး တီးပေးပါ. . . လာဗျာ"

အိတ်ထဲက တစ်ချက်ကို ဆွဲထုတ်၍ ခင်းထားသောပုဆိုးပေါ် ချလိုက်သည်။

"ဒီလိုလေး. . ဟုတ်ပြီ"

သူလိုချင်သော Tempo နှင့် ရိုက်ချက်က ထိထိမိမိ ကွက်တိ ဝင်လာသည်။ သူ ဗုံသမားနား ကပ်ထိုင်ချလိုက်ပြီး အိတ်ထဲပါနေကျလေးကို အလိုအလျောက် ဆွဲထုတ်၍ အလိုလိုပင် အာရုံထဲ ဝင်လာသော သံစဉ်လေးကို မှုတ်လိုက်မိသည်။ သံပလွေသံလေးက ဆန်းနေသည်။ ဗုံသံနှင့် အလွန်လိုက်ဖက်နေသည်။

ရပ်နားထောင်နေသူ အချို့ ဖိနပ်ချွတ်၍ ဖင်ခုထိုင်လိုက်ကြသည်။ သူမသိ။

လူတွေ ဝိုင်းအုံ သည်ထက် အုံ့လာသည်။ သူမသိ။

ဗုံသမား၏ခင်းထားသောပုဆိုးပေါ် ငွေစက္ကူများ ထပ်မံကျဆင်းလာသည်။ သူမသိ။





မြို့ပတ်ရထား အသွားအပြန် ဆိုက်သွားသည်။ သူမသိ။

ဂီတသံစဉ်ထဲ ဩကာသ လောကကြီး မျောပါနေသည်သာ သူသိသည်။

သူပျောက်သွား၍ လိုက်ရှာနေသောအောင်တင့်ကိုလည်း သူမသိ။ ကားအချို့နှင့် ဆိုင်ကယ်အချို့ ရပ်၍ ဆင်းနားထောင်နေကြပြီ။ ယာဉ်ထိန်းရဲပင် လမ်းပိတ်ဆို့မှုထဲ အလုပ်များနေသည်ကို လည်း သူမသိ။

အောင်တင့်က နောက်ဆုံး သူ့ကို တွေ့သွားပြီး သူ့နားကပ်ထိုင်၍ သံစဉ်ထဲ စည်းလိုက်ရင်း မျောပါနေခဲ့သည်ကိုလည်း သူမသိ။

အောင်တင့်ဖုန်းနှင့် ရည်မွန်ဆီမှတဆင့် ချိတ်ဆက်မိ၍ စိမ့်သူ ဘူတာရုံရှေ့ ရောက်လာပြီး သူတို့နှစ်ယောက် ဖြစ်နေပုံ(ပျက်နေပုံ)တို့ကို အံ့ဩတကြီး ရပ်ကြည့်၍ အပြေးတစ်ပိုင်း ပြန်လည်ထွက်ခွာသွားသည်ကိုလည်း နှစ်ကောင်စလုံး လုံးဝမသိလိုက်ကြ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ရှဉ့်လည်းလျှောက်သော
ပျားလည်းစွဲသာအောင်
မျှမျှတတလေ...

ရှဉ့်လည်းမလျှောက်ရဘူး
ပျားလည်းမစွဲရဘူး
အဲ့ဒါ သစ်ပင်ကိုစွ
သမီးက သစ်ပင်မဟုတ်ဘူး
လူ..လူ...







## အခန်း(၄)

မနက်စာ ကော်ဖီဝိုင်းတွင်ဖြစ်သည်။ ဦးကောင်းသော်က ချိုသောမျက်နှာနှင့်...

"သမီးလေး ဘာလိုချင်သေးလဲဟင်!"

"သမီးဘာလိုတယ်ဆိုတာ ဖေဖေအသိဆုံးပါ"

ရည်မွန်မျက်နှာက ကြက်ဟင်းခါးနှင့်တမျှ နည်းနည်းရှော နေ၏။

"ဖေဖေ အဲ့ဒီကိစ္စကို အများကြီး စိတ်လျှော့ထားပါပြီ"

"လျှော့ပဲ လျှော့နေတာလေ... ယတိပြတ် ဒေါင်ခနဲမှ မလုပ်သေးတာ"

www.burmeseclassic.com

www.burmeseclassic.com

"တစ်ဖက်သားကိုလည်း အားနာနေတော့ ယတိပြတ်ကြီး ဆိုရင် မကောင်းဘူးလေ သမီးရယ်၊ တဖြည်းဖြည်း မျှင်းပြီးဖြတ်နေပါ တယ်၊ သူ့ဘက်က ဘာအပြစ်မှ မရှိတာ"

ကော်ဖီပန်းကန်ကို အသံမြည်အောင် ချရင်း ပွဲကို စားပွဲနှင့် တွန်းခွာ၍. . .

"ဖေဖေက ဖေဖေ့ဟာမကြီးဘက်က အမြဲတမ်း ကာကွယ် တဲ့လေသံပဲ ထွက်နေတာပဲနော် ဖေဖေ၊ ဒီမယ် ဖေဖေ၊ အကြောပြင် အနှိပ်ခန်း ဖွင့်ထားတယ်ဆိုကတည်းက ဘယ်လိုလုပ်ပြီး ကောင်း တော့မှာလဲ!"

"မိန်းမရော ယောကျ်ားရော ကုသပေးတာပါ သမီးရယ်၊ ဟို. . ထွေလီကာလီအလုပ်မျိုးတွေ မလုပ်ပါဘူး၊ အောင်မြင်စ တကယ့်ပညာရှင်အဆင့်ပါ၊ ဓါတ်အပ်စိုက်တာကိုလည်း ရှန်ဟဲက ဒီပလိုမာ ယူလာတာပါ၊ သူ့ဆီမှာ ဝန်ကြီးကတော်တွေတောင် လူနာ အဖြစ် ကုသပေးနေတာပါ"

"ဒေါက်တာ ဒေါ်ဇီဝက ဖြစ်ချင်ဖြစ်နေပါစေ၊ ဖေဖေနဲ့ ဘယ် လိုမှ သမီးသဘောမတူနိုင်ပါဘူး"

"သမီးက ဗုဒ္ဓဘာသာ ထေရဝါဒရဲ့အဓိကလမ်းစဉ်က မဇ္ဈိမ ပဋိပဒါဆိုတဲ့ အလယ်အလတ်လမ်းစဉ်ပါ သမီးရယ်၊ ရှဉ့်လည်း လျှောက်သာ ပျားလည်းစွဲသာအောင် မျှမျှတတလေး တွေးပါဦး သမီးလေးရယ်"

"ရှဉ့်လည်းမလျှောက်ရဘူး. . . ပျားလည်းမစွဲရဘူး၊ အဲ့ဒါ သစ်ပင်ကိစ္စ၊ သမီးက သစ်ပင်မဟုတ်ဘူး ဖေဖေ. . . လူ. . . လူ၊





သမီးအပေါ်ပိုင်း အသက်ရှင်နေသေးတယ်၊ သမီးအသက်ရှိနေသမျှ မေမေ့နေရာမှာ ဘယ်မိန်းမကိုမှ အစားမထိုးနိုင်ဘူး"

ဦးကောင်းသော် လက်စသတ်ကော်ဖီ နှင်နေ၏။

"အစားထိုးတာ မဟုတ်ပါဘူး သမီးရယ်၊ ဖေဖေ့အတွက် ဆေးပေးမီးယူ၊ ဘုရားသွားကျောင်းတက်နဲ့ ငါ့သမီးလေးကို ရင်အုပ် မကွာ ပြုစုမယ့်. . ."

"ဆေးပေးမယ့်ဆရာဝန် ရှိတယ်၊ မီးလည်း မယူနဲ့ ဖေဖေက ဘုရားသွားတာလည်း မဟုတ်၊ ဂေါက်ကွင်းနဲ့ဘီယာဆိုင်ပဲ သွားနေတဲ့ ဥစ္စာ၊ သမီးကိုလည်း ပြုစုဖို့မလိုဘူး၊ စိမ့်သူရှိတယ်. . . မမယဉ် ရှိတယ်"

"ယဉ်ယဉ်စကားတော့ နားထောင်တာကျနေတာပဲ၊ မျှစ်ချဉ် ဟင်း ချက်စားတယ်ဆို"

"ဒေါက်တာခင်ဇော်သောင်းက အကုန်စားလို့ရတယ်လို့ ပြောထားတယ်လေ၊ အမျှင်ပါတာတွေလည်း စားတဲ့၊ ပီအိပ်ဒီ ပြော စကားကျတော့ ဖေဖေက မယုံဘူး၊ ဗိန္ဓောစကားအရ သမီးငတ်နေ တာ"

"သမီးရောဂါပျောက်အောင် သမီးလေး လမ်းပြန်လျှောက် နိုင်အောင် နည်းပေါင်းစုံနဲ့ အဘက်ဘက်က ဖေဖေ ကြိုးစားနေတာ ပါ သမီးရယ်၊ သမီးက စားချင်ရာစားပြီး လမ်းလျှောက်စက်နဲ့လည်း လေ့ကျင့်တာ မဟုတ်ဘူး၊ ဝယ်ထားပြီး အလကားပဲ"

"သမီးကိုယ်သမီး သိတယ် ဖေဖေ၊ ပြတ်ပြတ်သားသားကြီး သမီး စိတ်ချမ်းသာရတဲ့နေ့ သမီးထပြေးပြမယ် ဖေဖေ"


www.burmeseclassic.com

www.burmeseclassic.com



"အင်. . . အဲ့လိုမျိုး ရှိသလား"

"အခုဟာက အားလုံးပြန်ကောင်းနေပြီ၊ အာရုံကြောစနစ်နဲ့ စိတ် ချိတ်ဆက်နိုင်ရင် ရပြီလို့ သမားတော်ကြီး ပြောတာပဲလေ၊ မီး လန့်လို့ အရေးကြီးတဲ့ သံယောဇဉ်ရှိသူက ကားတိုက်ခါနီးလို့ ဗိုး ချဲ့ယားပေါ်က လမ်းလျှောက်ပြီး ထဆွဲမိတာမျိုးတွေ ရုပ်ရှင်ထဲ ဖေဖေ မတွေ့ဖူးဘူးလား၊ ဒါ ဆိုက်ကိုးဇစ်လေ၊ စိတ်မချမ်းသာသမျှကတော့ ထကိုမထဘူး. . . ဒါပဲ"

"ကဲ. . ကဲ. . သမီးစိတ်ချမ်းသာအောင် ဖေဖေ မကြာခင် ပြတ်ပြတ်သားသား လုပ်ပြပါ့မယ်၊ ငါ့သမီးဘဝ ပုံမှန်ပြန်ရဖို့ ဖေဖေ့ နှလုံးသားကို စတေးပါ့မယ်ကွယ်"

နာရီကြည့်၍ ဦးကောင်းသော် မတ်တတ်ရပ်သည်။ ရည်မွန် က အဟိဟု အသံထွက်လာ၏။

"ဘာရယ်တာလဲ သမီးက"

"ဖေဖေက နှလုံးသားတောင် စတေးမယ်ဆိုလို့ပါ၊ ဖေဖေ ကဗျာဆန်ပုံက ဟာသမြောက်လို့"

"ရယ်ပါ. . ရယ်ပါ. . သူများရယ်ဖို့ ကိုယ်ငိုမယ်ဆိုတာမျိုးက နက်နက်နဲနဲ မခံစားတတ်ရင် ရယ်စရာဖြစ်နေမှာပါ"

"ပိုရယ်ရတယ် ဖေဖေ. . အဟိ. . အဟီး. . ခွီး"

"ကရင် ကရင် ရင် ရင်"

"ဟဲ့. . . ဘယ်သူပါလိမ့်!"

"စိမ့်သူဖြစ်လိမ့်မယ်၊ တံခါးဖွင့်ပေးလိုက်ပါ ဖေဖေ"

ဖေဖေ ထမင်းစားခန်းမှ ထွက်၍ တံခါးဖွင့်ပေးသည်။





"ဟယ်လို အန်ကယ်သော်. . . နေကောင်းတယ်နော်"

"ကောင်းပါတယ်. . . စိတ်က သိပ်မကောင်းချင်ဘူး"

"ဂေါက်ကွင်းရောက်ရင် ကောင်းသွားနိုင်ပါတယ် အန်ကယ်"

"နင်လည်း ရည်မွန့်ဘက်တော်သားပဲ၊ ငါ့ဘက်က စဉ်းစား နားလည်ပေးမယ့်သူ ဒီကမ္ဘာမှာ မရှိတော့ဘူးလားကွယ်"

ပြောပြောဆိုဆို ဂေါက်အိတ်ကောက်လွယ်၍ ထွက်သွား သည်။

"တစ်ယောက်ရှိနေရင် လုံလောက်ပါတယ် အန်ကယ်"

တံခါးပိတ်ရင်း စိမ့်သူက လှမ်းပြောဖြစ်အောင် ပြောလိုက် သေးသည်။

"စိမ့်သူရေ. . . ထမင်းစားခန်းကို လာဟေ့"

"နင့်ဖို့ နန်းကြီးသုပ် ရှယ်,ဝယ်လာတယ်၊ နင်ကြိုက်တယ် ဆိုတဲ့ ဘူတာရှေ့က ဆိုင်က ဝယ်လာတာ၊ ဖုန်းနဲ့ပြောမယ့် အံ့ဖွယ် သုတလည်း ဖုန်းနဲ့ မပြောချင်လို့ ငါလာတာ"

ရည်မွန်က ဗိုးကို တွန်းထုတ်၍ ကုလားထိုင်တွင် ဝင်ထိုင် သည်။ ဇတ်ခနဲ တွန့်၍. . .

"ဟမလေး. . အ"

ခါးဆစ်က ကျင်ခနဲဖြစ်၍ ခြေတစ်ဖက်ဆီ တန်း၍ကျင်သွား သည်။

"ဟဲ့. . . ဘာဖြစ်သွားလဲ ရည်မွန်!"

"ကျွတ်. . ကျွတ်. . ရတယ်. . ရတယ်၊ ငါစားချင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆင်းချလိုက်လို့"

"နင်ကလည်း. . . ဖြည်းဖြည်းလုပ်ပါဟယ်၊ ပေးပေး. . . ငါ နယ်ပေးမယ်၊ ကိုယ့်ရောဂါက အရှင်းပျောက်သေးတာ မဟုတ်ဘူး၊ အမြဲသတိရှိနေရမယ့်ဥစ္စာ"

ရည်မွန်က ဟင်းချိုသောက်ရင်း. . .

"ပြောစမ်းပါဦး. . . အံ့ဖွယ်သုတဆိုတာ"

"ဟိုတစ်နေ့က ဖုန်းဝင်လာတယ်လေ၊ အညိုလေးဆီက ဖုန်းနံပါတ် ရည်မွန်ဆီက ရလို့တဲ့"

"အေးလေ. . . ငါ့ဆီ ဆက်ပြီး ကျွန်တော်တွေ့တွေ့ချင်း စိမ့်သူကို ဂျစ်တိုက်မိတာ ပြန်တွေးတိုင်း စိတ်မကောင်းဖြစ်နေမိပါ တယ်တဲ့၊ အခု ကျွန်တော် ရေနည်းနည်းလျှံနေလို့ တောင်းပန်ရင်းနဲ့ တစ်ခုခု ကျွေးပါရစေတဲ့၊ နှစ်ယောက်ချင်း မဟုတ်ပါဘူးတဲ့၊ အုပ် ထွေးလည်း ပါ့ပါတယ်တဲ့၊ သူ ဂီတာတီးနေပါတယ်တဲ့၊ အသံတောင် ကြားနေရသေးတယ်၊ ငါလည်း နင့်ဖုန်းနံပါတ် ပေးလိုက်မိတယ်"

"တော်သေးတယ်. . . ငါအလုပ်အားနေချိန် တိုက်ရိုက် တွေ့လို့၊ ဖုန်းထဲကျတော့ ရိုရိုကျိုးကျိုးလေးဟ၊ တောင်းပန်ပါတယ် ဘာညာပေါ့ဟယ်၊ တစ်ခုခု ကျွေးချင်ပါတယ်တဲ့. . ဟဲ့. . ဟဲ့၊ ငါ လည်း ဗိုက်ဆာတာဟာ ဖြစ်နေတာလေ၊ ငါနေတဲ့နေရာ ပြောလိုက် တော့ နီးနီးလေးပဲတဲ့၊ ကျွန်တော်တို့ သီရိမြိုင်ဘူတာနားမှာ ကား ရပ်ထားတယ်တဲ့၊ ကားနံပါတ်ပြောတယ်၊ တစ်အောင့်နေရင် ကား နားက စောင့်နေမယ်တဲ့၊ ဘာရမလဲ. . . ငါ ရေအမြန်ချိုး လှတပတ တွေ လုပ်ပြီး အပြံစားပေါ့ဟယ်၊ အိမ်နေရင်း ဆွဲဆောင်မှုလည်း





ရှိနေအောင် လုပ်ပြီး ထွက်လာတာပေါ့၊ ဟုတ်ပ. . . ကားတော့ ရှိတယ်၊ လူမတွေ့ဘူး၊ ငါ ဟိုနားပတ်လျှောက် ဒီနားပတ်ချောင်းပေါ့၊ ကားထဲ အိပ်နေလား မသိမသာ သွားချောင်းရသေးတယ်၊ ဘူတာဆို တော့ အလစ်သုတ်သမ ထင်မှာလည်း စိုးရသေးတယ်လေ၊ ဆယ့်ငါး မိနစ်လောက် ကြာတယ်. . . ရှာမတွေ့ဘူး၊ ဘူတာရှေ့ လမ်းဘေး ပလက်ဖောင်းပေါ်က သူတောင်းစားဗုံသံနဲ့ ပလွေသံတော့ ကြား နေရတယ်၊ နည်းတဲ့လူအုပ် မဟုတ်ဘူး. . . အုံခဲနေတာ၊ အဲ့ဒီလူအုပ် ထဲ မသိမသာ ပတ်ရှာနေမိ တာပေါ့ဟယ်၊ ကျောကုန်းတွေချည်းပဲ မြင်နေရတာဆိုတော့ မျက်နှာ မြင်မှ ငါက မှတ်မိမှာလေ၊ လူအုပ်ထဲ အတင်းတိုးရတာပေါ့၊ ငါ့လို ဒီဇိုင်းမျိုးက သူတောင်းစားဗုံဝိုင်းထဲ အတင်းတိုးနေပုံကြီး နင်မြင်ကြည့်တော့ ရည်မွန်ရယ်၊ ရှက်လည်း ရှက်ပါရဲ့"

ရည်မွန်က မြင်ယောင်လာ၍ စားရင်း ရယ်နေပြီဖြစ်သည်။

"ငါ့ဒီဇိုင်း ငါ့အရွယ်နဲ့ အဲ့လိုတိုးဝှေ့ကြည့်တာလည်း အဲ့ဒီ တစ်ပြို့တစ်မကြီးထဲ ငါတစ်ယောက်တည်းလေဟယ်၊ အုံ့သြဝိုင်း ကြည့်ကြ နောက်ကြပြောင်ကြပေါ့. . နင်စဉ်းစားကြည့်၊ အဆိုတော် နောက်ကျနေတာကွ. . . ဖယ်ကြဖယ်ကြတဲ့၊ ငါလည်း ရှက်လည်း ရှက် သူတို့ကို ဒေါသလည်း ထွက်နေပြီလေ၊ တွေ့ရင် ထုရိုက်မိမ လား မသိဘူး၊ လူအုပ်အလယ်ရောက်ပြီး ဝိုင်းထဲကို မကြည့်အား သေးဘူး၊ အပြင်လူတွေကို ပတ်ကြည့်ရတာပေါ့. . . မတွေ့ဘူး၊ နောက်ဆုံးမှ သွားတွေ့တာ၊ သူတောင်းစား ဗုံသမားဘေးမှာ နင့် ကောင် အဝါကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်. . ."

"နင့်ကောင် အုပ်ထွေး ပလွေမှုတ်နေတာ၊ မြေကြီးပေါ်မှာ နှစ်လုံးမြေကျ အကျအန ထိုင်လို့၊ ဂျင်းဘောင်းဘီအဖြူမှာ ဖုံတွေ ပလဲလို့၊ သဲကတ္တီပါပေါ် ထိုင်ထားတာ၊ မျက်လုံးစုံမှိတ် ဈာန်အပြည့်နဲ့ မှုတ်နေတာ၊ သူ့နောက်မှာ ဟိုအစုတ်ပလုတ် စတိုင်ဘောင်းဘီနဲ့ ဖင်ထိုင်ချပြီး ရှူးဖိနပ်တစ်ဖက် ချွတ်ပြီး မြေကြီးပေါ် ဒရမ်ရိုက်နေပုံ၊ နင့်ကို ငါပြချင်လိုက်တာဟာ၊ တကယ်ကို အော်ဂက်စတြာဝိုင်းထဲ ဈာန်ဝင်နေသလိုကို စိတ်လွတ်ကိုယ်လွတ် ဆော်နေကြတာ၊ ပရိသတ်တွေလည်း သူတို့နား ဖိနပ်ဖင်ခုပြီး ငုတ်တုတ်ပတ်ထိုင်နေကြတယ်ဟာ၊ တကယ့်ပညာရှင် ရှိုးပွဲကို ဂရင်းစတင်းက ခန့်ခန့်ကြီး ကြည့်နေရသလိုပဲ"

"ရေအေးလေး သောက်လိုက်ဦး စိမ့်သူ၊ ပါးစပ်အမြှုပ်ထွက်နေပြီ. . ဟင်း. . ဟင်း"

"နင် ရယ်နေ. . . ငါလေ ဒေါသထောင်းခနဲဖြစ်သွားတယ်၊ ခဲလုံးရှာသေးတယ်. . ထုမလို့၊ မတွေ့လို့၊ နင်စဉ်းစားကြည့်၊ တကူးတက မိန်းကလေးတစ်ယောက်ကို လှမ်းချိန်းထားပြီး သူတို့က ပလက်ဖောင်းပေါ် သူတောင်းစားနဲ့ လာပျော်နေကြတယ်လေ၊ ပိုက်ဆံတွေကလည်း သူတို့ရှေ့မှာ ပုံလို့၊ ငါက အဲ့ဒီသူတောင်းစားလောက်တောင် သောက်ရေးမပါတော့တဲ့ပုံမျိုးလေ၊ ငါဒေါသဖြစ်နေတာက ဘေးဘီက ရိပ်မိလာမှ ဝိုင်းကြည့်နေမှ ငါ မနည်းချုပ်တည်းပြီး တိုးထွက်ခဲ့ရတယ်၊ ဟင်း. . . ဒင်းတို့တော့လား၊ တွေ့မယ် နှစ်ကောင်စလုံး"

"အောင်မာ. . . ကိုယ့်ကောင်ကိုယ် ကြိမ်းပါနော်"





ရှုံးရှုံးရဲ့ရဲ့ဖြစ်နေသော စိမ့်သူကို ကြည့်၍(ပုံရိပ်တွေကို အာရုံထဲ တွေး၍)ရည်မွန်က တအစ်အစ် ရယ်နေသည်။

"ဟယ်. . . နင်က ရယ်နေတယ်၊ ငါ့ဘက်က ဒေါသဝိုင်း မဖြစ်ပေးဘဲနဲ့"

"နင့်ဘက်က ကြည့်ရင် အဲ့လိုဖြစ်တာ သဘာဝ ကျပါတယ်၊ နင်ဒေါသဖြစ်သင့်တာပေါ့၊ ဒါပေမယ့် သူတို့ဘက်က ကြည့်ရင် သူတို့က အားတစ်ခ်တွေလေ၊ အနုပညာကို ရူးသွပ်နေသူတွေလေ၊ သူတို့ ဗုံသံလေး ကြားမယ်၊ မုဒ်ဝင်သွားမယ်၊ ဗုံသံနောက် ထပ်ချပ်မခွာ လိုက်သွားနိုင်တယ်၊ သူတောင်းစားဆိုတာ မရှိတော့ဘူး၊ ဘူတာရှေ့ ပလက်ဖောင်းဆိုတာ မသိတော့ဘူး၊ မြေကြီးတို့ သဲကတ္တီပါတို့ အာရုံထဲ မရှိတော့ဘူး၊ ဈာန်နဲ့ မျောပါသွားမှာပေါ့"

"မျောပဲ မျောနိုင်ပါပေ့. . . လူမြင်ကွင်းကြီးထဲ"

"အွန်. . . သူတို့က နာမည်မကျော်သေးဘူးနော်၊ နာမည်ကျော် ထူးအိမ်သင်တောင် အဲ့လိုဖြစ်ဖူးတယ်တဲ့၊ ထူးအိမ်သင် ငါးနှစ်မြောက် အမှတ်တရမှာ သျှီနဲ့ရွှေကျော်ကျော် အင်တာဗျူးခန်းလေး ဟတ်(တ်)ထိတယ်. . . အရမ်းကောင်းတာပဲ၊ ထူးအိမ်သင်ကို အရင်ကထက် ငါပိုလေးစားသွားတယ်၊ ဟာဟ. . . သူလည်း ထူးအိမ်သင်လို မုဒ်မျိုးပဲ. . . မိုက်တယ်၊ အဝါလေးရေ. . မင်းကို တို့ ပိုလေးစားသွားပြီ"

"ကောင်မစုတ်. . . ငါက မုန့်လည်း ကျွေးရသေးတယ်၊ ငါ့ဘက်ကလည်း လိုက်ပြီးမနာဘူး၊ ငါ နည်းနည်းအိုက်တယ်ဟာ၊ ရေချိုးပြီး အကျီလဲချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ခန်းထဲက ချိတ်မှာ အင်္ကျီရှန်သားအပါးလေးတွေ ရှိတယ်၊ နင်ကြိုက်တာယူဝတ်၊ ငါတော့ စားပြီးရင် အခွေကြည့်ဦးမယ်၊ နောက်မှ ပန်းကန်ဆေးတော့မယ်"

"နှမတော် ဆေးလိုက်ပါ့မယ် မမဖျာ၊ နင့်ခြေထောက် သိပ်မကောင်းသေးလို့ လုပ်ပေးတာနော်"

"ဒါကြောင့် ချစ်ရတာ"

"ဟမလေး. . . ဖက်တော့ မတက်လိုက်ပါနဲ့တော်"

အလွန်လှသော စိမ့်သူ၏ကိုယ်လုံးကိုတော့ ရည်မွန် ဖက်ဖြစ်အောင် တစ်ချက်လှမ်းဖက်လိုက်သေးသည်။

"ဩော်. . . ဒီလက်က"

စိမ့်သူ ရေချိုး၍ အိပ်ခန်းထဲ ဝင်သွားသည်။ သူမ ခွေကြည့်ရန် ပြင်နေစဉ်. . .

"ကရင် ရင်ရင်. . ရင်"

ဘဲလ်မြည်လာ၍ ဖွင့်လိုက်သောအခါ ဆုကီ ဝင်လာသည်။ ကြက်မွေးတံမြက်စည်းနှင့်။ ချွဲချင်လျှင် သားသားက မပီတော့ပြန်။ ပေါင်ပေါ် တက်ထိုင်၍. . .

"တားတားလည်း ကြည့်မယ်"

ဖွင့်လိုက်မိသောကား ကမ်းခြေ နေစာလှုံခန်းတွေ ပါနေသည်။ ဆုကီ ငြိမ်၍ကြည့်နေသည်။ ခဏအကြာတွင် စိမ့်သူ လွတ်လပ်ပေါ့ပါး အဝတ်စားနှင့် ဘေးမှာ လာထိုင်ကြည့်သည်။ ခေါင်းဖြီးသည်။ နေစာလှုံနေသော မိန်းမလှတွေကို ငြိမ့်ကြည့်နေသောဆုကီကို စောင်းကြည့်သည်။ ရည်မွန်ကို လှမ်း၍မျက်ရိပ်ပြသည်။ ဒီကောင်



လေး ဘာသိလို့ ငြိမ်ကြည့်နေတာလဲပေါ့. . ဟူသော မျက်ရိပ်ဖြစ်သည်။ ရည်မွန်ကလည်း ဒီအရွယ်လေးနှင့် သိများသိနေလား ဟူသော သံသယ ဝင်လာ၏။ ရုပ်ရှင်ထက် ဆုကီကို မသိမသာ နှစ်ယောက်စလုံး အကဲခတ်ရင်း ခပ်အုပ်အုပ် ပြုံး၍ကြည့်နေကြစဉ် စောင်းငဲ့၍ ဆုကီက. . .

"မမရည်မွန်. . မမရည်မွန်. . သူတို့ ကရင် ကရင်တွေက ဒီအိမ်က ကရင် ကရင်ထက် ပိုကြီးတယ်နော်"

ရည်မွန်ကတော့ မပြုံးဘဲ ဝါးလုံးကွဲ ရယ်ချလိုက်မိသည်။ စိမ့်သူက ရည်မွန် ဘာရယ်မှန်းမသိ။

"ဟဲ့. . . ရည်မွန်၊ ဘာရယ်တာလဲဟဲ့၊ ဆုကီက ဘာပြောတာလဲ!"

"ဟင်းဟင်း. . . ဒီကောင်လေး သိတယ်ဟ၊ အခန်းဝက Bell က သားမြတ်ပုံလေးလေဟယ်၊ နင်သတိမထားမိဘူးလား၊ အရင်အိမ်ရှင်ချာတိတ်တွေ တပ်သွားတာ၊ ဘဲလ်ကို သူက ကရင် ကရင်လို့ ပြောတာ"

ခုမှ သဘောပေါက်သော စိမ့်သူက အားရပါးရ ရယ်ရင်း ခွေးလေးဆိုပြီး ဆုကီကို ရည်မွန်ပေါင်ပေါ်က ဆွဲယူသည်။ ပါးကို ဘယ်ပြန်ညာပြန် နမ်းရင်း သူမနှင့် မျက်နှာချင်းဆိုင် ပေါင်ပေါ် ဆွဲထိုင်ခိုင်းရင်း ဖက်ထားသည်။ ရုပ်ရှင်ထဲက မိန်းမက အပေါ်ပိုင်းကို နေစာအပြည့်လှုံရန် အတွင်းခံ ချွတ်နေ၍လည်းဖြစ်သည်။ ဆုကီကို သူမ ရှက်တက်တက် ဖြစ်လာသည်ထင့်။ သိလည်း သိတတ်လွန်းနေသည်လေ။ ပြီးတော့ ယောကျ်ားပေါက်စလေးလေ။

www.burmeseclassic.com

www.burmeseclassic.com



ဆုကီက သူမပေါင်ပေါ်မှာ အတင်းလျှောဆင်းသွားပြီး ဧည့်ခန်းထဲ ဘာရှာနေသည်မသိ။

ဒီကောင်လေး ရုပ်ရှင်စိတ်မဝင်စားရင် ပြီးရောဟု လွှတ်လိုက်ပြီး စိမ့်သူ ရုပ်ရှင်ထဲ အာရုံပြန်ရောက်နေစဉ်. . .

ဆုကီက ကြက်မွေးတံမြက်စည်းနှင့် ဆိုဖာဘေးက ကုန်းကုန်းကွကွလေး လာနေသည်။ ရည်မွန်က မြင်နေရသည်။ ဆုကီက ပါးစပ်ကို လက်ညှိုးကန့်လန့်တင်၍ ရှူးတိုးတိုးဟု လုပ်ပြ၍ သူမ မသိချင်ဟန်ဆောင်ရင်း ကြည့်နေစဉ်. . .

အောက်ခံမပါသော စိမ့်သူရင်ဘတ်ကို တံမြက်စည်းရိုးနှင့် လာထိုးသည်။ စိမ့်သူက လန့်၍. . .

"ဟဲ့!. . . ပလုတ်တုတ်. . မုတ်တုတ်"

"ဟာ. . . ကရင် ကရင် ကရင်လို့ အော်လေ"

ရည်မွန်က အူတက်မတတ် ရယ်နေသည်။

"မမစိမ့်သူက အော်လေ၊ ကရင်. . ရင်. . ရင်ရင်လို့ အော်လေ"

"အေး. . . အေးပါဟာ၊ အရမ်းတော့ မထိုးနဲ့"

"သားသားက မမှီလို့ ဒါနဲ့ နှိပ်တာ၊ ထိုးတာ မဟုတ်ဘူးလေ"

"ဟုတ်တယ် စိမ့်သူ၊ သူက ဘဲလ်ကို မမှီတော့. . . ဟင်းဟင်း. . . ကြက်မွေးနဲ့ နှိပ်နေကျဟဲ့၊ မြည်ပေးလိုက် မြည်ပေးလိုက်"

"နှိပ်ပြီ"

"ကရင်. . ရင်ရင်ရင်"

"နှိပ်ပြီ. . . ကရင်ရင်ရင်ရင်. . ကျယ်ကျယ်အော်နော်"





"ဟုတ်ကဲ့ပါရှင်. . ကရင်. . ရင်ရင်ရင်ရင်ရင်"

ရည်မွန်က ရယ်ရင်း. . .

"ဆုကီ မတ်တတ်ရပ်ကြည့်၊ သားသား မှီတယ်၊ တံမြက်စည်း မလိုဘူး. . . ဒီတိုင်းနှိပ်"

"ရည်မွန် ကောင်မစုတ်. . ကလေးကို၊ ဟေး. . . ဆုကီ. . ဆုကီ. . ကရင် ကရင် ကရင် ကရင်"

ပျော်ရွှင်လွတ်လပ်သောရယ်သံများ ပါးစပ်ဘဲလ်သံနှင့်အတူ ကွန်ဒိုအခန်းထဲ လွင့်ပျံ့နေလေ၏။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ကြီး ဆိုင်ပိတ်ပြီးချိန် ဒီဇင်ဘာ နောက်ဆုံးညမို့ (X's EVE) ဂီတပွဲနှင့် သူတို့အဖွဲ့ ကာလသားဟင်း ချက်စားရန် ပြင်ဆင်နေကြသည်။ ရဲဘော်ကြီးက ဝီစကီငါးလုံး(လေးထောင့်ပုလင်း) ဒကာခံသည်။ သူတို့အဖွဲ့က ဘူးသီးကြက်သားနှင့် ဘာဘီကျူး အသားကင်များ တာဝန်ယူသည်။ ဆိုင်ရှေ့မြမ်းကို ခုံတွေ သိမ်း၍ မီးဖိုကြီး ဖိုထားသည်။

ရည်မွန်တို့ တိုက်ခန်းဘက် မျက်နှာစာဖွင့်၍ မြေကြီးပေါ်တွင် ဟာရပတ်ခင်းပြီး အောင်တင့်က စက်အလတ်စားတွေ ဆင်နေသည်။ AMP-MIXER နှင့် ဆောင်းဘောက်နှစ်လုံး၊ မိုက်ခရိုဖုန်းနှစ်လုံး၊ (Stand နှင့်) လျှပ်စစ်ပော်လီဂီတာတစ်လုံး၊ ဝီးကြက် ငှားလာသည့် BASS ဂစ်တာတစ်လုံးသာပါသော မြေဝိုင်းဂီတဆည်းဆာပွဲလေး ခင်းကျင်းနေသည်။ ထွန်းစန်း(ကဒေါ်)က. . ပါကားရှင်း(ပုံ)နှင့်





ထန်းမရင် ပါလာသည်။ ပြည့်စုံနေပြီဖြစ်သည်။ ရဲဘော်ကြီးနှင့်သူက တိုင်ပင်ဆွေးနွေးပြီး ခေါင်းစဉ်ကို ဘလက်ဘုတ်တွင် ရောင်စုံမြေဖြူနှင့် ရေးနေသည်။ ရဲဘော်ကြီးက သူ့ဆိုင်းဘုတ်ကို ဟေလိုဂျင်မီးနှင့် ဆလိုက်ထိုးရန် ပြင်ဆင်နေသည်။

"ကမ္ဘာဦး သူဖုန်းစားည" ဆိုသော လှလှပပ စာတန်းလေး မီးရောင်အောက်တွင် ထင်ရှားလာသည်။ ဆိုင်ထဲရှိ ရေတမာ ခရေပင်နှင့် ဗာဒံပင်ပေါက်များပေါ်တွင် မှိတ်တုတ်မီးရောင်စုံများကို ရဲဘော်ကြီးနှင့် သူ့ဆိုင်ဝန်ထမ်းများက ထွန်းညှိတပ်ဆင်ပြီး ဖွင့်လိုက်သည်။ ဆိုင်ကို သံဆူးကြိုး သံဆန်ကာများနှင့် ကာရံထားသမို့ စိတ်ဝင်စားသူတို့ အပြင်ကသာ ငေးကြည့်ရတော့သည်။ လှလှပပ ပျော်မြူးဖွယ် မြင်ကွင်းလေးပင်။

"ဟဲလို. . တက်စတင်း. . ဝမ်းတူး သရီး ဖိုး၊ ဟဲလို. . . တက်စတင်း ဝမ်း တူး သရီး ဖိုး၊ ကျေးဇူးပြု၍. . ၍. . ၍. . နား. . နား. . နား. . ဆင်ပါ ခင်ဗျာ. . ဗျာဗျာဗျာ၊ ဝီးကြက် အက်ကိုး နည်းနည်းလျှော့ လျှော့ လျှော့ လျှော့လျှော့၊ (. . .)ကောင်. . အဲ့ဒါ တင်တာဟ၊ အေး. . . ရပြီ"

(. . .)ကောင် ဆိုသောအသံက ညဉ့်ယံကို ကန်ထွက်သွား၏။ ပွဲတင်သံနှင့်။ အစီစဉ်မှူး(အနောင့်ဇာ) လုပ်မည့်ထွန်းစန်း နောက်ဖေးက ပြေးထွက်လာသည။ ခါးမတစ်ဖက်၊ ကြက်တစ်ခြမ်း တစ်ဖက်နှင့်. . .

"ဟော့ကောင်တွေ. . . မိုက်နားကပ်ပြီး အယုတ္တအနတ္တတွေ ကွာ၊ မိုက်နဲ့ခွာဆဲ. . . မိုက်နဲ့ခွာဆဲဟ၊ အပြင်ပတ်ပလစ်ဆီကို နား



www.burmeseclassic.com

www.burmeseclassic.com



ညှံ့ညှံ့ သိမ်သိမ်မွေ့မွေ့အသံနဲ့ စပြီးမိတ်ဆက်မှ ကိုယ့်ဘက် ပါလာမှာပေါ့၊ မင်းတို့က. . (. . .)ပဲ"

နောက်ထပ်မိုက်တစ်လုံးကို ဝီးကြွက်က အသံစမ်းရန် ထွန်းစန်း ပါးစပ်နားသို့ ဘေးကနေ ကပ်အပေး၌ ထွန်းစန်း၏ ချီးပဲ အသံကြီးက ဟည်းထွက်လာပြန်သည်။

"ဟော့ကောင် ဝီးကြွက်၊ မင်းဘယ်လိုလုပ်လိုက်တာလဲ"

"မင်းဆဲလိမ့်မယ်လို့ ငါမှ ထင်မထားတာ၊ ငါက အသံ အင်ဂျင်နီယာလေ၊ မင်းစကားသံနဲ့ အက်ကိုးချိန်မလို့ ရှောင်တခင် စစ်ကြည့်တာ၊ မင်းဟာမင်း ထဆဲတာလေ"

ထိုအသံတွေပါ အပြင်ကို ထွက်နေသည်။

သူက မိန်းခလုတ်ကို အပြေးဆွဲပိတ်ရလေသည်။ ရဲဘော်ကြီးက ရယ်၍. . .

"မင်းတို့က ရပ်ကွက်ကို အတွင်းပစ္စည်း အရင်ကြော်ငြာတာကိုးကွ"

ဝီးကြွက်က မိန်းပြန်ဖွင့်၍ မိုက်ကိုင်ကာ မြန်မာပြည်သိန်းတန် လေနှင့်. . .

"မိဘပြည်သူများခင်ဗျာ. . . မိဘပြည်သူအပေါင်း သူတော်ကောင်းတို့ခင်ဗျာ၊ ကျွန်တော်များ အနူးညွတ် တောင်းပန်ပါတယ်၊ နားနဲ့မနာ ဖဝါးနဲ့ နာပါခင်ဗျာ၊ အခုန (. . .)ကောင်တို့ (. . .)ပဲတို့ဆိုတာ မိဘပြည်သူများကို စော်ကားတာ မဟုတ်ပါဘူးခင်ဗျာ၊ အမှန်က အယ်လ်အီးအီး လီပါခင်ဗျာ၊ နာမည်ကျော် ဘရုစ်လီရဲ့စာလုံးပေါင်း လီပါခင်ဗျာ၊ ပီကင်းက လာတဲ့ DNA တစ်မျိုး





စပ်ဖောက်ထားတဲ့ ဘဲမျိုးသစ်ဖြစ်ပါတယ်၊ ရှားရှားပါးပါး သုတေသနထုတ် လီဘဲနှစ်ကောင်ရထားလို့ ကျွန်တော်များ ဘူးသီးနဲ့ကာလသားဟင်းချက်ရင်း ငြင်းခုန်နေခြင်းသာ ဖြစ်ပါတယ်၊ ဆဲဆိုရေရွတ် ရိုင်းပျခြင်း မဟုတ်ကြောင်း သိစေအပ်ပါတယ်ခင်ဗျာ၊ ဟုတ်ကဲ့. . (. . .)ကောင်တို့ (. . .)ဘဲတို့ဆိုတာ မိဘတို့ စားနေကျ ပီကင်းဘဲထက် အမောက်နည်းနည်းထွားပြီး အမွေးများပါတယ်၊ အကောင် နည်းနည်းကားပါတယ်၊ ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်"

ဝီးကြွက် ရှင်းပြနေပုံက တကယ်ပဲ(. . .)ဘဲကို ချက်စားနေကြသယောင်ယောင်မို့ ရဲဘော်ကြီး သွားတွေ ပေါ်အောင် တဟားဟား ရယ်တော့သည်။ ကျတဲ့ကောင်ကွာတဲ့။

"ဝက်ကြီး. . ဝက်ကြီး. . တစ်ခွက်ထဲပါဗျာတဲ့၊ ငါ့ဝီစကီကို ငါးကြင်းခွက်နဲ့ အပြည့်ဆော်ထည့်ပြီး အာဝဇ္ဇန်းရွှင်နေပုံများ. . . ဟားဟားဟား၊ ပုလင်းတစ်ဝက်ပြောင်နေပြီ. . . အမှီလိုက်ကြမှဖြစ်မယ်၊ ကဲ. . . အသားကင် ကျက်ရင် ဝိုင်းစမယ်ဟေ့"

"ကဒေါ်ရေ. . . စားဖို့မှူးရေ. . . ဝိုင်းစမယ်ဟေ့"

"ငါယူလာတဲ့ဘီယာတစ်ကဒ် ဆွဲခဲ့ဟေ့. . . အေးလောက်ပြီ"

(အောင်တင့်အသံ)

မီးပုံကြီးဘေး ဝိုင်းဖွဲ့ကြသည်။ သူက ဂီတာကြိုးများ ညှိနေသည်။ အကြော်ဆရာနှင့် စားပွဲထိုးလေး "စိုင်း" က ဟောလိုဂျင်မီးချောင်းတစ်ချောင်းကို ပလာတာမီးဖိုက စည်ပြတ်ကြီး စွပ်၍ ကြိုးညှိနေသော သူ့ကို စပေါ့လိုက် ပေးထားသည်. . . အကွင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိုက်သည်။ စိုင်းက ဝီစကီ ရောထားသော ဘီယာဘူး သူ့ဘေးနားက Soundbox ပေါ် တင်ပေးသည်။

ကြွက်ဆီဘူးကင်ပန်းကန်ပါ ပါသည်။

"မင်းဟာ အလိမ္မာဆုံးပဲ စိုင်း၊ တောင်ကြီးက လာတဲ့အထဲ မင်းပဲ ကြီးပွားမယ့်ကောင် ပါတယ်"

"သူဌေးသမီးကို ယူတော့မှာဗျ၊ မနေ့က ကိုအောင်တင့်မရီး မွေးတဲ့ကောင်မလေး ချောတယ်ပြောတယ်"

"မင်းအသက်က အခု ဘယ်လောက်လဲ"

"ဆယ့်သုံးနှစ်"

"မင်း လူပျိုကော ဖြစ်ပြီလား"

"ကိုးနှစ်သားထဲက ဖြစ်နေတာ"

"ဟေ့ကောင်လေး. . . တိုးတိုးလုပ်ပါဆို၊ မင်းမရှက်ဘူးလား!"

"ရှက်စရာလားဗျ. . . ဒါ သဘာဝတရား၊ ဘာညစ်ညမ်းတာ ပါလို့လဲ၊ ဓမ္မတရားစစ်စစ်ကြီးပဲ. . . ပရမတ္တသစ္စာပဲဟာ"

"တော်တော်. . ဟေ့ကောင်၊ လူက မြန်မာပြည်မှာ၊ မင်းလျှာက အာဖရိက ရောက်နေပြီ"

"တင်. . တင်. . တောင်. . ဒင်"

သူ ဘီယာဘူး ကောက်မော့ရင်း ဖင်ကို ကန်ပြမှ ထွက်ပြေးသွားသည်။ ထွန်းစန်း အင်္ကျီဘောင်းဘီလဲ၍ သူ့နား ရောက်လာသည်။ မွှေးထနေ၏။

"ဟေ့ကောင် ကဒေါ်. . . မင်း စားဖို့မှူးတာဝန် ပြီးပလား!"





"ဆရာဆိုတာ ညွှန်ကြားရုံပဲလေကွာ၊ အကြောဆရာ ညွှန့်ကြိုင်နဲ့ စိုင်းတောင်ကြီး ဆက်လုပ်လိမ့်မယ်၊ ငါက မြည်းရုံပဲ၊ ကဲ. . . အစီအစဉ် ပထမပိုင်းလေး စလိုက်ရအောင်. . . ကိုးနာရီခွဲနေပြီ"

စပေါ့လိုက် သူ့ဆီ ထိုးပေးရန် ရဲဘော်ကြီးကို အချက်ပြလိုက်ပြီး ထွန်းစန်း စာရွက် အိတ်ထဲက ထုတ်သည်။ မိုက်နား ကပ်သွားသည်။

"အဟမ်း. . : အဟမ်း"

ထွန်းစန်းက ဓမ္မာရုံ(အနောင်ဇာ)အကျိုးဆောင်လည်း ဖြစ်သဖြင့် အပြင်က ဆိုက်ကားဘော်ဒါတွေ လှမ်းအော်သည်။ တစ်ယောက်အတိုင်. . .

"ပထမဆုံး နမောတဿ သုံးကြိမ်ရွတ်ဆိုလိုက်ကြရအောင်"

သောသောညံသွားသော အဖောက်သံများဖြစ်ပါသည်။

တဝေါဝေါရယ်သံတွေလည်း အပြင်ပရိသတ်ဆီက ထွက်လာ၏။ ထွန်းစန်းက အားကျမခံ ရုပ်တည်နှင့် မိုက်နားကပ်၍ ကြာနီကန် သံဌာန်နှင့်. .

"အနတ္တ ကပ္ပသဥိဏ. . ပါရမိနာဇိနဗ္ဗာဝံ ပတွာ တာရေသိဒမ္မကံ သောပါတုသာသနေစိရံ"

(ဓမ္မာရုံ နမောတဿ ပြီးလျှင် သူရွတ်နေကျကို ခပ်တည်တည်ပင် ရွတ်ချလိုက်ခြင်းဖြစ်သည်။) ပွဲကျသွားပြန်သည်။ အတိုင်သမားက. . .

"မှန်စွာမသွေ. ."

ဝိုင်းအော်သံက "ပြန်ပါလေတော့. . . ပြန်ကြလေကုန်



www.burmeseclassic.com

www.burmeseclassic.com



သတည်း" တဲ့။

ပြီးမှ စပ်ဖြဲဖြဲမျက်နှာပေးနှင့် ထွန်းစန်းက. . .

"ကျွန်တော်ကတော့ နမောတဿ ကြားရင် အော်တိုရွတ်နေကျကို ရွတ်ချလိုက်မိတာပါပဲ၊ အကျင့်ပါနေလို့. . . ဟင်းဟင်း၊ ဒါပေမယ့် နေရာမှားနေတယ် ဘောဒါတို့ရေ၊ ဒါ ဓမ္မာရုံ မဟုတ်တာ ခုမှ သတိရသွားတာ၊ မပြန်ကြပါနဲ့ဦးခင်ဗျ. . . အခု ခင်းကျင်းထားတာက နှစ်တစ်နှစ်ရဲ့နောက်ဆုံးည၊ တစ်နည်းအားဖြင့် ကမ္ဘာဦးသူဖုန်းစားည ဂီတပွဲခင်းလေး ဖြစ်ပါတယ်. . . မီးပုံပွဲပါပဲ၊ နေရာအခက်အခဲကြောင့် အပြင်ကပဲ နားထောင် အားပေးနိုင်ပါတယ်၊ ကဲ. . . အတီးတော်များ၊ ရေချိန်မှန်ရင် ဝိုင်းထဲ ဝင်ကြပါခင်ဗျာ"

ဝီးကြက်က ဘော့စ်၊ အောင်တင့် ရစ်သမ်၊ ထွန်းစန်း ပကားရှင်းနှင့် သူ(အုပ်ထွေး)က ပလွေနှင့် အတီးချည်းပဲ စဖွင့်သည်။ ညီညွတ်မြိုင်ဆိုင်သော ဂီတဆည်းဆာလေး ညဥ့်ယံထဲ ဆင်းသက်လာသည်။ အတီးပိုဒ် ဆုံးသောအခါ လက်ခုပ်သံများ ထွက်လာ၏။

စိုင်းတောင်ကြီးလေးက အောင်တင့်ကို လာကပ်ပြောသည်။

"ကိုအောင်တင့်ဧည့်သည်တဲ့. . . နောက်ဖေးပေါက်မှာ ဘာဘူနဲ့ ညီမ မီးမီးတဲ့၊ ရဲဘော်ကြီးက ဖွင့်ပေးလိုက်ရမလားတဲ့"

"ဟော. . . အမြန်ဖွင့်ပေးလိုက်၊ ငါဖိတ်ထားတာ၊ လိုအပ်သလို ဧည့်ခံထားလိုက် ချာတိတ်"

"ဟုတ်. . ."

သီချင်းတွေ ဆိုကြသည်။ ဝီးကြက်က ခပ်မောင်တိုး၊ အောင်တင့်က လေးဖြူ အငဲ၊ ထွန်းစန်းက ဗိုလ်ထီး။





မကြာမီ. . .

လက်ဖက်ရည်ပန်းကန်နှင့် ကော်ဖီချိုရှုရှုတွေ ရောက်လာသည်။ အတီးအဆိုတွေ ဟာမိုနီ ပိုဖြစ်လာသည်။ သူ စောစောကတည်းက ရည်မွန်တို့ ဝရန်တာမှ Pointer အနီတန်းလေး သူ့ဆီ လှမ်းလှမ်းထိုးသည်ကို မြင်နေရသည်။ အောင်တင့်က လက်လှမ်းပြသည်။

ရည်မွန်ရော စိမ့်သူပါ ဝရန်တာမှာ ရှိနေကြောင်း သိထားပြီးဖြစ်သည်။ အောင်တင့်ကို စိမ့်သူက စိတ်ကောက်ဆဲ အခြေအနေဖြစ်သည်။ သူနှင့်ရည်မွန်ကတော့ ပို၍ရင်နှီးနားလည်လာသောအဆင့်တစ်ခုထိ ရောက်နေပြီဖြစ်သည်။ Soundbox တွေကို သူတို့ဘက် တည့်တည့် လှည့်ထားသဖြင့် သိပ်အကျယ်ကြီး Volume မတင်သော်လည်း ဝရန်တာက သူတို့ ကောင်းကောင်းကြားရပေမည်။

သူ့နေရာက လှမ်းမြင်နေရသော ခပ်မှောင်မှောင် တိုက်နံရံတစ်ခုတွင် လွမ်းပုံပြင်ဟု သုံးလေးခါပင် မီးနီတန်းနှင့် ရေးပြ တောင်းဆိုနေသည်။ သူ မုဒ်အပြည့်ထည့်၍ ဆိုပြလိုက်သည်။သီချင်းဆုံးသောအခါ ဝရန်တာမီး ဖွင့်ပြသည်။ ပြန်ပိတ်သည်။ ပြန်ဖွင့်သည်။ လက်ခုပ်တီး လက်ပြ၍ ပြန်မှိတ်သွားသည်။

ဆိုင်ရှေ့က ပရိသတ် တောင်းဆိုသော သီချင်းသုံးပုဒ်ကို ဖြေဖျော်ပေးလိုက်ပြီး ပထမပိုင်း ခဏနားသည်။ နည်းနည်းထပ်သောက်ကြ၊ ထမင်းစားကြသည်။ ဖက်ခင်းထမင်းပွဲမို့ ပျော်စရာကောင်းလှသည်။ ဆယ်နာရီခွဲပြီးဖြစ်နေပြီ။ ထိုစဉ် ပလက်ဖောင်းပေါ်မှ ဗုံသံလေး ထွက်ပေါ်လာခြင်းဖြစ်သည်။ အောင်တင့်က ဝမ်း



www.burmeseclassic.com

www.burmeseclassic.com

အားရ. . .

"ဟာ. . . အုပ်ထွေး၊ ဘူတာက တို့မိတ်ဆွေကြီး ဦးဘဇံကွ"

"တီးပါစေဦး. . . သူ့ပရိသတ်တွေ ရှိတယ်၊ တို့က လူစုပေးထားတဲ့သဘောပဲ၊ သူ့ဝမ်းစာ သူရှာပါစေဦး၊ ပြီးမှ ဖိတ်မန္တက လုပ်ပြီး အထူးအစီအစဉ်နဲ့ သူ့ကို စင်တင်ရင်း ပွဲဆက်ကြတာပေါ့၊ ဒီည ရှယ်ပဲကွာ"

သူတို့ နားနေသဖြင့် ပရိသတ်အားလုံး ဦးဘဇံဘက် လှည့်သွားကြသည်။ ပြည်လှဖေ သီချင်းတွေ ခင်မောင်ရင်သီချင်းတွေကို အတော်ပီပြင်ပိုင်နိုင် ဆိုနေကြောင်း ကြားရ၏။ ဝင်းဦး၏ခေတ်သစ် မေခါပီကိုတော့ ပရိသတ်က သံပြိုင်ပင် လိုက်ဆိုကြသည်။

ဘူးမမှတ်နဲ့ သမီးရယ်. .
ဖေဖေ့ကို ချစ်တယ်ဆို. .
ဖေဖေလေးကို ချစ်တယ်ဆို. .
ဆို. .ဆို. .ဆို. .
ကုန်လေမှမယ် ဗွာဆန်တို့ ဆံရစ်လေးက
တစ်ထွာတည်း. .လှလှပပမှ. .
သပွါယ်ကာ မြင်မတို့ ဒကာမတွေ ကြည်ညို
ဖေါ်. .ဖေါ်. .သီ. .သီမြင်မယ်. အိဖေကိုယ်
ဖျောင်းဖျောင်းဖျောင်း

လူအုပ်ကြားထဲ မီးလင်းထိန်နေ၍ သူတို့အားလုံး စည်းရိုးမှ ကဲကြည့်လိုက်သောအခါ လင့်ရိုဗာကားခေါင်မိုးပေါ်မှ မီးတွေကို ထိုး၍ Movie ကင်မရာနှင့် ဗီဒီယိုရိုက်နေသော နိုင်ငံခြားသားတစ်





ယောက်နှင့် မီးထိုးပေးသည့် မြန်မာနှစ်ယောက်ကို လှမ်းတွေ့ရသည်။ အောင်တင့်က မျိုးချစ်စိတ်ပြင်းထန်သူဖြစ်သည်။

"ဒီကောင်တွေ ဘာလုပ်တာလဲ မသိဘူး အုပ်ထွေး၊ နိမ့်ကျသေးသိမ်တာတွေ ရိုက်ပြပြီး ဒါမြန်မာလို့ ကမ္ဘာကို ထုတ်ပြတတ်တဲ့ ကုလားဖြူတွေ ရှိတယ်ကွ၊ လာ. . . သွားကြည့်ရအောင်"

"မင်း ဘာမှဝင်ပြီးဒေါမကန်နဲ့နော်၊ ငါ့အခြေအနေကိုကြည့်၊ ငါစကားပြောကြည့်မယ်"

သူက အင်္ဂလိပ်စကား ကောင်းကောင်းပြောချင်နေတာ လည်း ပါသည်။

"ရဲဘော်ကြီး တံခါးခဏဖွင့်ဗျာ. . . သွားကြည့်မလို့"

"နှိမ်တိမ်တိမ် လုပ်ရင် ပြောရင် ဆော်ပစ်ကွာ. . . ငါရှင်းမယ်"

သူပါ လိုက်မည်လုပ်နေ၍ အတင်းထားခဲ့ရသည်။ နှစ်ယောက်သား လူအုပ်ထဲ တိုးဝင်ကြသည်။ လမ်းပေးကြပါသည်။

"အလို. . ."

ခေါင်းဆောင်ဖြစ်ပုံရသူနှင့် ဦးဘဇံက အင်္ဂလိပ်စကား ကောင်းကောင်းပြောနေပါ့ကလား။ ဟိုလူက ကင်မရာကို ကြည့်၍ မိုက်နှင့် ပြောလိုက်၊ ဦးဘဇံကို မိုက်ထိုးပေး၍ မေးလိုက်၊ ဗုံလေးတွေ တီးခေါက်ကြည့်လိုက် လုပ်နေသည်။ ပညာရှင်တစ်ယောက်ကို အင်တာဗျူးသလို တရိုတသေ ဗျူးနေခြင်းဖြစ်သည်။ ဦးဘဇံကလည်း ဒီည၌မှာမှ လည်ကတုံးရှပ်ဖြူနှင့် ပင်နီတိုက်ပုံ တစ်ပတ်နွမ်းနှင့် ဦးဂျမ်းပုဆိုး ခပ်လတ်လတ်နှင့် သန့်ပြန့်နေသည်။ စဉ့်အိုးကို ထိုးထိုက်


www.burmeseclassic.com

www.burmeseclassic.com

နှင့် အုပ်ပိတ်၍ မျှော့ကြီးဆိုင်းရပုံ၊ ပတ်စာနယ်ပုံ၊ ကပ်ပုံတွေ အသံကို နားနှင့်ပတ်စာနှင့်ပင် လက်မနှင့် ထွန်းညှိရပုံတွေကို လည်လည်ပတ်ပတ် ပြောပြနေသည်။ Pronunciation ခေါ် အသံအနေအထားလည်း ဗွာန်ကရိုးဏ်းကျလှသည်။

"ဒီအလုပ် မလုပ်ခင်က ဘာလုပ်ပါသလဲ!"

". . . . ဗွာနက ရုံးအုပ်ပါ။ ခုတော့ ရှစ်နှစ်ရှိပါပြီ၊ အငြိမ်းစား ပေါ့၊ သားသမီးနှစ်ယောက် တက္ကသိုလ်ပို့ဖို့ ဒီအလုပ် လုပ်နေတာပါ"

"ဝန်ထမ်းဘဝက စုဆောင်းငွေ မရှိခဲ့ဘူးလား!"

"ကျွန်တော့်အားနည်းချက်က ရိုးသားဖြောင့်မတ်သူ ဖြစ်ချင်ခဲ့တာလေ"

ဗျူးသူ အင်မတန် သဘောကျသွားသောအဖြေ ဖြစ်ပုံရသည်။ ဟက်ဟက်ပက်ပက် ရယ်ပြီး. . .

"ခင်ဗျားဟာ သူတောင်စားတစ်ယောက် မဟုတ်ဘူး၊ သိပ်ကောင်းတဲ့ ပြည်သူပြည်သားတစ်ယောက်ဖြစ်တဲ့အပြင် အနုပညာနဲ့ ဝင်ငွေရှာနိုင်တဲ့ စံပြဖခင်ကောင်းတစ်ယောက်ပါပဲ"

ဟု မှတ်ချက်ပေးသည်။

သူတို့နှစ်ယောက်ကို မြင်သောအခါ ဦးဘဇံက မိတ်ဆက်ပေးသည်။

"ဒါလည်း ကျုပ်နဲ့ တီးဖော်တီးဖက် အနုပညာသမားတွေပါပဲ"

သူတို့၏ခေတ်ဒီဇိုင်းကို ကြည့်၍ မစ္စတာဒေဗီ ဆိုသူ အံ့သြနေသည်။ ဒီအကနှင့် ဒီ,ဒီဇိုင်းတွေ ဘယ်လို ပေါင်းမိပြီး ဘယ်လို





တူရိယာတွေ တီးခတ်ကြသလဲဟု မေးတော့သည်။ မျိုးဆက်သိပ်ကွာဟနေသည်တဲ့။

"ကျွန်တော်တို့ NATIONAL GEOGRAPHIC CHANNEL ကပါ၊ ခင်ဗျားတို့ ဝိုင်းဖွဲ့တီးမှုတ်တာကို မှတ်တမ်းတင်ခွင့်ပြုပါ၊ မှတ်တမ်းတင်ခွင့်ပေးတဲ့အတွက် ထိုက်တန်စွာ တုံ့ပြန်ပါ့မယ်"

ဤသို့နှင့် 'ကမ္ဘာဦး သူဖုန်းစားညှ'ထဲ ရောက်လာကြတော့သည်။ စားစရာသောက်စရာများနှင့် ဧည့်ခံလိုက်ကြသည်။ ဘူးသီးကြက်သား၊ ကာလသားချက်(ဘာဘူပလာတာ ကာလသား ဟင်းခတ်ရွက် အနည်းငယ် ပါဝင်)ကို ထမင်းနှင့် မြိန်မြိန်ယှက်ယှက် စားသည်။ မြန်မာလူငယ်နှစ်ယောက်ကတော့ စကားပြန်နှင့် ကားဆရာဖြစ်သည်။ သူတို့လည်း ဗိုက်ဆာနေ၍ အဝတုတ်ကြသည်။ ဒေဗီက ဟင်နက်စီ တစ်ပုလင်း လက်ဆောင်ပေးသည်။ ဦးဘဇံနှင့်သူ နှစ်ယောက်တည်း တီးကြမှုတ်ကြသည်ကို အကြာကြီး ရိုက်သည်။ သူက ဘူတာရုံက Mood ကို ပြန်သွင်းနိုင်ခဲ့သည့်အပြင် ကမ္ဘာကို ထုတ်ပြမယ့် သူ့အနုပညာမို့ အကောင်းဆုံး ကြိုးစားပစ်လိုက်သည်။ ထို့နောက် ဝိုးကြက်၊ အောင်တင့်၊ ထွန်းစန်းတို့ပါ သူတို့ပညာရှင် နှစ်ယောက်နှင့် စံတော်ချိန်တီးလုံးကို စကေးအမြန် တီးပြလိုက်သည်။ အံ့သြသွားသည်။ ထွန်းစန်းအဆိုနှင့် မန်းတောင်ရိပ်ခိုကျတော့ ဘာဘူညီမ မီးညောင်က စကတ်တိုနှင့်ပင် မြန်မာအကကို ကွေးနေအောင် ကပြလိုက်သည်။ သဘောကျလိုက်သည့်ဖြစ်ခြင်း။

"သား. . အုပ်ထွေး. . . မင်း စံတော်ချိန်တီးလုံးကို ဘယ်သူထွင်တာလဲ သိလား!"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ ဘဘဖိုး ရွာစားစိန်ဘမောင် မဟုတ်လား!"

"အိမ်း. . . စိန်ဘမောင်သာ ခု ရှိနေရင် မင်းကို လာပွေ့ဖက်ပြီး နှုတ်ဆက်မယ်ထင်တယ်၊ မင်း တော်တယ်ကွာ၊ ဘဘဖိုး ထင်တာထက် တော်တယ်"

ရဲဘော်ကြီးကိုလည်း ဆိုင်နာမည်ကိစ္စတွေ ဗျူးသည်။ သူနှင့် စကားပြန်က ဘာသာပြန်ပေးရသည်။

"ဗဲရီးဂွတ်ဒ် မော်ဒန်အိုင်ဒီယာကဖေး" တဲ့။

ရဲဘော်ကြီးလည်း တပြုံးပြုံး၊ အပြင်ပရိသတ်လည်း တရှုန်းရှုန်း။ အုပ်စုလိုက် အမှတ်တရ ဓါတ်ပုံတွေ ရိုက်ယူ၍ ဆယ့်နှစ်နာရီခွဲကျော်မှ ဆက်သွယ်ရန် ဖုန်း Fax တွေ လဲလှယ်၍ ဒေါ်လာ ရာတန်ငါးရွက် ချီးမြှင့်သွားသည်။ Online ပေါ် တင်မည့်ရက်ကို ကြိုတင်ဖုန်းဆက်မည်ဟု ပြော၍ ဖက်လှဲတကင်း နှုတ်ဆက်၍ ပြန်သွားကြသည်။ ပရိသတ်ကပါ နှုတ်ဆက်ကြ၏။

"မစ္စတာအုပ်ထွေး ခင်ဗျားအောင်မြင်မှာပါ" တဲ့။

ဂီတဆည်းဆာ ဆက်လက်ကျင်းပသည်။ သူ့ကိုယ်ပိုင် သီချင်းနှစ်ပုဒ်အပြီး ချစ်ရည်းစားထားချင်တယ် အပါအဝင် မီးညှောင်က သီချင်းသုံးပုဒ် ဆိုသည်။ သူနှင့် စုံတွဲတစ်ပုဒ်ဆိုသည်။ အောင်တင့်နှင့်တော့ အကတွေဘာတွေနှင့် ပျော့ရွှေ့ဆိုရင်း ဝိုင်းသိမ်းသည်။ နိုင်ငံခြားသားတွေ ပြန်သွားကတည်းက ဝရန်တာက Pointer မီးလေး ပျောက်ဆုံးနေခဲ့ပြီဖြစ်သည်။

လက်ကျန်တွေ ထိုင်ဖြတ်ကြရင်း မီးပုံဘေးမှာပင် အိပ်ပျော်သူ ပျော်သွားကြပြီး နှစ်သစ်၏ပထမဆုံး နေလုံးကြီး ဖင်ကို လာထိုးမှ





နိုးကြလေသတတ်။

(ဦးဘဇံကို ရာတန်သုံးရွက် ကန်တော့ကြသည်။ ရဲဘော်ကြီး တစ်ရွက်၊ သူတို့တစ်ရွက် ဝေရာတွင် ရဲဘော်ကြီးက သူတို့အုပ်စုကိုပင် ပြန်လည်ဆုချလိုက်၏။)

ဤညဥ့်သည် သူ့ဘဝအပြောင်းအလဲအတွက် ကြီးစွာ အထောက်အကူညဥ့် ဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူညှို့အားက
ဗို့အားရသ စုံလွန်းတယ်။
သူ့အလှက…စာနဲ့
ဖွဲ့ဆိုမဆုံးဘူး။
သူ့အင်အားလား
ကမ္ဘာကြီး လည်ပတ်နေတာ
သူပေးတဲ့ဓါတ်လေ…
ဧရာမ ဘက်ထရီကြီးပေ။
သူ့အဆင်းကို
မျက်ကန်းတွေတောင် မက်မောကြရ။
သူ့အလင်းကျတော့
အားလုံးမြင်စေခဲ့တယ်။
စကြဝဠာကြီးရဲ့နံ့ရံကတော့
သူ့အသံဖြစ်ရဲ့…။
(ဩော်…အဓိက မေ့နေလိုက်တာ)။
သူ့နာမည်က…
"ဂီတ" တဲ့။ ။





# အခန်း(၇)

ကမ္ဘာ့နှစ်ဆန်း(၂)ရက်နေ့။

အိပ်ခန်းဝမှာ အန်တီမွန့်အသံ ပေါ်လာ၏။

"တူလေး အုပ်ထွေး. . . မနက်စာ အုပ်ဆောင်းအောက်မှာ နေ့ှာ်၊ နေ့လယ်စာက ရေခဲသေတ္တာထဲမှာ၊ ပြန်နွေးလိုက်ဦး"

"ခဏ. . ခဏနေပါဦး အန်တီမွန်၊ သားမှာစရာရှိလို့ အဲ. . လမ်းကြုံလေး အန်တီ ဆောင်ရွက်ပေးမှ ဖြစ်မှာလေးတစ်ခု ရှိနေလို့"

အိပ်ရာပေါ်မှ သူ လူးလဲထသည်။ ဒိုင်ယာရီစာအုပ်ကို အသည်းအသန် ရှာရသည်။ စာအုပ်ကြားက ဒေါ်လာနှစ်ရွက်ကို ဆွဲထုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားတို့တီးဝိုင်းက ပထမဆုံး အနုပညာကြေးရတာ၊ တွေ့တယ်မှုတ်လား၊ US $ အစစ်နဲ့ ရတာ အန်တီမွန်၊ ဟဲဟဲ. . . LUCKY FEES ပေါ့နော်၊ အဲဒါ ပေါက်ဈေးနဲ့ လဲခဲ့ပေးပါ၊ သားတို့ ဆောလစ်ဂီတာတစ်လုံး အချိုအချောင် တွေ့ထားလို့ ဝိုင်းအတွက် ဝယ်မလို့"

"အောင်မြင်အောင်သာ ကြိုးစား ငါ့တူရေ၊ အန်တီ့မှာ ရှိသမျှနဲ့ သားကို ပံ့ပိုးမယ်၊ လောလောဆယ်တော့ မင်းတို့အဖွဲ့ မြေဝိုင်းကနေပြီး အွန်လိုင်းပေါ် ရောက်သွားတာက jump ပဲ၊ hi. . jump ပဲ၊ ဟော. . ဆိုင်က ကားသံကြားတယ်၊ အန်တီ သွားမယ်၊ ဟင်းတွေနွှေးစားနော်၊ ကိစ္စရှိရင် ဖုန်းဆက်၊ အဲ. . . တံခါးလာစေ့ထားဦးသား"

"ဟုတ်. . ."

သူ လေးလေးကန်ကန် အိပ်ရာပေါ်က ဆင်းရင်း တံခါးမင်းတုံးချသည်။ ပြန်အိပ်ဦးမည် စိတ်ကူးစဉ် ဘေးအိမ်က မမကြီးအသံ။

"မောင်အုပ်ထွေး. . . ဖုန်းလာနေတယ်"

ဘေးကအိမ်ကို ဆင်းချလာရသည်။

"ဟဲလို. . . အုပ်ထွေးပါ"

"ရည်မွန်ပါ"

သူ ချက်ချင်းလန်းသွားသည်။ အိပ်ချင်စိတ်တွေ ဃောထိပ်ကဖောက်ထွက်သွားပုံရသည်။

"ပြောပါ ရည်မွန်"

"ငြိမ်ချက်သားကောင်းနေလို့ ဖုန်းဆက်တာပါ၊ ခရစ္စမတ်





အိပ်က အရမ်းပျော်စရာကောင်းမှာပဲနော်၊ အဲ့ဒီနားကို လာချင်လိုက်တာ"

"စိမ့်သူပါ ရှိနေတယ်မှုတ်လား၊ ပိုးကို ဓါတ်လှေခါးနဲ့ ချပြီး စိမ့်သူနဲ့ လာရင် ရတာပေါ့"

"လူအုပ်ကြီး ဘယ်လိုတိုးမလဲ!"

"လမ်းကြားကနေ နောက်ဖေးပေါက်က ဆိုင်ထဲ ဝင်လို့ရတယ်၊ ရည်မွန် လာရင် ကိုယ့် V.I.P ပဲ. . . ရှယ်ပြုစုကြမှာပေါ့"

"သြော်. . . ကျန်းကျန်းမာမာလူတွေ ပျော်ရွှင်နေတဲ့ကြားဒုက္ခိတ,က ကန့်လန့်ကန့်လန့်နဲ့ အနှောင့်အယှက်ပေးသလို ဖြစ်နေမှာပေါ့. . . အားနာစရာကြီး"

"အဲ့လိုတွေးမယ့်အစား နောက်တစ်နည်း တွေးကြည့်ရအောင်၊ သြော်. . . ငါ ဝှီးချဲယားနဲ့တောင် သွားအားပေးခဲ့လို့ သူအရမ်းအားရှိသွားပုံပဲ၊ ဒည့်ဝတ်ကလည်း ကျေလိုက်ကြတာ၊ ရင်ထဲကို နွေးထွေးသွားတာပဲ၊ ငါ့ကို တခုတ်တရ လူရာဝင်ဝင် ဦးစားပေးလိုက်ကြတာ၊ ဟင်းဟင်း. . . ငါက မင်းသမီးလေးလိုလို ဘုရင်မကြီးလိုလို အားလုံးက ကြင်ကြင်နာနာ ပိုးသတဲ့မေတ္တာကြောင့် ငါ့ကျန်းမာရေးတောင် ပိုကောင်းလာသလိုပဲ၊ ငါ့ခန္ဓာကိုယ်ထဲ အင်အားတစ်ရပ်ဝင်လာနေပါ့လား၊ ပျော်စရာကောင်းလိုက်တဲ့ညလေး၊

အဲ့လိုတွေးကြည့်ပါလား ရည်မွန်ရယ်၊ အဲ့လိုတွေးနိုင်နေသားပဲ၊ အဲ့လိုဖြစ်နေမယ့်အခြေအနေထဲ ရည်မွန် လာရင် ရောက်လာမှာပဲလေ၊ စိတ်ဆိုတာ တွေးနေခြင်းပဲ၊ အားငယ်စရာလည်း တွေးနိုင်တယ်၊ အားတက်စရာလည်း တွေးနိုင်တယ်၊ ဘာကိုတွေးမလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရွေးပြီးတွေးလို့ရတယ်လေ"

"သူပြောပုံက ရည်မွန် အားဆေးအလုံးတစ်ရာ စားလိုက်ရသလိုပါပဲ. . . အားရှိလိုက်တာ"

"အရေးကြီးတာ ပြောပြမယ် ရည်မွန်. . . ပြောရမလား!"

"ပြောလေ. . . ရည်မွန် နားထောင်နေတယ်"

"ကိုယ်လေ. . . အနုပညာကလွဲပြီး ဘာမှစိတ်မဝင်စားခဲ့ဘူး၊ သံစဉ်တွေ စာသားတွေပဲ အမြဲတမ်း အတွေးထဲ ရှိခဲ့တယ်၊ အဲ့ဒါကို ယုံသလား!"

"ယုံတာပေါ့. . . ရည်မွန်လည်း သီချင်းရေးချင်နေတဲ့သူပဲ၊ အဲ့ဒီခံစားချက်ကို သိပါတယ်"

"အမြဲတမ်း ကိုယ်တွေးနေတဲ့အတွေးထဲ တစ်ခုဝင်လာတယ်၊ အဲ့ဒါက အသစ်"

"ဘာလဲဟင်!"

"ရည်မွန်ကို ပထမဆုံး စတွေ့ပြီးကတည်းက ကိုယ့်အတွေးထဲ ငါဘာလုပ်ပေးနိုင်သလဲ၊ သူ့ပျော်ရွှင်ကြည်နူးမှုဟာ ဘာဖြစ်မလဲ၊ ကြိုက်နှစ်သက်တာ ဘာတွေဖြစ်မလဲ၊ သူ အမြဲတမ်း တွေးနေတတ်တာ ဘယ်လိုအကြောင်းအရာလဲ၊ သူ ဘာအစားအသောက်ကို ခုံမင်သလဲ၊ သူ ဘာကားတွေ ကြည့်တတ်လဲ၊ ဘာသီချင်းနားထောင်တတ်သလဲ၊ သူကြိုက်တဲ့မင်းသားက ဘယ်သူလဲ၊ သူဖတ်ချင်တဲ့ စာအုပ်က ဘာလဲ၊ Online ပေါ်မှာ သူ့ဘာကို Chat လုပ်တတ်သလဲ၊ အဲ့ဒီအတွေးသစ်တွေ ခဏခဏ ဝင်ဇနေတယ် ရည်မွန်"

"ဟင်းဟင်း. . . ဒါဟာ သွယ်ဝိုက်ဖွဲ့ဆိုနေတဲ့ သုံးခွန်းသော





စကားထဲ ပါတာပေါ့နော်"

"အဲ့ဒါထက် လေးနက်ပါတယ် ရည်မွန်၊ ကိုယ် ရည်မွန့်ဆီက ဘာမှ ပြန်မလိုချင်တာ ကိုယ့်ဟာကိုယ်ပဲ သိပါတယ်၊ ပလာတိုနစ်လပ်ဗ် အမျိုးအစားလို့ပဲ အနီးစပ်ဆုံး ပြောချင်ပါတယ်"

"ရည်းစားဘယ်နှစ်ယောက် ထားဖူးလဲဟင်!"

"စတိတ်တုန်းက တစ်ယောက်ရှိဖူးတယ်၊ အနေလည်း နီးစပ်လို့ အားနာပါးနာ ပြန်ကြိုက်မိတာ၊ ပထမနှစ်မှာလည်း တစ်ယောက်ကို သဘောကျဖူးတယ်၊ သူ့ဘေးမှာ သူ့ချစ်ချစ်ကြီး ရှိနေလို့ဘာမှတော့ မပြောဖြစ်ခဲ့ဘူး၊ သူလည်း ရိပ်မိပုံရတယ်၊ ဒါပေမယ့် သူ့ဟာကြီးနဲ့က စကားလွန် ခရီးလွန်နေခဲ့လို့ ကိုယ့်ကိုတွေ့ရင် ဆွေးပြတာမျိုးလောက်ပါပဲ၊ ဒုတိယနှစ်ကျတော့ ကိုယ်ချစ်ရမယ့်သူကို ထဲထဲဝင်ဝင် တွေ့တော့တာပဲ၊ သူ့ညို့အားက ရသစုံလွန်းလို့ ပြောမပြတတ်ဘူး၊ သူ့အလှကလည်း ဖွဲ့ဆိုလို့ မဆုံးနိုင်အောင်ပါပဲ၊ သူ့အင်အားက ကမ္ဘာကြီးကို အသက်သွင်းပေးထားတဲ့ ရောမ ဘက်ထရီကြီးပဲ၊ သူ့အလင်းက အရာအားလုံးကို မြင်စေတယ်၊ သူ့အဆင်းကို မျက်ကန်းတွေတောင် မက်မောကြသတဲ့၊ စကြဝဠာကြီး ငြိမ်းချမ်းစွာ ရွေ့လျားနေတာ သူ့အသံပဲပေါ့၊ သူ့နာမည် ဂီတ. . တဲ့"

"ဟင်းဟင်း. . . ကဗျာရွတ်နေသလိုပဲ၊ အရမ်းနားထောင်လို့ကောင်းတယ်"

"ကဗျာရဲ့ တင်ပိုအမြင့်ဆုံးအပိုင်း ကျန်သေးတယ် ရည်မွန်"

"ဆက်ရွတ်လေ"

"နှလုံးသားနှစ်ခုရှိရင် ကောင်းမယ်. .



www.burmeseclassic.com

www.burmeseclassic.com



ညာဘက်နှလုံးသားမှာ ဂီတကို နေရာချမယ်. .

ဘယ်ဘက်နှလုံးသားနံရံနဲ့ ရည်မွန်ကို ကာရံမယ်. .

ကဗျာဆန်သေးရဲ့လားဟင် ရည်မွန်"

"အွန်. . . နှလုံးသားက တစ်ခုတည်းဆိုတော့. . ."

"ရည်မွန့်ကို ရစ်သမ်မှန်တဲ့ နှလုံးသားနံရံထဲမှာ ထားမယ်၊ ဂီတကတော့ နှလုံးသားထဲ အမြဲစီးမျောနေတဲ့သွေးကြောထဲမှာ ထားမှာပေါ့"

"ဟင်း. . . ဟင်း. . . ချစ်တစ်လုံးမှ မပါတဲ့ အရှည်ဆုံး ရည်းစားစကားပဲ၊ ဗိုးချဲ့ယားပေါ်က ကောင်မလေးတစ်ယောက်ကို ဒီစကားပြောရဲတဲ့သတ္တိကိုတော့ မချီးကျူးဘဲ မနေနိုင်ပါဘူးရှင်၊ စဉ်းစားနော်. . . အောက်ပိုင်းသေနေတာ"

"စဉ်းစားပြီးသားပါ. . . အထက်ပိုင်း ရှင်နေတာပဲဟာ၊ ရည်မွန့်နှလုံးသားက အောက်ပိုင်းမှာ တပ်ဆင်ထားတာတော့ မဟုတ်လောက်ဘူးလေ၊ ရည်မွန့်ဘက်ကသာ စဉ်းစားပါ"

"ရည်မွန်လည်း စဉ်းစားပြီးသားပါ"

"ဘယ်လိုစဉ်းစားထားလဲဟင်. . . သိချင်လိုက်တာ"

"ဖုန်းနဲ့ ပြောရင် အရသာ သိပ်မစုံမှာမို့ ဒါပဲနော်၊ အပြင်က ဘဲလ်မြည်နေတယ်"

"အိုကေ. . . ညကိုးနာရီနော်. . . ဆီးယူ"

ဖုန်းချလိုက်သည်။

အိမ်ရှင်အပျိုကြီးကို. . .

"ဘယ်လောက်ကျလဲ မမကြီး. . . ပိုက်ဆံမပါဘူး၊ အဲ. . .





ကျသလောက် မှတ်လိုက်ဦး"

"ထောင့်ငါးရာတိတိပဲ"

"ဟာ. . . တကယ်လား မမကြီး"

"ငါ့မောင် တစ်ခါမှ ထောင့်ငါးရာကိစ္စ မပြောဖူးလို့ ထောင့်ငါးရာ ကျသွားတာပါ. . ဟင်းဟင်း၊ မမကြီး အားပေးတယ်၊ အဲ့ဒီကိစ္စဆို ကူညီလိုက်ယူမယ်၊ ဖုန်းဖိုးမပေးနဲ့. . ဟင်း. . ဟင်း"

"ဒီဘဝမှာပဲ အပျိုကြီးဝင်္ဂက ကျွတ်ပါစေဗျာ"

"အောင်မာ. . . သူ့အန်တီမွန်မွန်ကျော်ကျတော့ အပျိုကြီး မဟုတ်တာကျနေတာပဲ၊ မင့်အန်တီက အရင်ကျွတ်မှာဟ"

"ကျွတ်တော့လည်း အေးတာပဲဗျာ"

အိမ်ဘက်ပြန်ကူးလာတော့ အောင်တင့်နှင့်ဝီးကြက် ရောက်နေကြသည်။

"ကဒေါ်တစ်ကောင်ရောကွ. . ဒီကောင် ပျောက်နေတယ်"

အောင်တင့်က ဂီတာကို အသံစမ်းနေသည်။ ဝီးကြက်က ကာလီဂျီဗရမ်း ကဗျာစာအုပ်ကို လှန်ရင်း. . .

"ကဒေါ်တစ်ကောင် ခြံစည်းရိုးမှာ ထင်းခွေနေတယ်လေ"

"ဘယ်လိုကွ"

"ဒီကောင် အိမ်နားက ချာတိတ်မလေးတွေကို ဝိုင်းကျူရင် ပြရင်းစားပွဲဝိုင်းအောက်ကနေ ခြေမတွေ လျှောက်စမ်းနေတယ်ကွ၊ ငြိမ်နေတဲ့ခြေမတစ်ချောင်းတော့ မိထားပြီလို့ ပြောတာပဲ"

"ဟုတ်ရဲ့လားကွာ. . . အိမ်နီးချင်းကလေးမတွေဆိုတာ ကိုယ်က ကာကွယ်စောင့်ရှောက်ရမယ့်တာဝန် ရှိတယ်၊ မဖြစ်သင့်တာ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်အောင် တားရမယ်လို့ သူပဲ ပြောပြောနေတဲ့ဥစ္စာ”

“ခုဟာက သူနဲ့ ဖြစ်မှာလေ၊ ဖြစ်သင့်တဲ့လူလို့ သူ့ကိုယ်သူ ယူဆထားတာ ဖြစ်မှာပေါ့”

သူတို့စကားဝိုင်းထဲ KEY ညီရင်း အောင်တင့် ဝင်လာ၏။

“ထွန်းစန်းက ဖြစ်တဲ့နည်းနဲ့ ရည်းစားတစ်ယောက် လိုချင်နေတာကွ၊ ချစ်သူရှိလာရင် လူဟာ အလိုလို ကဗျာဆရာ ဖြစ်သွားတယ်ဆိုတဲ့ ရှိတ်စပီးယားစကားကို လှေနံဓားထစ် ယုံနေတာ၊ အချစ်ကဗျာတွေ ရေးချင်နေတဲ့ကောင်လေ၊ ဒါကြောင့် မြန်မြန်မီးဖိုနိုင်အောင် ခြစ်ညည်းရိုးမှာပဲ ထင်းခွေရတော့တာပေါ့”

“သင်္ကြန်တုန်းက လမ်းထိပ်က ကောင်မလေးတစ်ယောက် သူ့ကို ရွေးပြီးရေလောင်းတယ်လေ၊ အကြတ်နေ့ ဟိုဒီတောင် လျှောက်လည်လိုက်သေးတယ်ဆို”

သင်္ကြန်မှာ သူက အပြင်မထွက်ခဲ့၍ သတင်းသာ ကြားသည်။ ဖောင်ပိတ်သတင်း မသိလိုက်။ အောင်တင့်က ဖောင်ပိတ်သတင်းပြောသည်။

“အေးလေ. . . အတက်နေ့မှာ ရည်းစားစကားပြောတယ်ကွာ၊ နှစ်ဆန်းတစ်ရက်နေ့မှာ အဖြေပေးပြီး နှစ်ရက်ကျတော့ ရွာကို ပြန်သွားတယ်လေ၊ ဟိုက စာတွေ ရေးပါတယ်၊ သူက စာရေးပျင်းတဲ့အပြင် အရေမရ အဖတ်မရပါဘူးကွာ၊ ဝေးတယ်တဲ့. . . ပြတ်သွားရော”

“ရည်းစားနဲ့မုန့်ဟင်းခါး ဒီကောင် ကွဲပုံမရဘူး၊ အရည်လိုချင်ရတာနဲ့ အဖတ်လိုချင်ရတာနဲ့”





အောင်တင့်က ရယ်၍. . .

“ရည်းစားဆီက အရည်အဖတ်က မုန့်ဟင်းခါးထက် ချိုလို့နေမှာပါ၊ ဝီးကြက်. . . မင်း သူ့ကျူရှင်နဲ့ သူ့ခြေမလေးသတင်း ကြားပြီးပလား!”

“ဟေ့အေး”

“စားပွဲဝိုင်းအောက်က သူ့အစ်မခြေထောက် မှားဆွဲမိလို့ ဝိုင်းပျက်သွားတယ်၊ သူ့ခြေမလေးကိုလည်း အမျိုးတွေ ရှိတဲ့ မြစ်ကြီးနားက ဘော်ဒါဆောင် မနေ့က ပို့လိုက်ကြတယ်တဲ့”

“မင်းက ဘယ်လိုသိတာလဲ အောင်တင့်ရ”

“ငါ့တူမက အဲ့ဒီဝိုင်းမှာ တက်တာလေ”

“မင်းတူမ ခြေမများ ဆွဲလိုက်သေးလား မသိဘူး”

“ငါ့တူမက ယောကျ်ားလျာကွ. . . ထထိုးမှာ”

ဝီးကြက်က ရယ်ရင်း. . .

“ဒီကောင် Chatting မှာလည်း တစ်ယောက်ငြိတယ်ကွ၊ လေးငါးလကြာတော့ Gtalk နဲ့ ရည်းစားဖြစ်ကြတယ်၊ မမြင်သေးဘူး၊ ဓါတ်ပုံလည်း မပို့ဘူး၊ V.Z.O နဲ့ သူမြင်ကိုယ်မြင် စကားပြောကြမှ မဆိုးဘူး၊ ဝကစ်ကစ်လေးတဲ့၊ ဒါပေမယ့် ‘ကလေး’မှာ လာအလုပ်လုပ်နေတာတဲ့၊ နေတာက ပိုဆိုးသေးတယ်၊ ‘တမူး’မှာ. . တဲ့၊ ဒီကောင် ရှုံးရော”

သူက လှလှပပ မှတ်ချက်ပေးသည်။

“အေးကွာ. . . ခြစ်ညည်းရိုး ထင်းခွေရင်း ရိုးမထဲ ရောက်ရောက်သွားတဲ့ကောင်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . သေခဲဦးမယ်၊ ဟိုမှာ ကဒေါ် လာနေပြီ"

တက်တက်ချင်းပင်. . .

"ဟော့ကောင် ဝီးကြက်၊ မင်းဦးလေး ပရာဒိုကြီးနဲ့ ရောက်နေတယ်၊ လှမြင့်ဦး လှမြင့်ဦးနဲ့ မင်းအိမ်က မင်းကို လိုက်ရှာနေတယ်"

"ဟတ်လား. . . ဟေဟော့. . . ဒါ ရပေါက်ရကိန်းကွ၊ ငါ ဘော့စ်ဂစ်တာ ပူဆာထားတယ်. . . လစ်ဦးမယ်၊ ဟော့ကောင် ကဒေါ်၊ ငါမရှိရင် မင်း ငါ့အတင်းအုပ်မနေနဲ့နော်"

"စိတ်ချပါကွာ. . . ငါ အညှီအဟောက်တွေ ခံတွင်းမတွေ့တာ ကြာပါပြီ"

"ပီကင်းဘဲကွာ. . . ကဲ. . . လစ်ပြီဟေ့"

ဝီးကြက် အိမ်ခြံဝ ရောက်သည်နှင့်. . .

"မင်းတို့ကို ပြောချင်လွန်းလို့ လာတာကွ၊ အတင်းမဟုတ်ဘူး၊ ငါ နားနဲ့ဆတ်ဆတ်ကြားတဲ့ ဝီးကြက်သတင်း"

အောင်တင့်က "အုပ်ထွေးရေ. . . စ,ပကွ" ဟူသောမျက်စနှင့် သူ့ကို ပြုံးပြသည်။ သူက ခေါင်းညိတ်ပြလိုက်သည်။

"ပူပူနွေးနွေးသတင်းကွ. . . မနေ့က ကိုဆန်နီဆီမှာ ငါ စာအုပ်သွားငှားတယ်၊ တံခါးဖွင့်ပြီး သူ့အိမ်ခန်းထဲ ဘယ်သူမှ မရှိဘူး၊ ငါ ပက်လက်ကုလားထိုင်ပေါ် ဂျာနယ်ဖတ်ရင်း စောင့်နေတုန်း ဘေးခန်းကို လာလည်တဲ့ ဝီးကြက်အသံ ကြားတယ်၊

ဟဲ့. . . ဖြူဖွေးမ ဘာလုပ်နေတုန်းတဲ့၊ ကလေးသိပ်နေတာ မအိပ်လို့ ကိုလှမြင့်ဦးတဲ့၊ ဘေးခန်းတွေလည်း တိတ်လို့၊ ဘယ်သူမှ မရှိကြဘူးလားဟဲ့၊ ကိုစိန်မောင်တို့လင်မယားက ဗီဒီယိုရုံ သွားတယ်၊





ကိုဆန်နီက ကြက်ပိုက်ပြီး ထွက်သွားတာပဲ. . . တဲ့"

အောင်တင့်က အထောင်စကားပင့်၏။

"ဖြူဖွေးမဆိုတာ ဟိုးတလောက သူ့ယောက်ျားလေး ကားတိုက်သေသွားတဲ့ ဟိုလုံးကြီးပေါက်လှ ကောင်မလေး မဟုတ်လား!"

"အစစ်ပေါ့. . . ကလေးမပါရင် အပျိုရုပ်က တစ်ပြားမှ မလျော့တာလေးပေါ့ အောင်တင့်ရ. . .၊ ဝီးကြက် ဝင်ပုံ ပြောပြမလို့၊ ဟင်းဟင်း. . . ငါ အသာလေး နားထောင်နေတာပေါ့၊ နင်က ကလေးသိပ်နေတော့ ငါ နင် အပျင်းပြေအောင် ဟာသတစ်ခု ပြောပြမယ်တဲ့. . .

မီးရထားပေါ်မှာ ခပ်လှလှ ကလေးအမေတစ်ယောက် သူ့ကလေးကို နို့လှန်တိုက်တယ်၊ ရှေ့က ကုလားကြီးက အိပ်ငိုက်ချင်ယောင်ဆောင်နေတယ်၊ ကလေးက နို့မစို့ဘဲ ရာပူကျနေတာပေါ့၊ ကလေးအမေက. . .

"သားသား. . . စို့လေ၊ မစို့ရင် ရှေ့က အရာကြီးကို မေမေ တိုက်ပစ်လိုက်မှာနော်" တဲ့၊ ကလေးက မစို့လေ အရာကြီး တိုက်လိုက်မှာနော်လို့ ပြောလေ့ပဲပါဟာ၊ နောက်ဆုံး အရာကြီးက ထပြောလိုက်တယ်၊ ကန်မလေး လုပ်စရာရှိတာ လုပ်လေ. . . လုပ်တော့၊ နာ နှစ်ဘူတာတောင် ကျော်လာပြီတဲ့၊ ကောင်မလေးက အရယ်သန်သန်နဲ့ ရယ်လိုက်တာလေ"

အောင်တင့်က ပညာရှိ ဂိုက်စပေါက်နှင့်. . .

"ကာလီဒါသရဲ့ သျှတ္တရကျမ်းထဲမှာ အကြင်မိန်းမသည် အရယ်သန်၏၊ အကြင်မိန်းမ လိင်စိတ်ပြင်းထန်လတ္တံ့တဲ့၊ ကဲ. . .



www.burmeseclassic.com

www.burmeseclassic.com



အရယ်ပြီးတော့ ဘာသံဆက်ကြားလဲ"

"ကိုလှမြင့်ဦးဟာလေ. . . ပေါက်ပေါက်ရှာရှာ ပြောရေ့မယ်၊ နောက် ဘာဆက်ဖြစ်သလဲတဲ့ မေးတာပေါ့။ ဝီးကြွက်က ဟာသကတော့ အဲ့ဒီမှာပဲ ပြီးသွားတယ်၊ ဒါပေမယ့် ရထားက မီးပျက်နေတယ်၊ ဘေးဘီမှာ ခရီးသည်ကလည်း မရှိဘူး၊ အရာကြီးကလည်း လည်ချောင်းခြောက်နေမယ်ပေါ့ဟာ၊ နင့်ဟာနင်ပဲ ဆက်စဉ်းစားပေါ့ဟာတဲ့၊ ဟိုက အရာကြီးက လူကြီးပဲ. . . စိုပ့်မလားတဲ့၊ ဝီးကြွက်က ဟင်းဟင်းတဲ့၊ ငယ်ရာက ကြီးလာသူတွေချည်းပဲ. . . ငယ်ကြိုက်လေတဲ့၊ အဲ့သမှာပဲ ကိုဆန်နီ ကြက်ရှုံးပြီး ဝရုန်းသုန်းကား ပြန်လာတာ၊ ကောင်မလေး တခွိခွိ ရယ်သံလိုလိုတော့ ငါကြားနေမိတယ်၊ သူ့ကလေး စိုးရင် ဘာရယ်စရာရှိလဲကွာ. . . တခွိခွိ"

ထိုစဉ် အိမ်အဝင်ဝက. .

"ခွေးကောင် ကဒေါ်. . . ပီကင်းဘဲ ထွန်းစန်း၊ ငါ ဟိုဘက်အိမ်က ဖုန်းဆက်ကြည့်တယ်၊ ဘယ်သူမှ အိမ်ကို မလာဘူးတဲ့၊ ငါ့အတင်းအုပ်ဖို့ မင်း တမင်အကွက်ဆင်တာ. . . သေပေတော့"

ဝီးကြွက် ဒေါသတကြီး ဝင်လာသည်။ ထွန်းစန်းက ဆက်တီကို ပတ်ပြေးသည်။ ပြေးရင်း. .

"ငါသတင်းပြော ဟော့ကောင်၊ အတင်းမှုတ်ဘူး၊ မနေ့က မင်း မဟုတ်ဘူးလား!"

"ဟော့ကောင်. . . ငါ ကုလားကြီး လည်ချောင်းခြောက်နေမှာပေါ့လို့ ပြောပြီး ထပြန်လာတာ ဟော့ကောင်"

"မယုံဘူး. . မယုံဘူး. . မင်းလည်း လည်ချောင်းခြောက်





ချင် ခြောက်မှာ"

"ခွေးကောင် ပီကင်းဘဲ"

သူနှင့်အောင်တင့် အတင်းလိုက်ဆွဲရတော့သည်။ ထွန်းစန်းက အကောင်သေးသည်။ အစသန်သည်။ ဝီးကြွက်က အကောင်ကြီးသည်။ မျက်နှာရဲတွတ်နေပြီလေ။ အိမ်လေးထဲ တဝုန်းဝုန်းနှင့် ပီကင်းဘဲသံ ညံနေ၏။

"ဝီးကြွက်. . . မင်းသာ ပီကင်းဘဲ"

"မင်းကမှ. . ပီကင်းဘဲ"

"မင်းက အမောက်ပိုကြီးတယ် ဝီးကြွက်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ပွင့်နွမ်းညှိုး
မြရွက်ရိုးမှ
ပန်းမျိုးတစ်ပွင့်
ထပ်ဖွင့်သည်။"

နီး..နီး..အချစ်စစ်ဆိုတာ..
အဲ့သလို
ဘယ်တော့မှ မဖြစ်ဘူး..
အမြစ်ပါ လှန်ပစ်မယ်..။ ။







## အခန်း(၈)

မမယဉ်က ရည်မွန့်ဖေဖေ၏ တစ်ဝမ်းကွဲညီမထွေးဖြစ်သည်။ ရည်မွန်၏အဒေါ်ဖြစ်သော်လည်း သုံးနှစ်သာ အသက်ကွာပြီး လုံးလုံး ကျစ်ကျစ်လေးမို့ မမယဉ်ဟုပဲ ခေါ်တွင်ယဉ်ပါးခဲ့ခြင်းဖြစ်လေသည်။

ရည်မွန့် ဆယ်တန်းအောင်နှစ်တွင် မေမေ ယာဉ်တိုက်မှုဖြင့် ဆုံးပါးသွားကတည်းက မမယဉ်က ရည်မွန်၏ရွယ်တူ အုပ်ထိန်းသူလို စောင့်ရှောက်လာခဲ့သည်။ ရည်မွန် ဘွဲ့ရပြီး ဖေဖေနှင့် ပဋိပက္ခ ဖြစ်၍ ကားအက်စီးဒင့်တွင် ခါးရိုးနာဗ်ကြောထိ၍ အောက်ပိုင်းသေပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း မမယဉ်က ရည်မွန်ကို ပိုဂရုစိုက်ခဲ့သည်။ အတူမနေဖြစ်သော်လည်း တစ်လမ်းကျော်မို့ ရည်မွန်၏အထူးသူနာပြုလို Home Keeper လို့ အချိန်ပြည့်နီးပါး နေထိုင်လုပ်ကိုင်ပေးခဲ့သည်။ စိမ့်သူ အလုပ်အားရက်များတွင်တော့ မမယဉ် အနားရတတ်သည်။

ယနေ့မနက်တော့ မမယဉ်သူ့အိမ်က ချက်ယူလာသော အုန်းနို့ခေါက်ဆွဲကို သုံးယောက်သား မနက်စာ စားနေကြသည်။ ရည်မွန်သည် မမယဉ်ကို ချစ်သော်လည်း မမယဉ်တို့မိသားစုအပေါ် ဖေဖေက ကျေးဇူးရှိသော အစ်ကိုကြီးဖြစ်နေသဖြင့် ဖေဖေ့ဆန္ဒ ဖေဖေ့အလိုကို မမယဉ်တို့က လိုက်လျောလေ့ရှိသည်။ အနှိပ်ခန်းက မိန်းမကိစ္စနှင့် ပတ်သက်၍ မမယဉ်က ဖေဖေ့ဘက်တွင် ရှိနေသလို မျိုးမို့ ရည်မွန်က(ဘယ်လိုပြောမလဲ. . အဲ. . ) နည်းနည်းဖုသည်။

"အင်း. . . ကိုကိုသော် ခုချိန် ဘာနဲ့များ မနက်စာ စားနေမလဲပဲ"

"မမယဉ်ရယ်. . . ပူစရာလား၊ ပဲခူးမှာ ဂေါက်သွားရိုက်တာပဲ၊ ဟိုက ဘရိတ်(စ်)ဖက်စ် ရှယ်ကျွေးမှာပေါ့"

"ဒါပေမယ့် ကိုကိုသော်က ဒီလို နို့စိမ်းအုန်းနို့ကို သိပ်ကြိုက်တာ၊ ယူရိုပီယံ ဘရိတ်(စ်)ဖတ်စ်ဆို သိပ်စားဝင်မယ် မထင်ဘူး"

"ဒါဆို လိုက်ပို့လိုက်ပေါ့၊ သူ့ကား ထားခဲ့တာပဲ"

သူ့ကို စိတ်ချမ်းသာအောင် အနှိပ်သည်ကိစ္စ မဲတင်းထော့မည့် အာဘော်နှင့် "လေ" အခင်းအကျင်းမှန်း ရည်မွန်က တန်းသိနေသဖြင့် အငေါ်တူးလိုက်ခြင်းဖြစ်ပါသည်။

"ကိုကိုသော့်ဘဝမှာ မမခင် ဆုံးပါးကတည်းက ဂေါက်နဲ့





အစားအသောက်ကောင်းကောင်းလေးပဲ ဘဝရဲ့အရသာ ကြည်နူးပျော်ရွှင်မှု ရှိတာပါဟယ်"

"အွန်. . . သူသိပ်ချစ်ရတဲ့ ရည်မွန်ဆိုတဲ့သမီးလေး ရှိသေးတယ်၊ ဘီယာရှိသေးတယ်လေ"

"သမီးရှိရုံ ဘီယာရှိရုံနဲ့ အသက်ကြီးပိုင်း ရောက်လာသူ တစ်ယောက်ဟာ ဘယ်ပြည့်စုံပါ့မလဲ"

"ဒါဆို သမထစခန်းတွေ ကမ္မဋ္ဌာန်း ဝိပဿနာကျောင်းတွေ တရားစခန်းတွေ ရှိတယ်လေ"

"အရိယာ မဟုတ်သေးဘူးလေ မိမွန်ရဲ့. . . ပုထုဇဉ်ဟဲ့၊ တစ်သက်လုံး လူတစ်ယောက်ဟာ သက်တောင့်သက်သာ ပြည့်ပြည့်စုံစုံ ဘဝမှာ လောကီစည်းစိမ်လေးတော့ ထိုက်ထိုက်တန်တန် ခံစားခွင့် မရှိတော့ဘူးလား!"

တူဝရီးနှစ်ယောက်ကြား စိမ့်သူကတော့ ပလုတ်ပလောင်းနှင့် အုန်းနို့ခေါက်ဆွဲသာ ခွစားနေသည်။ ကြားနေဝါဒသမားပီပီ ခြံစည်းရိုး ခွထိုင်ထားသည်။ သာတဲ့ဘက် ခြေထောက်နောက်တစ်ချောင်း မျှောခင်း၍ လျှောဆင်းလိုက်မည်။ ရည်မွန့်ဘက် ပါချင်သော်လည်း လောလောဆယ် မမယဉ် ကျွေးတာ စားနေသည်လေ။

"လောကီစည်းစိမ်ထဲမှာ သွားလေသူအပေါ် သစ္စာမဲ့ခြင်း ရှိနေသူအပေါ် ကတိပျက်ခြင်း မပါဝင်ဖို့ အဓိက အရေးကြီးတယ်လေ"

သိပ်ချစ် သိပ်ဂရုစိုက်ကြသော ဖေဖေနှင့်မေမေကို ရည်မွန့်ဘဝတစ်လျှောက် အနီးကပ် မြင်တွေ့သိလာခဲ့သည်။ ဖေဖေသည်



www.burmeseclassic.com

www.burmeseclassic.com



သူမဘဝ၏စံပြယောက်ျားကောင်းတစ်ယောက် ဖြစ်သလို မေမေ သည် ဖေဖေ့ကို လင်ယောက်ျားအဖြစ် ပိုင်ဆိုင်ရခြင်းသည် ဘုရား သခင် ပေးသော ဆုလာဘ်ဟုပင် ရည်မွန် ထင်ထားခဲ့သည်။

"ခင်ခင်ရယ်. . . ကိုယ့်အချစ်တွေအားလုံး သမီးလေး အပေါ်ပဲ ပုံအောလိုက်ပါတော့မယ်၊ မင်းအချစ်တွေနဲ့ပါ ပေါင်းပြီး သမီးလေးကို တစ်ဘဝစာလုံး နှစ်ဆချစ်သွားပါ့မယ်ကွယ်"

ဖေဖေ သည်လိုပင် ကတိပေးခဲ့သည်လေ။ ယောက်ျား ကောင်းတွေဟာ ဆင်စွယ်လိုစကား ထွေးပြီးသားတံတွေးလိုပဲ ပြန် မဝင်ပြန်၊ မမျိုးကြေး(အနှိပ်သည်မတဲ့) အဝေးကြီးမှာ နေပါ။

"တစ်ပင်လဲရင် တစ်ပင်ထူရတာလေ မိမွန်၊ ညည်းရော လင်မယူတော့ဘူးလား!"

"ယူသင့်ရင်ယူမယ်၊ ဖေဖေနဲ့ပဲ နေမယ်၊ ဖေဖေ ထပ်ယူရင် ဝရန်တာက ခုန်ချမှာယ်. . . ဒါပဲ"

"နင် သိပ်အစွန်းရောက်လွန်းတယ် မိမွန်၊ ပြီးတော့ နင့်ကို ပိုင်းချစ် ဝိုင်းသနားနေတာကို နိုင်ကွက်ယူပြီး နင်သိပ်ခြိမ်းခြောက် လွန်းနေပြီ၊ အဲ့ဒီအနှိပ်သမဆိုတာ နင့်အဖေရဲ့ငယ်ချစ်ဟဲ့. . . သိရဲ့ လား!"

"မသိဘူး"

"နင်မြင်ဖူးလား!"

"မမြင်ဖူးဘူး"

"နာမည်ကော သိရဲ့လား!"

"မသိဘူး. . . သိစရာလည်း မလိုဘူး"





"နင်စုံစမ်းကြည့်ဖို့ အကဲခတ်ကြည့်ဖို့ သိပ်လိုတာပေါ့ မိမွန်"

"ဖေဖေ့ရဲ့မိန်းမအဖြစ်တောင် မဟုတ်ဘူး၊ ဖေဖေ့ရဲ့ ရည်း စားအဖြစ်တောင် ရည်မွန် လုံးဝလက်မခံနိုင်တာကို စုံစမ်းရဦးမယ် အကဲခတ်နေရဦးမယ် ဟုတ်လား၊ အပျော်တွဲစာယ်ဆိုတာတောင် အဲ့ဒီမိန်းမကို အမှုန့်ဖြစ်အောင် စိစိညက်ညက် လုပ်ပစ်ချင်နေတာ၊ ဖေဖေက ဖြတ်မယ်ပြောပြီးပြီ၊ ဖေဖေ့ကို ယုံတယ်"

ထိုစဉ် ရည်မွန်နှင့် အလှမ်းနည်းနည်းဝေးဝေး စားပွဲပေါ် ချထားသောဟင်းဖုန်း မြည်လာသည်။ ဟယ်. . . သူ့ဆီက ဖြစ် မယ်။ ရည်မွန် ဒရောသောပါး ဗီုပေါ်က ဆင်း၍ ခြေတစ်ဖက်လှမ်း ကာ လှမ်းယူလိုက်မိသည်။

မမယဉ် ရှိနေသည်ကို မေ့၍ စုံထရပ်ရင်း. . .

"ဟလို. . "

"ဟင်. . "

မမယဉ် အလန့်တကြား မျက်လုံးအပြူးသား ကြည့်နေ သည်။ စိမ့်သူက ပါးစပ်အဟောင်းသား ဟ၍ ရည်မွန်ကို ခေါင်းယမ်း ပြနေမိသည်။

"ဟလို. . . သူလားဟင်"

"ဘယ်က သူလဲခင်ဗျ၊ ကျွန်တော် မရမ်းကုန်း စစ်ပြန် စစ်မှု ထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌကြီးဆီ ဆက်တာ"

"တောက်. . . ခဏခဏ လာမှားနေတယ်၊ နောက်ဆုံး ဂဏန်းကို ပြောင်းပြန်နှိပ်၊ (၃၄)မဟုတ်ဘူး၊ (၄၃)ကိုနှိပ်"

စိမ့်သူ၏ခေါင်းယမ်းနေသော နှုတ်ခမ်းဝလုံးက သူမ၏



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှန်ကို ပြန်သတိရစေ၏။ မမယဉ်ကို လှမ်းကြည့်တော့လည်း နေ့ခင်း တစ္ဆေအခြောက်ခံရသောမျက်နှာနှင့်မို့ သူမ လုပ်စရာ တစ်ခုတည်းသာ ခေါင်းထဲ ဝင်လာသည်။

အားခနဲ အော်ပြီး ခွေခေါက်လှဲချလိုက်သည်။ ဟန်ဆောင်လှဲချကာမှ ကျင်နေကျခြေထောက်က ပေါ့ရွတ်ရွတ်ကြီး တကယ်ဖြစ်သွားပြီး ခါးဆစ်ကျောရိုးမှ သံချွန်ကြီးတစ်ချောင်း သပ်လျှိုထိုးလိုက်သလို လည်ပင်းးကုပ်ပိုးထိပ်ရိုးအထိ တက်လာ၏။ အိုး. . . စူးခနဲ။ သူမ ထိတ်ပျာသွား၏။

"အား. ."

"ရည်မွန်. . ရည်မွန်. . ရည်မွန်"

သူမမျက်စိထဲ အဝါရောင်ပြင်ကြီး။

ဌ. ဌ. ဌ. ဌ.





"မောင် အုပ်ထွေးလား. . . မောင်အုပ်ထွေး. . ဖုန်း၊ မြန်မြန်လာ. . . အရေးကြီးတယ်တဲ့"

သူ အကျီချွတ်နှင့် တဘက်ပတ်၍ ပြေးကိုင်ခြင်းဖြစ်သည်။

"ဟဲလို. . အုပ်ထွေးပါ"

"ကို. . ကိုအုပ်ထွေး. . စိမ့်. . စိမ့်. . စိမ့်သူပါ၊ ကိုအုပ်ထွေး စိတ်. . စိတ်အေးအေးထား သိလား၊ အရမ်းကြီး စိုးရိမ်စရာ မ. . မဟုတ်ဘူး သိလား၊ တော်ကြာ စိတ်အရမ်းပူပြီး ခေါင်းအေးအေးနဲ့ ဆုံးဖြတ်ရမှာတွေ အလွဲလွဲအချော်ချော်ဖြစ်. . ဖြစ်. ."

"ဒီမှာ မစိမ့်သူ၊ လောလောဆယ် စိတ်အေးအေးထားရမှာက ခင်ဗျားကိုယ်တိုင်ပဲ၊ လိုက်ဆိုဗျာ. . . တစ်. ."

"တစ်. ."

"နှစ်. ."



www.burmeseclassic.com

www.burmeseclassic.com



"နှစ်. ."

"သုံး. ."

"သုံး. ."

"လေး. ."

"လေး. ."

"ကဲ. . . ခင်ဗျားစိတ်တည်ငြိမ်သွားပြီနော်၊ ဘာဖြစ်သလဲ တိုတိုပဲပြော"

"ရည်မွန် မေ့လဲကျသွားတယ်"

"ဗျာ. . . ဘာဖြစ်တာလဲ၊ ဘယ်တွေ ထိသွားသေးလဲ၊ အနားမှာ ဘယ်သူရှိသလဲ၊ အသက်ရှူနှုန်း ဘယ်လိုနေလဲ၊ အခု ဘာလုပ်ထားသလဲ!"

"ကိုအုပ်ထွေး. . . ရှင်လိုက်ဆိုအလှည့်. . တစ်. ."

"တစ်. . ဟာ. . အလကားဗျာ၊ အိမ်မှာ မဟုတ်လား၊ ဘယ်သူရှိလဲ!"

"မမယဉ်ပဲ ရှိတယ်၊ ကားရှိတယ်. . . ကားမောင်းပြီး ဆေးခန်းပို့ပေးဖို့"

"ကောင်းပြီ. . . ကျွန်တော် အမြန်ဆုံး လာခဲ့မယ်"

အိမ်ကို ပြန်ပြေးသည်။ တီရှပ်ကောက်ဝတ်သည်။ ကားလိုင်စင်နှင့် ပိုက်ဆံအိတ် လက်က ကိုင်၍ အိမ်တံခါး သော့ခတ်သည်။ ပြေးလျှင် ဆယ်မိနစ်ကျော် ကြာမည်။ ရရာတက္ကစီ ဆွဲမည်။ အိမ်ခြံဝအရောက်၌. . .

"ကျွီး. . ."





တက္ကစီ မဟုတ်။ အန်တီမွန် ဆိုင်က ကားလေးဖြစ်နေသည်။ အန်တီမွန်က တံခါးဖွင့်၍ ခြေတစ်ဖက် ချသည်။ သည်လိုပင် ညဘက် အလုပ်များက မနက်မှ ပြန်လာနေကျ။

"အတော်ပဲ အန်တီမွန်၊ သားကို ကွန်ဒိုအမြန်ပို့ပေးပါ၊ သား ပြောဖူးတဲ့ သားကောင်မလေး မေ့လဲနေလို့တဲ့"

"ဒါဆို တက်. . တက်"

နောက်ခန်းထဲ သူက ဖွင့်ဝင်လိုက်သည်။

"ဂျိတ်. . ဂျိတ်"

"မောင်း. . . ကိုထွေး၊ သားလမ်းပြလိမ့်မယ်"

အန်တီမွန်ပါ စိတ်ပူပြီး ပါလာသည်။ ကားပြေးနေစဉ်. . .

"ဘယ်လိုဖြစ်တာတဲ့လဲ သား"

"သူက သားပြောသလို ဝိုးခဲ့ယားနဲ့ နေရတာလေ၊ အခု မေ့လဲကျသွားတယ်လို့ပဲ သူ့သူငယ်ချင်းက ဆက်တာ၊ ဆေးခန်းပို့ဖို့ ကားမောင်းပေးမယ့်သူ မရှိဘူးတဲ့၊ အစ်ကို. . . ရှေ့မှာ ဘယ်ကွေ့"

"ကျွီး. . ဝူး. ."

"ဟိုရှေ့က ကွန်ဒိုပဲ၊ ညာဘက်အပေါက်ကဝင်၊ ရပြီ. . . ရပြီ၊ အဲ့ဒီရှေ့မှာရပ်"

နှစ်ယောက်လုံး ကားပေါ်က ဆင်းရင်း အန်တီမွန်က. . .

"ကိုထွေး. . . ခဏစောင့်ပေးနော်"

"ရတယ် မမလေး၊ အကူအညီလိုရင် ကျွန်တော်ရှိတယ်"

ဓါတ်လှေခါးနှင့် လေးလွှာသို့ တက်လာကြသည်။

အခန်းဝကနေ စိမ့်သူမျက်နှာ ဖြူဖပ်ဖြူရော်နှင့် ထွက်ကြို



www.burmeseclassic.com

www.burmeseclassic.com

နေသည်။

ဆိုဖာ ရှည်ပေါ်တွင် နာကျင်လွန်း၍ထင်၊ ချွေးတွေ ပျံပြီး တအင်းအင်း ညည်းညူလူးလိမ့်နေသောရည်မွန်၊ ဒူးထောက်၍ ချွေးသုတ်ပေးနေ သော မမယဉ်ကို မြင်ရသည်။

သူကောက်ပွေ့ရန် ပြင်လိုက်စဉ် အန်တီမွန်က တည်ငြိမ် သောလေသံနှင့် . .

"ဒီအတိုင်း ခေါ်လို့မရဘူး သား၊ သူ့ကို ကြမ်းခင်းအမာပေါ် ချပေး၊ ဟုတ်ပြီ . . ဆိုဖာပေါ်ကနေ ရှေ့က ကော်ဇောပေါ်ပဲ ချ လိုက်"

သာသာယာယာ သူပွေ့ချသည်။

ပက်လက်ကလေးဖြစ်နေသည်။

မမယဉ်က ခေါင်းကို ဖုံလေး ခုရန်ပြင်သည်။

"ဘာမှမခုနဲ့ ညီမ၊ ကျောတစ်ပြေးထဲ လိုချင်တာ၊ အဲ . . . ဟုတ်ပြီ . . ရပြီ"

အန်တီမွန် ဒူးထောက်၍ သွေးစမ်းသည်။

ခြေဖဝါးနှစ်ဖက်ကို ကိုင်ကြည့်သည်။

နှုတ်က မှတ်ချက်ချသည်။

"သေချာတယ် . . . ဘယ်ခြေ"

"သူ့ကို မှောက်လျက်သားဖြစ်အောင် သားနဲ့ညီမက လုပ် ပေး၊ ဒီက ညီမလေးက ငရုတ်ကျည်ပွေ့နဲ့ ရေချိုးခန်းက အဝတ်လျှော် တဲ့ လက်ရိုက်တုတ် ယူပေးပါ . . . မြန်မြန်လေး"

တည်တည်ငြိမ်ငြိမ် အမိန့်သံပေးသလို ဖြစ်နေ၍ အားလုံး





နာခံစွာ လုပ်ပေးကြသည်။

ရည်မွန် မှောက်လျက်သား ငြိမ်သက်နေသည်။ မျက်နှာကို ညာဘက်စောင်းလှည့်စေသည်။ ခြေရင်းကနေ ရည်မွန်အနေ အထား တစ်ဖြောင့်တည်းဖြစ်နေစေရန် ဟိုသည် အနည်းငယ် တည့် ခိုင်းသည်။

ပြီးမှ ခြေထောက်နှစ်ချောင်းကို ခြေဖျားက ကိုင်၍ ကွေးပြီး အပေါ်ထောင်သည်။

ဘယ်ဒူးဆစ်စကို အနည်းငယ် နှိပ်နယ်သည်။

တအင်းအင်းညည်းသံ ထွက်လာသည်။

ညာခြေကို ပြန်ချသည်။ စိမ့်သူက လက်ရိုက်တုတ်နှင့် ငရုတ် ကျည်ပွေ့ ကိုင်၍ စောင့်နေသည်။

ဘယ်ခြေဖဝါးကို ကြမ်းခင်းနှင့် ရေပြင်ညီ ထား၍ ခဏနှိပ် နယ်ပေးနေသည်။

"ပေး . . . ငရုတ်ကျည်ပွေ့"

ငရုတ်ကျည်ပွေ့၏အနည်းငယ်ချွန်သော ဖင်ပိုင်းနှင့် ဖဝါး ပြင်ကို ထောက်သည်။

"ပေး . . . လိုက်ရိုက် တုတ်၊ ခြေထောက်နဲ့ခြေဖဝါးကို သား အဲ့ဒီအတိုင်း မိမိရရ ကိုင်ထား . . . ဟုတ်ပြီ"

အသေအချာ စစ်ဆေးသည်။

"ပေါင်နဲ့ခြေသလုံးဟာ ထောင့်မှန်နီးပါး ဒူးမှာ ဖြစ်နေ အောင် ကြည့်စမ်း သား၊ ညီမတို့ ဝိုင်းကြည့်"

"ကိုးဆယ်ဒီဂရီပဲ အန်တီမွန်"



www.burmeseclassic.com

www.burmeseclassic.com

"အိုကေ. . . မလှုပ်စေနဲ့၊ ခြေမကို ပြန်ကော့ချီးထား. . . ဟုတ်ပြီ"

အန်တီမွန်က ဇရုတ်ကျည်ပွေ့နှင့် ထောက်ထားသောနေရာကို ဆတ်ခနဲ ကွာ၍ ခပ်ဆတ်ဆတ်လေး ပြန်ချလိုက်၏။

"အား. . ."

ရည်မွန်ထစ်ကိုယ်လုံး သိမ့်ခနဲ တုန်သွား၏။ ခါးကို ဖွဖွလေး နင်းသည်။

အန်တီမွန်က သေချာပြီဟု ယူဆပုံနှင့် ဇရုတ်ကျည်ပွေ့ကို တည့်တည့်ထောင်၍ လက်ရိုက်တုတ်နှင့် ဒေါင်ခနဲမြည်အောင် ခပ်ဆဆ ထုချလိုက်သည်။

တွန့်ခနဲဖြစ်ပြီး ရည်မွန် ငြိမ်သက်သွားသည်။

နောက်ထပ်နှစ်ချက် ဆက်ထုသည်။

"ပြီးပြီ"

ဇရုတ်ကျည်ပွေ့နှင့် လက်ရိုက်တုတ် ပြန်ပေးလိုက်သည်။ ခြေထောက်ပြန်ချသည်။

"သူ ဆယ်မိနစ်လောက် အိပ်ပျော်သွားလိမ့်မယ်၊ ဒီထက်လည်း ကြာနိုင်တယ်၊ ခဏစောင့်ကြည့်ရအောင်"

အားလုံး ခပ်ကြောင်ကြောင် ဖြစ်နေကြသည်။ အန်တီမွန်က လူနာရှင် ဖြစ်ပုံရသော မမယဉ်ကို ဝရန်တာသို့ မျက်ရိပ်ပြ၍ ခေါ်ထုတ်သွားသည်။

နှစ်ယောက်တည်း ရှိမှပင် ဆလင်းဘက်(ချ်)ထဲက သူမ၏ ကဒ်ပြားကို ထုတ်ပြလိုက်သည်။ မမယဉ် မျက်လုံးအပြူးသားနှင့်





အန်တီမွန်ကို ကြည့်ရင်း. . .

"ဟင်. . ."

ဟုတ်ကဲ့။

"ဟင်" တစ်လုံးသာ ပါးစပ်က ထွက်ကျလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မှားယွင်းရာထူးချခံရရာမှ
ပြန်လည်ရာထူးရသော
အမေရိကန် တရားသူကြီးက..
"ဘုရားသခင်က
မှာသမျှ ခါးသီးမှုများ ခံစားရမယ်" တဲ့။
ယခုဇာတ်လမ်း၌
ကံကြမ္မာဇာတ်ဆရာသည်လည်း
ထိုခါးသီးမှုများ ခံစားရသည့်အပြင်...
မှုးနေပုံလည်း ရှိပါသည်။







## အခန်း(၉)

"မစ္စတာအုပ်ထွေးတဲ့. . . စာပါတယ်ခင်ဗျ"

"လာပြီ ကိုအောင်ညွန့်ရေ လက်မှတ်ထိုးယူရမှာ မဟုတ်လား!"

မစ္စတာ တပ်ခေါ်လိုက်ကတည်းက သိလိုက်ပြီ။ မစ္စတာ ဒေဗီဆီကမှန်း။ စာအိတ်ကိုက ခန့်ညားလှသည်။ NATIONAL GEO-GRAPHIC ရုံးတံဆိပ်နှင့် စာအိတ်ညိုကြီးဖြစ်သည်။ မဂ္ဂဇင်းစာအုပ်အသစ်နှင့် သူတို့အကြောင်း ဆောင်းပါးနှစ်မျက်နှာပါသည်။ Online တွင် တင်ထားပြီးဖြစ်ကြောင်းနှင့် Website လိပ်စာပါ ထည့်ပေးထားသည်။ ဒေဗီက ပုဂ္ဂိုလ်ရေးရာ စာတစ်စောင်လည်း လက်ရေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရေးထည့်ပေးလိုက်သေးသည်။

*ခင်မင်သောမစ္စတာအုပ်ထွေး*

*မှင်း အောင်မြင်မှာပါလို့ ပြောခဲ့တယ်နော်။ ငါ့တစ်ကြိမ်ကို မင်းတို့ဘာသာနဲ့ဆို "ဗျာဒိတ်" လို့ သုံးတယ်ထင်တယ်။ မင်္ဂလာသတင်းပေးမလို့ မစ္စတာအုပ်ရေ၊ တို့အယ်ဒီတာအဖွဲ့မှာ ရုပ်ရှင်နောက်ခံတေး တွဲဖက်တာဝန်ယူတဲ့ ဂျွန်ဝမစ်က မင်းရဲ့ပလွေသံစဉ်နဲ့ ဦးဘဇံရဲ့ Drum ရိုက်ချက်တွေကို အရမ်းကြိုက်တယ်တဲ့၊ မင်းတို့ကိုယ်တိုင် တီးမှုတ်ပေးဖို့ ရုပ်ရှင်ကုမ္ပဏီ စပွန်ဆာနဲ့ ဒီကိုခေါ်ချင်ပါသတဲ့၊ သူ အကုန်စီစဉ်ပါ့မယ်တဲ့၊ သူ့ဂီတ ပညာရှင်တွေကလည်း မင်းကို လူကိုယ်တိုင် တွေ့ဖူးချင်ကြတယ်တဲ့၊ လာခဲ့ကွာ. . . ငါရှိတယ်။*

P.S *အနုပညာကြေး ကောင်းကောင်းတောင်းပါ။*
*မင်းတို့မြန်မာတွေက အားနာတတ်တာ ငါသိလို့။*

*သင့် ဒေဗီ*

"ရပါး. ."

သူ ထခုန်လိုက်သည်ကို အိမ်ရှေ့ဆိုက်လာသော ဝက်ဝွန်ကားထဲက အောင်တင့်က လှမ်းကြည့်နေသည်။ လှမ်းအော်သည်။

"ငါဖုန်းဆက်လိုက်ရမလား အုပ်ထွေး. . . ရွာသားကြီးကို၊ ဆရာလူနာ ပြန်ဖြစ်နေပြီလို့"





"ခွေးကောင် ပီကင်းဘဲ. . မြန်မြန်လာ. . ဒီမှာပြစရာရှိလို့"

"မြန်မြန်မလာနိုင်ဘူးကွ. . . ရှယ်ဧည့်သည် ပါလာတယ်"

"ဟာ. . . စိမ့်သူ ပါလာတာကိုး၊ မြန်လှချည်လားကွာ၊ ဗုံသံမကြား ပတ်သံမကြား ကြေးစည်သံလေးတောင် မကြားရပါဘဲနဲ့လာ. . . ညီမလေး အိမ်ထဲဝင်၊ နင်မို့ဟယ်. . . အကြောက်အလန့်မရှိ ဒီကောင်ခေါ်ရာ လိုက်လာတယ်၊ မတော် ကားတင်ပြေးရင်နင်ဘယ်လိုလုပ်မလဲ!"

"ကြုံးမီးလား. . . ကြုံးမီးလားလို့ ကုန်းအော်လိုက်မှာပေါ့"

"ကားတင်ပြေးဖို့ နေနေသာသာကွာ၊ မျောက်ပြပြီး ဆန်တောင်းလာရတာ"

"ဘာကွ"

"အောင်မာ. . . ကိုတင့်နော်. . . လူကို. ."

"မမဆီက စိမ့်သူကို ပြပြီး ကားသော့တောင်းလာရတာကွ၊ အဲ့ဒါကို ဥပမာက မျောက်နဲ့ဆန်ပဲ ဝင်လာလို့"

"မင်းသမီးပြ ကားတောင်းပေါ့ကွာ၊ ဒါနဲ့ မင်းတို့က ဘယ်လို"

အောင်တင့်က ဂုဏ်ယူသံနှင့်. . .

"မီးညောင်ကောင်းမှုဟေ့. . . ဟိုညက မီးညောင် လာကဲတာ သူက မြင်တယ်လေ၊ ပထမတော့ အထင်လွဲတော့တာပေါ့၊ တစ်ရပ်ကွက်တည်းဆိုတော့ မီးညောင်နဲ့သူနဲ့က သိတယ်လေ"

"စရိုက်မတူပါဘူးနော်. . . ဆိုင်မှာ အလှလာပြင်ရင်း ခင်နေတာပါ"

"အေးပါ. . . သူက အဲ့ဒီအောင်တင့်ဆိုတဲ့လူကြီးကိုသိ



www.burmeseclassic.com

www.burmeseclassic.com



လားလို့ သွားမေးတာပေ့ါ၊ မီးညောင်က အကုန်ပြောတာ. . ဟော့ကောင်၊ ငါ့မကောင်းသတင်းတွေပေ့ါ၊ အသုံးမကျတာတွေပေ့ါ၊ အဲ့ဒါနဲ့ စိမ့်သူ ငါ့ကို ကြိုက်သွားရော"

"အောင်မှာ. . မီးမီးကိုယ်တိုင်က ပြောတာ၊ မီးနဲ့ မီးသူငယ်ချင်းတွေက သူ့ကို ဝင်ရှုပ်ကြတယ်တဲ့၊ သူ့ကကို ရှင်းနေလို့ ရှုပ်မရတာတဲ့၊ ငကဲမ့ ငလန်းမတွေ ပြောတဲ့ အဲ့ဒီအချက်ဟာ အမှတ်ပြည့်ပဲ"

"မင်းတို့ ပြေလည်သွားတာ ဝမ်းသာပါတယ်ကွာ"

"မင်း အခုန ရှူးတဲ့ ရဟူးနဲ့ လက်ထဲက စာရွက်က ဘာလဲ"

အောင်တင့်ကို စာရွက်ပေးလိုက်သည်။ ဖတ်ပြီး ဟေးခနဲထအော်သည်။

"ဟော့ကောင်. . ငါတို့ကော. ."

"မင်းတို့ မပါရင် ငါလည်း မသွားဘူး မလိုက်ဘူးပေ့ါကွ၊ တစ်ဖွဲ့လုံး ခေါ်ရမှာပေ့ါ"

အန်တီမွှန် အိမ်ရှေ့ထွက်လာသည်။

"ကဲ. . . ကလေးတွေ မနက်စာ စားကြရအောင် အားလုံးလာကြ"

"စားရင်း မိတ်ဆက်ပေးမယ် အန်တီမွှန်နဲ့၊ လာ. . . စိမ့်သူ"

စိမ့်သူက ရယ်ချင်စိတ်ကို မျိုသိပ်၍ အန်တီမွှန်ကို မသိချင်ယောင်ဆောင်နေသည်။ အန်တီမွှန်ကလည်း ခုမှ တွေ့ဖူးသလိုပင် ခပ်တည်တည်။

"အန်တီမွှန်. . . ဒါ ကျွန်တော့်အသည်းပူပူနွေးနွေးလေး





လေ၊ စိမ့်သူတဲ့. . . မလှဘူးလားဟင်"

"လှပါတယ်ကွယ်. . . အင်မတန် လိုက်ဖက်ပါတယ်"

"စိမ့်သူ. . . အဲ့ဒါ အုပ်ထွေးရဲ့အန်တီချော အမျိုးကြီးပဲ. . . ဒေါ်မွှန်မွှန်ကျော်တဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ဝမ်းသာပါတယ်ကွယ်. . . အန်တီက တူမတိုးတာပေ့ါ၊ ကဲ. . . ပသျှူးထမင်းကြော်နဲ့ မလေးရှား စွန်တာန်ဟင်းချို အဝစားကြ၊ အန်တီ ရေချိုးလိုက်ဦးမယ်၊ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး စားကြ၊ သားအုပ်ထွေး. . . ကော်ဖီအိုးက မီးဖိုပေါ်မှာနော်"

"ဟုတ်ကဲ့ အန်တီမွှန်"

အန်တီမွှန် ရေချိုးပြီးသားပါ။ ဘယ့်နှယ်ကြောင့် ရေချိုးရဦးမည်နည်း။ အုပ်ထွေး စဉ်းစားရင်း ကျန်ခဲ့သည်။ စိမ့်သူနှင့်လည်း တမြန်နေ့က ရည်မွှန်ကို ပြုစုကုသရင်း သိကျွမ်းပြီးသား။ ခု အောင်တင့် မိတ်ဆက်ပေးသောအခါ ခုမှ မြင်ဖူးကြသလို နှစ်ယောက်သား ပြုမူနေသည်။ ဘာတွေလဲ. . . တစ်ခုခုပဲ။

အုပ်ထွေးစိတ်အစဉ်သည် တမြန်နေ့ဆီ ပျံသန်းသွား၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



မှောက်ခုံကလေး ကော်ဇောပေါ် အိပ်ပျော်နေသော ချစ်သူ၏နောက်စေ့ဘက်မှာ ထိုင်နေမိရာမှ သူ မသိမသာ ကျန်လူတွေကို အကဲခတ်သည်။ အန်တီမွန်နှင့်မမယဉ်က ဝရန်တာတွင် စကားတိုးတိုး ပြောနေကြသည်။ ငရုတ်ကျည်ပွေ့နှင့် လက်ရိုက်တုတ်က ကြမ်းပေါ်မှာ။ စိမ့်သူက မျက်စိသူငယ် နားသူငယ်နှင့် ရည်မွန်ခြေရင်းတွင် ရည်မွန်ခြေသလုံး ဆွဲဖုံးပေးရင်း ငေါင်နေသည်။ စိတ်ပူနေပုံလည်းရသည်။ သူ အသာအယာပင် ရည်မွန်မျက်နှာလှည့်ရာဘက်ကို ခေါင်းရင်းမှ ဖင်ပွတ်၍ နေရာရွှေ့သည်။ ချစ်သူ၏မျက်နှာလေးကို ကြင်နာစွာ စိတ်ပူစွာ ကြည့်ရင်း နဖူးက ချွေးစလေးကို တို့သိမ်းနေမိသည်။ နေပါဦး. . .။

ချစ်သူ ဘယ်ပေါ်ကနေ ဘယ်လိုလဲကျတာလဲ။ ဗိုးချဲယားပေါ်ကလား၊ ခုတင်ပေါ်ကနေလား၊ ဆိုဖာပေါ်ကနေလား သူသိချင်





နေခဲ့သည်။ ခြေရင်းက စိမ့်သူဆီ ဖင်ဒရွတ်တိုက် ရွှေ့ရပြန်သည်။ စိမ့်သူက သူရွှေ့လာပုံကို လှမ်းကြည့်၏။ ခစ်ခနဲ တစ်ချက်ရယ်ရင်း လက်ခုံနှင့် ပါးစပ်ပိတ် ထိန်းလိုက်၏။ သူ လေသံနှင့် ကပ်မေးသည်။

"ရည်မွန်က ဘယ်ကနေ လဲကျသွားတာလဲ!"

"ထမင်းစားပွဲဘေး ရပ်နေရာက"

"ဟင်. . ."

သူက ဟင်ခနဲ အံ့သြသွားမှ စိမ့်သူ သတိရသည်။ ရည်မွန် မတ်တတ်ရပ်၍ ဘယ်လိုမှ မဖြစ်။ အလိမ်ဇတ်တွေ့ တောက်လျှောက်ပေါ်တော့မည်။ မမယဉ်ရှေ့ ထရပ်မိတာတောင် ဘယ်လိုရှင်းရဦးမည် မသိ။

"ဘယ်လို. . ဘယ်လို. . စိမ့်သူ၊ သူရပ်နေရာက လဲကျသွားတာလို့ ပြောလိုက်သလားဟင်၊ သူ ထရပ်နိုင်တယ်လို့ ဆိုလိုတာလား!"

"ဟာ. . . ငရုတ်ကျည်ပွေ့ မသိမ်းရသေးဘူး၊ သွားသိမ်းလိုက်ဦးမယ်နော်"

စိမ့်သူ ဘာမှပြန်မဖြေဘဲ ထလစ်သွားသည်။ သူ့စိတ်ထဲ နည်းနည်းထစ်သွား၏။ အန်တီမွန်က ရည်မွန် ဆယ်မိနစ်လောက် အိပ်ပျော်မည်။ ဒီထက်လည်း ကြာနိုင်သည်တဲ့။ ဆယ်မိနစ်ကျော်ပြီ။ နိုးလိုက်ပါတော့ ချစ်သူရယ်။ သုဝဏ္ဏသျှံ ဇာတ်တော်ထဲကလို သားရွှေအိုးထမ်းလာတာကို မြင်ချင်စမ်းလှပါသည်။

"ကိုထွေး. . " ဆိုပြီး ပြေးများဖက်လာခဲ့ရင်. . .

သို့သော်. . သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com



အန်တီမွန် ဝရန်တာမှ အိမ်ဧည့်ခန်းထဲ ပြန်ဝင်လာသည်။ မမယဉ် ရည်မွန်ဆီ ဝင်ထိုင်၏။ အရေးကြီးဟန်နှင့် သူ့ကို မျက်ရိပ်ပြသည်။ ဝရန်တာသို့ သူ့ကို ပြန်ခေါ်သည်။ ခပ်တိုးတိုး ကပ်ပြောလာသည်။

“ဒီကိုစ္စဟာ အင်မတန် သိမ်မွေ့တဲ့ ဆိုက်ကိုသဘော ပါတယ် သား၊ ဒီလိုရောဂါရှင်မျိုးဟာ အားငယ်သိမ်ငယ်စိတ်က ဖိစီးနေတတ်တယ်၊ သူဒီလိုဖြစ်တယ် ဒီလိုအကူအသခံရတယ်ဆိုတာကို လူမသိစေချင်ဘူး၊ အထူးသဖြင့် သူချစ်နေတဲ့ တစိမ်းယောက်ျားရှေ့မှာ ပိုအဖြစ်မခံချင်ဘူး၊ သူ့အဖေကိုတောင် ပေးသိဖို့ ဝန်လေးနေတတ်တယ်၊ ဒီတော့ ဒီအဖြစ်အပျက်အားလုံးကို ငါတူ မေ့ပစ်လိုက်ရမယ်၊ သူ့ကိုလည်း မမေးနဲ့၊ သားသဘောပေါက်လား”

သူ အူချာချာနှင့် ဟုတ်ကဲ့ဟု ဖော်လို့လိုက်ရတော့သည်။

“ကဲ. . . ဒါဆို သူ မနိုးခင် ပြန်ကြမယ်”

“ဟာ. . . အန်တီမွန်၊ သူပြန်ကောင်းမကောင်း နိုးအောင်စောင့်ကြည့်. . ”

“သူ မသိစေချင်ပါဘူးလို့ ဆိုနေ၊ အကောင်းဆုံးကုထုံးနဲ့ ကုခဲ့ပြီးပြီ. . . မင်းစိတ်ချ၊ လာ. . . ပြန်မယ်၊ ယဉ်ယဉ်. . . မမတို့ ပြန်ဦးမယ်ကွယ်”

“ဟုတ်. . ဟုတ်ကဲ့ မမမွန်၊ ကျေးဇူးတင်ပါတယ်လို့တော့ ခပ်ပေါ့ပေါ့ မပြောတော့ပါဘူး”

“သူနိုးလာရင် မမမွန် ပေးတဲ့ဆေးမှုန့်ကို သူ မသိအောင် ရေနွေးနဲ့ စပ်ပြီး ရေချိုးပေးလိုက်နော်”





“စိတ်ချပါရှင်. . . ဒီကိစ္စကို အားလုံး ရင့်နှုတ်ပိတ်နေကြမှဖြစ်မှာနော်”

သူ ချစ်သူကို လည်တလိမ်လိမ်နှင့် ကြည့်ရင်း အန်တီမွန်ဆွဲခေါ်ရာ ပါခဲ့ရသည့်အဖြစ်။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com



အင်း. . . စိတ်ပူလို့ ဖုန်းဆက်ကြည့်တော့လည်း မမယဉ်သာ ဖုန်းကိုင်သည်။ အခြေအနေကောင်းသည်။ ရည်မွန် နားနေသည်။ ဘယ်သူနှင့်မှ ဖုန်းပြောလိုစိတ် မရှိကြောင်းသာ ယနေ့ မနက်ထိ အကြောင်းပြန်သည်။ သူ သက်ပြင်းရှည်ချရင်း စိမ့်သူနှင့် နှစ်ယောက်ချင်း စကားပြောဖို့ အခွင့်အရေးသာ ချောင်းရပေတော့မည်။

"ဟော့ကောင် အုပ်ထွေး. . . ဘာငိုင်နေတာလဲ၊ ကော်ဖီလုပ်လေကွာ"

"ဩော်. . . အေး"

သူ ကော်ဖီခွက်တွေထဲ နှပ်ထားသောကော်ဖီတွေ လိုက်ထည့်သည်။ သူဆုံးဖြတ်လိုက်သည်။ အောင်တင့်လည်း လူရင်းပဲ။ သူတို့ဘက်သားပဲ။

"ကဲ. . . ညီမလေးစိမ့်သူ၊ အပြင်လူ မသိစေရဆိုပေမယ့်





ငါ့သူငယ်ချင်း နှင့်ချစ်သူအောင်တင့်ဟာ တို့အားလုံးရဲ့အတွင်းလူပဲ၊ ဒါကို နင်လက်ခံလား"

စိမ့်သူ ခေါင်းညိတ်ပြသည်။

"ဒါဆိုရင် ငါ့ဦးနှောက်စားနေတဲ့ကိစ္စတွေ ရှိတယ်၊ ဦးနှောက်ပါ မကပါဘူး နှလုံးသားပါ စားနေတာ၊ ရည်မွန်ရဲ့တကယ့်အတွင်းရေး ရှိလိမ့်မယ်၊ ဟိုတမြန်နေ့က တို့ပြန်ပြီး ဘာတွေဆက်ဖြစ်ကြလဲ၊ နင်သိသလောက် အကုန်ပြောပြဟာ"

အောင်တင့်က ငေးကြည့်၍သာ ငိုင်နေ၏။

"စိမ့်သူလည်း အကုန်ပြောချင်နေတာပါပဲ၊ အံ့သြစရာ အကောင်းဆုံးက အဲ့ဒီနေ့က ရည်မွန် ပြန်နိုးလာတော့ အကောင်းပကတိ ပြန်ဖြစ်နေတယ်၊ လုံးဝကြီး အလန်းပဲ၊ သူလည်း ပေါ့ပါးပြီးအရမ်းအံ့သြနေတယ်၊ အမှန်က အရင်တည်းက အကောင်းနီးပါးပါ၊ အကြောတင်နေတာကလွဲလို့ သူ့ဖေဖေ နှောက်မိန်းမ ယူမှာကြောက်လို့ ဟန်ဆောင် ပိုးလုံချဲ့ယား သုံးနေတာ၊ ဒါကို မမယဉ်က ရိပ်မိနေတာ ကြာပြီလေ"

စိမ့်သူ ကော်ဖီငုံသည်။ ဆက်ပြောသည်။

"ဦးဦးသော်က သူ ငယ်ငယ်က ချစ်ခဲ့ရတဲ့ချာတိတ်မလေးကို ပြန်တွေ့ပြီး အရမ်းပြန်နှပျိုနေခဲ့တာကို မမယဉ် သိတယ်၊ အဲ့ဒီချာတိတ်မ ဆိုတာကိုတော့ ရည်မွန်လိုပဲ မမယဉ် မမြင်ဖူးဘူး၊ ဟင်းဟင်း. . . တမြန်နေ့က အိမ်ပေါ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာမှ ဒက်ထိမြင်ဖူးတာ၊ အန်တီမွန်ကလည်း ကိုကိုသော်မှာ သမီးရှိတယ်ဆိုတာ သိတယ်. . . မမြင်ဖူးဘူး၊ ဒီကွန်ဒိုမှာ နေမှန်း သိတယ်



www.burmeseclassic.com

www.burmeseclassic.com



မရောက်ဖူးဘူး၊ ရည်မွန်ကို ကုသပြီးမှ ဂေါက်သီးဆုယူနေတဲ့ ဦးဦးရွှေသာ် ခါတ်ပုံကို တွေ့သွားတာ၊ ဒါကြောင့် သူ ဘယ်သူဆိုတာ မမယဉ်ကို ပြတာ၊ မမယဉ်ကလည်း အိမ်တွင်းရေးအကြောင်း အကုန်ဖွင့်ပြောလိုက်တယ်၊ ဒါကြောင့် အန်တီမွန်က သူနောက်ဆုတ်ပေးတာ အကောင်းဆုံးလို့ ဆုံးဖြတ်ပြီး သူလာကုပေးတာကို လျှို့ဝှက်သတင်းမှောင်ချလိုက်တာ"

အောင်တင့်က. . .

"ဟာ. . . အုပ်ထွေး၊ မင်း ကြားထဲက မြေဇာပင် ဝင်ညှပ်တာကွ"

"ဖြစ်ချင်တော့ ရည်မွန်ကိုယ်တိုင်က မသိတစ်ဝက် သိတစ်ဝက်နဲ့ ရှိနေခဲ့တယ်၊ သူ ပကတိ ပြန်ကောင်းသွားတာဟာ အလိုလိုလဲကျ. . . အလိုလို ပြန်တည့် အကောင်းပကတိ မတော်တဆ ပြန်ရတာပါဆိုတဲ့စကားကို မယုံဘူး၊ တစ်ယောက်ယောက် လာကုတာ၊ သူ့အဝါလေးလည်း ပါတယ်တဲ့၊ အသေအချာကို ပြောတော့တာ၊ နောက်ဆုံးတော့ မမယဉ်က ဝန်ခံလိုက်ရတယ်၊ ဟုတ်တယ်. . . အုပ်ထွေးနဲ့သူ့အန်တီ လာကုသွားတာ၊ နှင် ဖုင့်ပေါ်ခေါင်းပေါ်နဲ့ ရှက်မှာစိုးလို့ မပြောတာဆိုတော့မှ. . . ဟာ. . . ရည်မွန့်ကျေးဇူးရှင်တဲ့၊ ရည်မွန့်ဆံဖျားနဲ့ အန်တီ့ခြေဖမိုးကို ဦးခိုက်ရမှာတဲ့၊ သူ့ဖေဖေချာတိတ်မှန်း ရည်မွန် မသိသေးဘူး၊ ဟော. . . ကားသံကြားတယ်၊ ရည်မွန် လာကန်တော့တာ"

"ဂျိတ်"

ကားတံခါးပိတ်သံနှင့်အတူ အလှဆုံး ဝတ်ဆင်ထားသော





ရည်မွန် ကားတံခါးကို ကျောမှီရပ်နေသည်။ လက်ထဲတွင် ကတ္တီပါအနီနှင့် ပက်ကင်ထုပ်ထားသော ဖဲပြားချည် အထုပ်ကြီးတစ်ထုပ်နှင့် အိမ်ပေါ်က လူတွေကို လှမ်းကြည့်နေသည်။ ပြီးမှ ဆင်မယဉ်သာ ခြေလှမ်းနှင့် ပြုံး၍လှမ်းလာသည်။

ကမ္ဘာပေါ်တွင် အယဉ်ဆုံး၊ အလှဆုံးခြေလှမ်းများဟု အုပ်ထွေးကတော့ ထင်လိုက်သည်။ အိမ်ပေါ် တက်လာသည်။ ဧည့်ခန်းအဝင်၌ ဖိနပ်ချွတ်သည်။ ခြေဗလာနှင့် ဖယောင်းပုဆိုးပေါ် လျှောက်လာသည်။

ဧည့်ခန်းဝတွင် ဒူးဖုံးစကပ်နှင့် အပ်ထူးသူနာပြု(အပြည်ပြည်ဆိုင်ရာ)ဝတ်စုံနှင့် ရပ်နေသောအန်တီမွန်ဆီ ဦးတည်ချဉ်းကပ်လာသည်။ အန်တီ၏ခြေအိတ်ဝတ်ထားသော ခြေဖမိုးရှေ့တွင် ပုံ့ပုံ့လေး ထိုင်ချလိုက်သည်။ ကတ္တီပါပက်ကင်ထုပ်ကို အသာချသည်။ အန်တီ၏ခြေဖမိုးကို လက်အုပ်ချီ၍ ရှိခိုးသည်။ ပြီးမှ နှစ်ဖက်ကိုင်၍ နဖူးနှင့် သုံးကြိမ်တိုက်သည်။ မျက်ရည်များနှင့် မော့ကြည့်လာသော ရည်မွန်၏အပြုံးမျက်နှာကို အန်တီမွန် မျက်ရည်မျက်လုံးနှင့်ပင် ငုံ့ကြည့်ရင်း နဖူးပြင်လေးကို ဖွဖွသပ်သည်။ ပါးစပ်က. . .

"ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာပါစေကွယ်
ခန္ဓာကိုယ်ကတော့ တစ်သက်လုံး ကျန်းမာပြီ. . .
သမီးရဲ့စိတ်တစ်ဘဝစာ ကျန်းမာအောင်လည်း
အန်တီ ကုသပေးဖို့ လိုအပ်တယ်လို့ ဆုံးဖြတ်ပါတယ်. . .
ဒီညနေ ရှန်ဟဲပြန်မယ့် တရုတ်သမားတော်အဖွဲ့ရဲ့အလ



www.burmeseclassic.com

www.burmeseclassic.com



ခန့်စာကို အန်တီ သွားလက်ခံလိုက်ပါတော့မယ်၊ ဆီဒိုးနားမှာ သူတို့ စောင့်နေတယ်၊ အပြီးနှုတ်ဆက်ခဲ့ပါတယ် သမီးရယ်"

အန်တီမွန်က လိုက်ကာနောက်တွင် ထောင်ထားသော သူမ၏ဘီးတပ်ခရီးဆောင်အိတ်ကို လှမ်းဆွဲ၍ ခြေတစ်လှမ်း လှမ်းထွက်သည်၊ ရည်မွန်က မထင်မှတ်စွာ အန်တီမွန့်ခြေထောက်နှစ်ဖက်ကို သိမ်းကြုံးဖွေ့ဖက်လိုက်သည်။

"ဘယ်မှမသွားပါနဲ့တော့ အန်တီ၊ သမီးလို လူမမာလေးတွေ ဒီမှာ အများကြီးရှိပါတယ်၊ ဒီနိုင်ငံမှာ အန်တီရှိနေသင့်သလို သမီးတို့အိမ်မှာလည်း အန်တီလို မေမေတစ်ယောက် ရှိနေသင့်ပါတယ်၊ သမီး သမာသမတ်ကျကျ မျှမျှတတ တွေးခေါ်တတ်ပါပြီ၊ အတ္တကြီးတဲ့သမီးကို ခွင့်လွှတ်ပါ"

ပြောပြောဆိုဆို ကတ္တီပါအုပ် ပက်ကင်ထုပ်ကို ဖြည်သည်။ ဖြူဖွေးနေသော သတို့သမီးဝတ်စုံတစ်စုံ ထွက်လာသည်။ အန်တီမွန် နှစ်လိုဖွယ် ပြုံးသည်။ ရည်မွန်က ဖွင့်ထားသောအန်တီ မွန်ရင်ခွင်ထဲ ဝင်လိုက်သည်။ နွေးခနဲနေတော့သည်။

"ဟော့. . သမီး. . ဖေဖေ့ဖို့လည်း ရင်ခွင့်ချန်ဦးလေ"

ကတ္တီပါဘူးနီနီလေး ဖွင့်လျက်သားကို ကိုင်တက်လာသော ဦးကောင်းသော်၏မျက်နှာက ပျော်ရွှင်ခြင်းကြီးလွှမ်းသဖြင့် ပြုံးဖြီးဖြီးကြီး ဖြစ်နေ၏။ ရည်မွန်က လက်စွပ်ကို ယူ၍ အန်တီမွန် လက်သူကြွယ်တွင် ကွက်တိဝတ်ဆင်ပေးလိုက်သည်။ ဦးကောင်းသော်က သမီးရည်မွန်လက်မောင်းကို ဆွဲ၍ အန်တီမွန်ရင်ခွင်ထဲက ထုတ်သည်။ ဟိုဘက်နည်းနည်း တွန်းလိုက်သည်။ အုပ်ထွေးက လက်ကား

BURMESE CLASSIC .com



၍ စောင့်နေသည်လေ(ကိုးဆယ်ဒီဂရီ ကားထားသည်။)

ရည်မွန် ကားထားသော အုပ်ထွေးလက်နှစ်ဖက်ဆီ ရှက်ရှက်ရွံ့ရွံ့ တိုးကပ်နေစဉ်. . .

"ရှက်မနေပါနဲ့ သမီးရယ်၊ ဖေဖေ့ထောဇာလှမ်းရေး ဆုကီလေး အကုန်ပြောပြီးပြီ"

ရင်ခွင်ထဲ ဝင်လာသော. . အဲ. . ရင်ခွင်ထဲ လှမ်းဝင်လာသောချစ်သူကို တွေးပိုက်မည်ဟု လက်အဝိုက်တွင် ထွန်းစန်းနှင့် ဝီးကြက်က. . .

"ဟော့ကောင်. . . ထောင့်မှန်မကျဘူး၊ မင်းလက်နှစ်ဖက်လုံးတို့ ဖမ်းတယ်ကွာ၊ ခဲဖိုး. . နှစ်ထပ်ကွမ်းပေး"

"ဟော့ကောင်တွေ. . . လွှတ်ကွာ. . ပီကင်းဘဲ"

လို၍မရခြင်း ကင်းပါစေ...

www.burmeseclassic.com

www.burmeseclassic.com

## "စာကြွင်း"


ဖတ်ပေါင်းခန်းကို သိနေသောရဲဘော်ကြီးက နောက်နေ့ သူ့ဆိုင်ကို ဆိုင်းဘုတ်အသစ် တင်ထားသည်။

"ထောင့်မှန်စံထောင်နေသော ပီကင်းဘဲ"

ပါတဲ့။




BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com